သူမ၏ အသောက်မှာ
ထူးဆန်းထူးကဲရှိသည်

မိန်းမဖြစ်ပြီးနောက် အသက်မှုသည့်
မာဂရက်သက်ချာထံ စပြောသည့်ပြီ၊ ထက်ဆ
နှင်းဆက်ကြွယ်၏ သူမကို ပထမဆုံး စောင်
ရှိဖြစ်၊ဖြစ်သည်။ သောင်းစာမျှမကလည်
စောင်မြင်ကျော်ကြားသူများ၊ စနောက်ထ
ထိုက်ကြသည့် ထုံးစံတိုင်း မှတ်သက်ချ
အကြောင်းကို မှန်နှင့်ရေးသားထားကြသည်
သူမ၏သဘောထား သူမ ကြိုက်နှစ်သက်သေ
စာပေစာလေးများအကြောင်း၊ ရေးမှတ်ခဲ့ေ
နည်းသို့စဉ်ယဉ်ချိန်မသည်၊ ဇာနည်ရဲ့မှ
ပစ်ယက်၍ သူမ၏ စတိုင် စသည်ဖြ
မာဂရက်မစ်ချယ်အကြောင်း၊ ထိုကောင်
ရေးမှုကို ရေးသား ဖော်ပြချက် လူအများ
စိတ်ဝင်စားမှုကို ဆွဲဆောင်နိုင်ခဲ့လေသည်။

ဇာနည်ရဲ့နှင့်ပတ်သက်သော ထပ်မြ
ချက်ကို ပြောရာတွင် မာဂရက်မစ်ချယ
"ကျွန်မကတော့ ဇာနည်ရဲ့မှာ ထိုင်စင်တယ်
ပျော့ဆတယ်၊ အစွမ်းထက်တဲ့ သတ်နက်ဆိုတ
သူ့ဆီမှာရှိရင် ကိုယ်ဆီမှာလည်း ရှိမှာပဲ ဆ
တာမှုမယ်" ဟု ပြောခဲ့ရာ "ဇာနည်ရ
ဆန့်ကျင်ဖက် ဖြစ်ချင်စရာ" စသည်ဖြင့် ဓ
သဘောအဆောင်သော လှုံဆော် အပြောအဆို
ပေါ်ထွက်လာသည် ခုနစ် ဖြစ်နှစ်ဝင်အချိန်ပို
သူမ၏ အသောက်မှာ ထူးဆန်းထူးကဲရှိသည်

ထို့နောက် မှာကြောင့် သန့်စ
မျက်မမြင်ရန်ပုံ ငွေအဖွဲ့ကြီး၏ ဆရာ
ခန်းမဆောင်တွင် ရုပ်ထယ်တာထွေနှင့် ဆော
ပွဲလုပ်မှာ ထိုနှစ်အတွက် အကောင်းဆုံး
ကာနိုးသဝီရကြောင်းဆေးသက်ကို ပေးအပြ

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984
http://myanmarebooksfree.blogspot.com

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



မိတ်ကြား ပေးသည်။ ဟင်ရီကြက်စေယာက်တွင် မှတ်သက်ရှုပ်ခင်းသည်၊ ချန်းခွ ရှုပေါင်း ရည်ရွယ်ကြိုက် တင်ရောက်သွားမည့်သမီးရည်းသည်ကတော် ဘုရား နိုးသည်။

ယောအကြိုပွဲမှာသည့် ဇိမ်ခံ ဝန်ကြုံကိစ္စကိုင်းဆိုင်မင်းများကို ထုတ်ဖော်ကြရန် ပင်ကြောင်ငြင်းမှု၌ အသီးသီး ပြောကြရသည်။

“မှင်ဟာ ခုတို မိသိမ်းမှုအပေါ် မာဝရှင်သက်ချာပြန်ပေးတဲ့ရှင် ထုတ်ပြ ဆောင်ရွက်ခဲ့သလဲ၊ ရှင်ရဲ့ စိတ်ကူးအိမ်မက်တွေအတွက်ရှိခဲ့ရင် ပြောပြပါ”

ဟုမေးသော မေးခွန်းကို မှတ်သက်ချာက သူမသည် “Anna and the King of Siam” “အင်နာနှင့်ဆိုင်မ်ဘုရင်” ဇာတ်ကားကို ဆယ်ကျော်သက်အရွယ် ကတည်းက အင်နာလီယိုနိုဝင်း (Anna Leonowens) ဖြစ်ချင်ကြောင်း ပြောကြားခဲ့သည်။

ဇာတ်ကားက အင်နာသည် ရည်မှန်းချက်ရှိသည်၊ ထိုရည်မှန်းချက်ကို အကောင်အထည်ဖော်ရန် ထိုင်းနိုင်ငံသို့ သွားရောက်ခဲ့သည်။ အင်နာကြောင့် ထိုင်းလူမျိုး မျက်စိပွင့်ခဲ့ရသည် ဟု မှတ်သက်ချာက ပြောသည်။

မာဝရှင်သက်ချာ၏ စိတ်ကူးအိမ်မက်တွင်က အင်နာသည် မြန်မာ ဖော ရည်မှန်းချက်အောင်မြင်ရေး အတွက် ဘာကိုမဆို ရင်ဆိုင်ရန် သန္နိဋ္ဌာန်ချခဲ့ ပြီးသည်။ ရည်မှန်းချက် အောင်မြင်ရေးသော အခါ ဟုဆော ခံယူချက်ကို မာဝရှင်သက်ချာတွင် တွေ့ရတော့အပေါ်မှ ပေါ်ပေါက်ပေါ်လာပြီး ရပ်တည်ရွင် ထားခဲ့ရပေသည်။

http://myanmarebooksfree.blogspot.com

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



ပထမဆုံးလွှတ်တော်တက်သည့်နေ့ ဝါရင့်နိုင်ငံရေးသမားကြီးများက
ကြိုဆိုခဲ့ကြသည် ၁၉၅၉



ဒုတိယယန်ကြီးတာဝ ၁၉၆၁

http://myanmarebooksfree.blogspot.com

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

## (၆)

# ဒုတိယဝန်ကြီးအဖြစ်သို့

ဖာရက်သက်ချာတို့ မိသိမ်ထဲ ဝင်ရောက်ခဲ့သည့် ၁၉၅၉ ခုနှစ်မှ "၅၉ အတန်းသားများ" (Class of 59) ဟု ရည်ညွှန်းခေါ်ဆိုကြသည်။ ဟာရှက်နှင့် ထပ်တူပင် မိမိနှင့်အပေါင်းအဖော်များသည် နောင်တစ်ချိန် ဗြိတိသျှမိသိမ်တွင် အရေးပါသူများဖြစ်လာကြသည်။

၁၉၅၉တွင် ဟာရှက်သက်ချာသည် နယ်ချဲ့ကြီး ဂုဏ်ဆောင်မှုကို ဖိနှိပ်မှုတွင် ထုံသတိကျ၍ မိမိခြားနားမှု သတင်းစာများတွင် ဓမ္မဆောင်ကောင်း ကြောင့် သတင်းများပါလာလေ့ရှိသည်။ ဗြိတိသျှနိုင်ငံရေးလောကတွင် နိုင်ငံရေး သမားဟူသည် သတင်း ဆောက်မပြတ်ရ လူအများ၏ မှတ်မိနေစေရမည်ဟု ထိုကာလကြွေးကြော်ခဲ့သော ဆိုရိုးစကားရှိသည်။ နိုင်ငံရေးသမားတစ်ယောက်၏ အကြောင်းကို အကောင်းပြောပြော အဆိုးပြောပြော လူတွေပါးစပ်ဖျားမှာ ပြောနေမှ ထိုနိုင်ငံရေးသမား ရှင်သန်သည်ဟု ဆိုကြသည်။ ဟာရှက်သက်ချာတွင်တော့ ထူးခြားစွာ အတိုင်းသောက်အတွက် အကောင်းဆိုးမြစ်ပေသည်။

ဟာရှက်သက်ချာသည် ကလေး အဝတ်အစားတော်ချာနှင့်ပြဲလို့ ဓနရှ ရှိထိုသည်။ ၁၉၅၈၏ ကျောင်းဝင်ငံ့မှုသည် ပုံမှန်ပေါ်ထွက်မှုထိသင့်ကြောင်း ဆောင်ရွက်ပေးလေ့လေ့ ပုံကျကျနေလေ့ ထောက်ပံ့ပေးမှု ကလေးများသည် ကျန်းမာကြမည် မြစ်ကြောင်း မှတ်ချက်ပေး ပြောသည်။ ကလေးများကို ဆေးမှုတိုက် ကျောင်းသားကလေးများအားလုံးကို ကလေးများအကြိုက်၊ မိဘများ

ဆကြိုက် ပြောဆိုကြခြင်းဖြင့် မာဂရက်သက်ချာ၏ ဝါဒကို သဘောပေါက်ကာ နေရာပေးကြ ထည့်သွင်း ဆော်ဩ ခဲ့ကြသည်။

ထို့အပြင် ကလေး မိဘဆရာများ၊ ကျောင်း ဝင်စုံများအတွက် အခွင့်အရေး များသည် ရရှိခံရမည်။ အထောက်အပံ့များအတွက် ဖေရ သန့်သန့်ရှင်းရှင်း ရှိစေရမည် စသဖြင့် မာဂရက်သက်ချာ၏ တိုက်တွန်းမှုကားများကိုလည်း သဘောတူပေါင်း ပရိသတ်က သဘောကျကြသည်။

မာဂရက်သက်ချာ ဂုဏ်ပြုလွှာ၌ ဖြို ထားရှိရာတွင် ပွဲခင်းအတွင်းဝယ်ပါတိုင် အလက်များ ကြားမှာပါ ထုမကို သဘောထားဖြစ်ကြသည်။ အထူးသဖြင့် တရားမဲ့ကျော့တွင် ရိုက်နှက်ပြုမိသော (Corporal Punishment) ကို ဖြန်ထည့် ထားရှိရန် မာဂရက်သက်ချာ၏ အောင်ဆို့နိုင်ခြင်း အထူးအောင် အများရေးဘုရား ပြုခဲ့သည်။

မာဂရက်သက်ချာက ရိုက်မှုများကို ဆိုးသွမ်းလူငယ်များက အများဆုံး ကျူးလွန်သည်ဟု ထောက်ပြသည်။ ဆိုးသွမ်းလူငယ်များသည် စာပြု ကျူးလွန်ရမည်ဆိုတာ ဆကြွိမ်မကော် သို့သော် သူတို့၏ရိုက်နှက်ခံရသူများမှာ စိတ်ဓာတ်ကျပြီး စိတ်ရောဂါကြသည်။ ဆိုးသွမ်းလူငယ်များကလည်း လူတစ်ဦးအား နှလုံးနာစေအောင် ထုဖိနှိပ် ရာသည့်အပေါ် ပေါ်ပေါက် ဖယ်ထုတ်ကြသည်ဟု မာဂရက်သက်ချာက မိမိနှင့်အတူ ပါလာသူများအားတွင် တင်ပြ ခဲ့လေသည်။

“ဆိုးသွမ်းလူငယ် ရာဇဝတ်ကောင်များကို ဖမ်းဆည် ထုတောင်ရေး စခန်း လူငယ်ပြုပြင်ရေး စခန်းများသို့ ပို့ရမည်။ သူတို့အတွက် ပြစ်ဒဏ်မှ

“ဆိုးသွမ်းလူငယ်
ရာဇဝတ်ကောင်များကို
ဖမ်းဆည်
ထုတောင်ရေးစခန်း၊
လူငယ်ပြုပြင်ရေး
စခန်းများသို့
ပို့ရမည်။
သူတို့အတွက်
ပြစ်ဒဏ်မှာ
ထောင်ချုပ်ချ
သို့မဟုတ်လျှင်
ကြိမ်ဒဏ်ပေးရမည်။
ဆိုးသွမ်းသူကို
မြင်မြင်ချင်းထက်
နောက်ကြည့်အောင်
ပြစ်ဒဏ်ပေးရမည်။
အများပြည်သူကို
အကာအကွယ်
ပေးခြင်းသာ
ရာဇဝတ်ကောင်ကို
ဖမ်းဆည်ထုတောင်
ပေးခြင်းထက်
ပိုအရေးကြီးသည်”

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



ထောင်ချုပ်ချ သို့မဟုတ်လျှင် ကြိမ်ဒဏ် ပေးရမည်။ ဆိုးသွမ်းသူကို ဖြောင့်ဖြောင့်ထောက် နှုတ်ကြည့်ဆောင် ပြစ်ဒဏ်ပေးရမည်။ အများပြည်သူကို ထောက်ကူအကူညီပေးခြင်းက ရာဇဝတ်ကောင်ကို ပြုသည့်တူညီသောပြစ်ဒဏ် မှီပေးရပြီးသည်"

ဟု မက္ကာသက်ချာ၏ ပြတ်သား ပြင်းထန်သော ထင်မြင်ချက်ကြောင့် ရှုံ့အားဖေးတော်ပါထိထိမှလင် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ ဤကိစ္စကြောင့် ဦးစီးသူ နိုင်ငံရေးနှင့် ဥပဒေအတော်တွင် စိတ်ဓာတ်ပြုပြင်ရေးသမားများ (Moralists) နှင့် အကြောင်းကျိုးဆက်စွယ်ပြုသမားများ (Causalists)တို့အကြား အငြင်းပွားမှုများ ပေါ်ပေါက်လာခဲ့သည်။ Moralists များကို 'ဘုရားပြုမည့် ဆုတ်နိုင်ရား' ဟုခေါ်၏ သူတို့က လူဆိုးများ ရာဇဝတ်ကောင်များကို လူ့လူချင်း စာနာစိတ်ဖြင့် သည်းခံ ခွင့်လွှတ်ရမည်။ သူတို့ဆိုးသွမ်းခြင်းမှာ အသိပညာ အတတ်ပညာ မရကြ၍ဖြစ်သည်။ သူတို့ကို မှား မှန် ကောင်း ဆိုး ခွဲခြားနိုင်သော အသိပညာ အသက်မွေးဝမ်းကျောင်းနိုင်သော အတတ်ပညာများ သင်ပေးလျှင် အသိတရားရပြီး လူကောင်းများဖြစ်လာမည်။ လူဆိုးအရေအတွက်ကို လျှော့ချနိုင်သော လူဆိုးအရေအတွက်ကို စာကျိန်ပြုလာကြမည်ဟု ဆိုထင်ကြသည်။

အကြောင်းကျိုးသမား (Causalists) များကမူ ရာဇဝတ်မှုကျူးလွန်သူ များထက်အရှိန်း စာနာစိတ်နှင့် မကြည့်ဘိမ်း ဆန့်ကျင်သော အတန်းများ အကြိမ်ကြိမ် ဖြစ်ပွားမှုအတက်က ဆိုးကျိုးကို ပေးက ထောက်ခံသည်မှာ ခံစားရမှုရှိသည်။ မက္ကာသက်ချာသည် Causalists များထဲတွင် ပိုမို၍ ရေပန်းစားလာခဲ့သည်။ သို့သော် သူ၏ ဆုံးဖြတ် တင်းကျပ်သော ဆိုးသွမ်းလူပသည်များကို ပြုလုပ် လူ့ထောင်ရေးမှတ်ဂဲ ထောင်ဒဏ်နှင့်ကြိမ်ဒဏ်ပေးရန် အဆိုပြုချက်မှာမူ လေးလံပြင်းထန်လှ ပြစ်မှုနှင့်ထိုက်တန်သောပြစ်ဒဏ်များ ပေးသွားရိုးကိုမူ ထိထိမိမိတော်မပေါ်က လက်ခံခဲ့သေသည်။

ထိုကိစ္စပြီးသော့လည်း မက္ကာ သက်ချာသည် ငြိမ်ငြိမ်နေနဲ့ နောက်ထပ် ဆောင်းပါးတစ်ပုဒ် ထပ်ရေးပြီးသည်။ အခြား ပါလီမန်အမတ် (၂၀) ခန့်နှင့်အတူ နိုင်ငံရေး ခရီး လှည့်လည်ကာ ဗြိတိန်မှ ပြည်ပသို့ ဝိုက်နံများ တင်ပို့မှုကို ဆန့်ကျင်ရေးနှင့် အလုပ်သမား များ၏ ထွေးပေးသင့်ကြောင်း လှုံ့ဆော်ခဲ့သည်။ ထိုနှင့်က ကုန်သွယ်ရေးလာတ်အဖွဲ့ ဥက္ကဋ္ဌ မစ္စတာချုပ်ရီမို့ယင်ဖော်ဒေသင်၏ ဆန္ဒကြားချက်ကို ထိုနိုင်ပြီး ကွင်းဆက်လှုပ်ရှားမှုနှင့်ပြုခဲ့သည်။ သူတို့နောက်မှာကို

http://myanmarebooksfree.blogspot.com

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



မေးပေါ်ဖူးမယ် သတင်းစာက 'မဟာစေတင်ဖေ
တိုက်ပွဲဝင်သူရဲကောင်းများ' ဟု နာမည်ပေးခဲ့သည့်
သတင်းစာများတွင်လည်း၊ သူတို့၏လှုပ်ရှားမှု
အကြောင်း ရေးစဉ်ရှက်ဆက်ပါလာသည်။

နာမည်ကျော်သောအသော မာဂရက်သက်ချ
ကို ရုပ်မြင်သံကြားမှာက ဖိတ်ကြားပြီး ဖိုးလွှ
လူငယ်နှင့်မြို့ဆက်ဆံမှု ယခု ပြည်ပိုက်ကုန်မို့
ပတ်သက်၍ မေးမြန်းခန်း နိုက်ကူးထုတ်လွှင့်
ခဲ့လေသည်။ သို့ဖြင့် ကိုယ့်ပုံပါလူမှုမယ် ထောမ
တမ်းနိုင်ငံလုံး၏ မျက်စိဖောက်၍ ရောက်ရှိခဲ့လေ
သည်။

မျက်သတ်ရှုသည် လူအများ စိတ်ဝင်စား
စေသော အကြောင်းကိစ္စများနှင့် ပတ်သက်၍
ပါဝင်ဆွေးနွေးခွင့်ရကြပြီ သူ၏ နိုင်ငံရေးတက်ဝင်
အတွက် ထမ်းခင်းပေးလေသို့ ဖြစ်ခဲ့သည်။

ရုပ်မြင်သံကြား အသံလွှင့်သည့် ထေ
ပုသင် ဧဟာအဘေက် မျက် ထိုးနှင့်ကိုက်နှင့် ကြည့်
စောင်းစွဲ့တွင်ဆောင်တွင် သတင်းတကူးထင်ရှိတင်
ပြုလုပ်ခဲ့ရလေသည်။

အကြောင်းအရာမှာ ရှင်လင်ဖို နှင်းလေ
ပါးထင်စောင် အထပ်မြင့် တိုက်ခန်းများတွ
နေထိုင်ကြသော မှုထောင်းဖြို ကျောင်းသ
ကလေးများ၏ လိုအပ်ချက်များနှင့်ပတ်သက်သေ
ပါထွင်းထောင်ခုတော်ပါ အမျိုးသမီးမယ် နှင့်
ချမ်းကို သတင်းစထောက်များက ပေးမြ
ပြီးသည်။

မျက်သတ်ရှုက အထပ်မြင့် တိုက်ခ
များနေ ကလေးသူငယ်များသည် ရုပ်ပိုင်းဆိုင်

အထပ်မြင့်
တိုက်ခန်းများနေ
ကလေးသူငယ်
များသည်
ရုပ်ပိုင်းဆိုင်ရာ
အနှုတ်ထက်
ကြီးမားရုံမက
စိတ်ပိုင်းဆိုင်ရာ
မှာလည်း
ထိခိုက်မှုများရှိ
ကြောင်း။
လူမှုဆက်ဆံရေး
အားနည်းခြင်း၊
တစ်ကိုယ်ကောင်း
ဆန်ခြင်း၊
ထက်သန်း
ချက်ခါကို စိတ်များ
ကိုလျှော့ခြင်းတို့ကို
စိတ်ပညာရှင်း
အဆို ဆမိန့်များကို
ကိုးကား၍
ရှင်းပြသည်

http://myanmarebooksfree.blogspot.com

အရှုပ်ရယ် ကြီးမားမှုက စိတ်ဒိုင်ခိုင်ရာမှာတည်း ထိခိုက်မှုများကိုကြောင်း ရှုမြင်သုံးသပ်ရေးအားမှည့်ခြင်း။ တစ်ကိုယ်ကောင်းဆန်ခြင်း၊ သက်သေခံ ချက်အထိမ်းအမှတ်များ တို့မှတ်ခြင်းတို့ကို စိတ်ပညာကျွမ်းကျင်သူတို့ကဲ့ရဲ့ နိုင်ပြည်။ ထို့ကြောင့် ကလေးများအတွက် အလေ့ကျင့်တိုက်ခန်းမှုများတွင် အရှုပ်ထွေးကင်းစေသော ဝန်ထမ်းများ ထားရှိပေးရမည်။ သို့မှသာ ကလေးများ ဝန်ထမ်းထွက်လျှင် ထိန်းကျောင်းနိုင်မည်။ ဝန်ထမ်းထွက်ပေါက်ခြင်းကြောင့် မြို့ပ ဆောင်ချက်ကို မပြတ်ကြည့်ရှုနိုင်မည်။ မြင်ပလ္လာများနှင့် မဖိနှိပ်ခံရမည်ဟု ဖူကာသက်ချာက ပြောသည်။ ထို့ပြင် အလေ့ကျင့်တိုက်ခန်းများမှ ကလေးများ ဆောင်ခံစေပြီး ကျယ်ကျယ်ပြန့်ပြန့် ကစားနိုင်ရာရှိသော ကစားကွင်း များ ထောက်ပံ့ပေးရမည်ဟု ဆိုကြသည်။

ဖရက်သက်ချာ၏ ရှင်းလင်းပြောကြားချက်များကို သတင်းစာဆ ရာဇာဝင်များက အလွန်သဘောကျကြသည်။ သူ့ကို စိတ်ကျေနပ်သမိုက်ရှိသူ ပြောဆိုချက် အကြောင်း ပယ်ရှားနိုင်မည်ဟူ၍ အလေးဖြင့်ဖော်ပြကြသည်။

မကြာမီ ခုနစ်လခန့်အတွင်း ရွှေ့ပြောင်းသည်။ ဒုတိယ နှစ် ဧပြီလထိုက လမ်း ဝင်ကြီးချုပ် ပထမိုက်ပုဂ္ဂိုလ်က ထောင်တိုက် မြင်သဖြင့်စိုးရ ဖူကာသက်ချာသည် အကြိမ်တစ်ထောင် အမျိုးသားစာပေပေါင်းနှင့်ကြီးကြွား နားထောင်ကြ ဖြစ်လာသည်။ ဝတ်ပတ်ကြီး မြင်လာသဖြင့် ပလ္လင်ပေါ် အောက် ဖွဲ့စည်းမှု ပေတေကောင်းကောင်းမွမ်းမြင်မည်။

သူမသည် ပါလီမန်အမတ် ဖော်ကိုကြွ တစ်ခါတွင် ပေါင် ၄၅၀၀ နှစ်ပေကမှ စုဝိပဝင်ကြီးပေသော ပေါင် ၂၀၀၀ ကိုပါ အကိုဆောင်ရှိပေသည်။ ဖူကာသက်ချာ၏ ဝင်ငွေမှာ အလကြသည် ခံထွက်နေသည့်မြင်ရ သူမက ပေးချို့ အကြောင်းကြားတိုက်ပေသည်။

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



အရှေ့တိုင်းသားများနှင့်၊ ၁၉၄၂

http://myanmarebooksfree.blogspot.com

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

(၇)

# ပညာရေးဝန်ကြီးဌာန

ဗြိတိသျှ နိုင်ငံရေးလောကတွင် ပါတီအစဉ်အလာ၏ ကိုယ်စားလှယ်တော်ကို ရွေးကောက်မှုများသည် မည်သည့် ဥပဒေကြမ်းတွင်မှ ထိုအမတ်သည် ထောက်ခံခဲ့ သလား ကန့်ကွက်ခဲ့သလားဟူသည်ကို ဂရုတစိုက်မှတ်သားလေ့ရှိသည်။ ဥပဒေကြမ်း၏ သဘောသဘာဝနှင့် ထောက်ခံခြင်း ကန့်ကွက်ခြင်းသည် ထိုအမတ်၏ သဘောထားအမြင်ကို ထင်ဟပ်နေခြင်းကြောင့် ဖြစ်သည်။

ယခုရွေးကောက်ခံရသည့် သူ၏ ကွန်ဆာဗေးတစ်ပါတီ အတွင်းရေးမှူး ဖြစ်နေချိန် ၁၉၆၆ တွင် ပါလီမန်၌ ထိုင်ခုံနေရာဝင်ယူခဲ့ သူချင်းသော မိန်းမများအား ရာဇဝတ်မှုမှ ကင်းလွတ်ခွင့်ရေး ဥပဒေကြမ်းကို ထောက်ခံခဲ့သည်။ ထို့နောက် ထိုကာလက မိန်းမလျာများကို ရာဇဝတ်မှုဥပဒေက ခံခံသိသိဆန့်ကျင်ခဲ့သည်။ မိန်းမလျာအဖြစ် နေထိုင် ဆက်ဆံခြင်းကို တရားဝင်ပြုမှုက သတ်မှတ်ခဲ့ကြသည်။

ကွန်ဆာဗေးတစ်ပါတီသည် ရှေးရိုးစွဲ ပါတီဖြစ်၍ မိန်းမလျာများကို ဆန့်ကျင်သည်။ ရုတ်ချသည်။ ပါလီမန်၌ မဲခွဲသောအခါ ကွန်ဆာဗေးတစ် အမတ်အများစုက မိန်းမလျာများအား ရာဇဝတ်မှု ကင်းလွတ်ခွင့်ရေးဥပဒေကြမ်းကို ကန့်ကွက်ခဲ့ကြသည်။ သို့သော် ကွန်ဆာဗေးတစ်များထဲက ပေါက်လွှတ်ပြီး ထရေချ်သက်ချာက ထိုဥပဒေကြမ်းကို ထောက်ခံမဲ ပေးခဲ့လေသည်။

နောက်တစ်ကြိမ်တွင် ဖေဖော် စတီးလ်က ကိုယ်ဝန်ဖျက်ချခြင်းကို

http://myanmarebooksfree.blogspot.com

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



တရားဝင်ခွင့်ပြုရေး ဥပဒေကြမ်း တင်သွင်းရာ ကွန်ဆာဗေးတစ်အများစုက ကန့်ကွက်ကြ၍ မာဂရက်သက်ချာက ထောက်ခံမဲ ပေးခဲ့ပြီးသည်။

ဗြိတိသျှနိုင်ငံ၌ သေဒဏ်ပယ်ဖျက်ရေး ဥပဒေကြမ်းကိုမူ မာဂရက် သက်ချာက ကန့်ကွက်ခဲ့ပေသည်။ လူသတ်မှုများနှင့် လူမဆန်သော ရာဇဝတ်မှုများကို တားဆီးနိုင်ရန် သေဒဏ် ဆက်လက်ထားရှိမှ ဖြစ်မည်ဟု သူမက ယုံကြည်သည်။ မာဂရက်သက်ချာအပါအဝင် ကွန်ဆာဗေးတစ်များက ကန့်ကွက်ခဲ့ ကြသော်လည်း လေဘာပါတီ၏ အနိုင်ရလက်ထက်တွင် ဗြိတိန်၌ သေဒဏ်ပယ်ဖျက်ခြင်း ဥပဒေကြမ်း အတည်ပြုခဲ့လေသည်။

(မှတ်ချက်။ ။ လေဘာပါတီသည် လူထုချစ် သေဒဏ်ပေးစီရင်ရေးမူသော အမြင်ဖြင့်မှုကို စဉ်ဆက်မပြတ် ဖွင့်ဟိုင်ခဲ့သည်။ ၂၀၀၆ ခု နိုဝင်ဘာလတွင် အီရတ်နိုင်ငံ အာဏာရှင်ဟောင်း ဆဒ်ဒမ်ဟူစိန်ကို ခုံရုံးတော်ကြီးက သေဒဏ်စီရင်ချက် ချ ထားလိုက်သည့်အပေါ် ကမ္ဘာ့ခေါင်းဆောင်များက ထိုစီရင်ချက်ကို ကြိုဆိုခဲ့ကြသော် လည်း ဗြိတိသျှဝန်ကြီးချုပ် (လေဘာပါတီ ခေါင်းဆောင်) တိုနီဘလဲယာက သေဒဏ် စီရင်ခြင်းကို ဆန့်ကျင်ကြောင်း ထုတ်ဖော်ပြောကြားသည်။)

နောက်ဆုံး သံမဏိ (Iron Lady) ဟု နာမည်တစ်လုံးရလာသည့် မာဂရက်သက်ချာအား ထိုစဉ်ကာလ ကတည်းကပင် သေဒဏ်ရှိရမည်ဟု ခံယူ ခဲ့သည်။ သို့သော် လေဘာပါတီက ဝင် ပယ်ဖျက်လိုက်ပြီးနောက် လွှတ်တော်တွင်ကျော ပြန်လည်ရရှိရန် ဥပဒေကြမ်းတင်ရာ၌ မာဂရက်သက်ချာက ကန့်ကွက်မဲ ပေးခဲ့လေ သည်။

အတိုက်အခံဘဝတွင် မာဂရက်သက်ချာသည် ကွန်ဆာဗေးတစ်ပါတီ အစိုးရ ရလာလျှင် တာဝန်ယူရမည့် အရိပ်အာဏာ ဝန်ကြီး (Shadow Cabinet) အဖွဲ့ဝင် အဖြစ် ၅ နှစ်ကျော်ကြာ ပြောင်းလဲကိုင်တွယ် ခဲ့ရသည်။ ပထမဦးစွာ ၁၉၆၇ တွင် စွမ်းအင်တာဝန်ခံအဖြစ် တာဝန်ယူပြီး ၎င်း နောက် သယ်ယူပို့ဆောင်ရေးတာဝန်ခံအဖြစ်လည်း ဆက် လက်တာဝန်ယူရသည်။ ထို့နောက် ၁၉၇၀ ရွေးကောက်ပွဲမတိုင်မီကာလတွင် ပညာရေး တာဝန်ခံဖြစ်လာသည်။

၁၉၇၀ ခုနှစ် ရွေးကောက်ပွဲတွင် ကွန်ဆာဗေးတစ်ပါတီသည် အက်ဒွပ် ဟီးသ် ဦးဆောင်မှုဖြင့် အနိုင်ရခဲ့သည်။ ဝန်ကြီးအဖွဲ့တွင် ပညာရေးနှင့် သိပ္ပံ ရေးရာ မာဂရက်သက်ချာသည် ကွန်ဆာဗေးတစ် အစိုးရတွင် ပညာရေးဝန်ကြီးဖြစ်လာ

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



[illegible] ပညာရေးဝန်ကြီးတာဝန်ကို သုံးနှစ်ခွဲ [illegible] ထမ်းဆောင်ခဲ့ရသည်။ ပညာရေး [illegible]တွင် မာဂရက်သက်ချာ နာမည် [illegible] မရှိပေ။

ကွန်ဆာဗေးတစ် အစိုးရသည် [illegible] ကျပ်အတည်းကြောင့် အသုံး [illegible] ဖြတ်တောက်လျှော့ချခဲ့ရသည် ဖြစ်ရာ ပညာရေးဌာနတွင်လည်း အသုံးစရိတ်များ [illegible]ရသည်။

ဝန်ကြီးချုပ် မစ္စတာ ဟီးသ်သည် [illegible] နှစ်မှာပင် ပေါင် သန်း (၃၀၀) [illegible] ဖြတ်တောက်ခဲ့ရသည့်အနက် ပညာရေးဌာနမှ ပေါင် သန်း (၁၀၀) မျှသည် ပညာရေးဝန်ကြီး မစ္စက် သက်ချာသည် ဖြတ်တောက်ခဲ့ရသောငွေကို ကာမိစေရန် ကျောင်းများတွင် ထမင်းစရိတ် ဈေးနှုန်း [illegible]သည်။ ကလေးများကို အခမဲ့ နွားနို့ တိုက်ကျွေးခြင်းကိုလည်း လျှော့ချခဲ့ရသည်။ (ထမင်းစရိတ်နှင့် နွားနို့တိုက်ခြင်းကို ဆင်းရဲသား မိဘများမှ ကလေးများအတွက် နဂိုအတိုင်း [illegible]ပေးသည်။ သို့သော် ကျောင်းသား [illegible] အသုံးအဆောင်များ ဖြတ်ခဲ့ရသည်)

လေဘာ အစိုးရ လက်ထက်တွင် [illegible]တန်းကျောင်းသားများအတွက် အခမဲ့ နွားနို့တိုက်ခြင်းကို ရပ်စဲခဲ့ပြီး ဖြစ်သည်။ မစ္စက်သက်ချာ ပညာရေးဝန်ကြီးဖြစ်နေစဉ်တွင် ခုနစ်နှစ်မှ ဆယ့်တစ်နှစ်အရွယ် မူလတန်း ကလေးများကို နွားနို့တိုက်မှု ရပ်ဆိုင်းခြင်းဖြစ်သည်။

ယင်းလုပ်ရပ်ကြောင့် မစ္စက်သက်

ဗြိတိသျှနိုင်ငံ၌ သေဒဏ်ပယ်ဖျက်ရေး ဥပဒေကြမ်းကိုမူ မာဂရက်သက်ချာက ကန့်ကွက်ခဲ့လေသည်။ လူသတ်မှုများနှင့် ထူးခြားသော ရာဇဝတ်မှုများကို တားဆီးနိုင်ရန် သေဒဏ် ဆက်ထားရှိမှ ဖြစ်မည်ဟု သူမက ယုံကြည်သည်။ မာဂရက်သက်ချာ အပါအဝင် ကွန်ဆာဗေးတစ်များက ကန့်ကွက်ခဲ့ ကြသော်လည်း လေဘာပါတီ အစိုးရလက်ထက်တွင် ဗြိတိန်၌ သေဒဏ်ပယ်ဖျက်ခြင်း ဥပဒေကြမ်း အတည်ဖြစ်သွားသည်

http://myanmarebooksfree.blogspot.com

ချာသည် နွားနို့အလစ်သုတ်သမား (Milk Snatcher) ဟု နာမည်ပျက်ကာ ခေါ်ဝေါ်ခြင်းခံခဲ့ရသည်။

(မှတ်ချက် ။ ။ မစ္စက်သက်ချာ နိုင်ငံရေးမှ အနားယူပြီး ကာလကြာမြင့်မှ ၂၀၀၆ ခုနှစ်တွင် ထိုစဉ်က ကက်ဘိနက်မှတ်တမ်းများကို ထုတ်ပြန်ကြေညာရာ ပညာရေးဝန်ကြီး မစ္စက်သက်ချာသည် ကလေးများအား နွားနို့အခမဲ့ ဆက်၍တိုက်ရန် ကက်ဘိနက်အစည်းအဝေးတွင် တောင်းဆိုဆွေးနွေးခဲ့ကြောင်း တွေ့ရှိရသည်။ သို့သော် ဝန်ကြီးအများစုက အခမဲ့ နွားနို့တိုက်ခြင်းကို ရပ်စဲရန် ဝိုင်းဝန်းဆန္ဒပြုသဖြင့် စုပေါင်းတာဝန်ယူမှုစနစ်အရ ပညာရေးဝန်ကြီးက လိုက်နာခဲ့ခြင်းဖြစ်ကြောင်း ပေါ်ထွက်လာသည်။)

မည်သို့ရှိစေ ခေါ်ဝေါ်ခံခဲ့ရသော ဝန်ကြီးအဖို့ကား နွားနို့အလစ်သုတ်သမား ဟူသော ဘွဲ့ပေးခံရသည်အထိ နာမည်ဆိုးထွက်ခဲ့လေသည်။

ကျောင်းစာကြည့်တိုက်မှ စာအုပ်များ ငှားရမ်း ဖတ်ရှုလျှင် ငှားရမ်းခ တောင်းရန် စီစဉ်ခြင်းကိုမူ မစ္စက်သက်ချာက အပြတ် ငြင်းပယ်ခဲ့သည်။ သူမ၏ကျေးဇူးဖြင့် ကျောင်းသားများသည် စာကြည့်တိုက်မှ စာအုပ်များကို ဆက်လက်၍ အခမဲ့ ဖတ်ရှုနိုင်ကြခြင်းဖြစ်သည်။

ထို့ပြင် လူတိုင်း တက်ရောက်ဆည်းပူးနိုင်သော သက်ကြီးတက္ကသိုလ် (Open University) ကို အကုန်အကျ များသောကြောင့် ဖျက်သိမ်းရန် ကွန်ဆာဗေးတစ် ပါတီထဲကပင် တောင်းဆိုမှုများ ရှိခဲ့သော်လည်း မစ္စက်သက်ချာက ခေါင်းခါ ငြင်းပယ်ကာ (Open University) ကို ကာကွယ်ခဲ့သည်။ ယင်းစရိတ်မှာ တစ်နှစ်လျှင် ပေါင် (၃) သိန်းခွဲရှိ၍ ဖျက်ပစ်လိုကြခြင်းဖြစ်သည်။

အက်ဒွပ်ဟီးသ် အစိုးရ၏ ဘဏ္ဍာရေးဝန်ကြီး မက္ကလိုဒ်က (Open University) အစီအစဉ်သည် လေဘာဝန်ကြီးချုပ်ဟောင်း ဟာရိုးလ်ဝီလ်ဆင်၏ တော်ထွင်လုံးတစ်ခု ဖြစ်၍ ကွန်ဆာဗေးတစ် အစိုးရ တက်ရောက်ချိန်တွင် ပယ်ဖျက်ပစ်ရမည်ဟု တောင်းဆိုသည်။

မစ္စက်သက်ချာက (Open University) အစီအစဉ်ကို မည်သူက လုပ်ခဲ့သည်ဖြစ်စေ ငယ်ရွယ်စဉ် တက္ကသိုလ်ပညာ မသင်ကြားနိုင်ခဲ့ကြသော သက်ကြီး လုပ်သားများအတွက် စရိတ်နည်းနည်းဖြင့် တက္ကသိုလ်ပညာ သင်ကြားပေးနိုင်သည့် အစီအစဉ်ဖြစ်၍ ဆက်လက်ဆောင်ရွက်သင့်သည်ဟု ခုခံချေပခဲ့သည်။

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



အများအကျိုးအတွက် ကောင်းမွန် ...ည့်ထုတ်ရပ်ဆိုလျှင် ဂိုဏ်းဂဏခွဲ မထားဘဲ ...ောက်ခံနိုင်စွမ်းရှိခြင်းမှာ နိုင်ငံရေးသမား ...ောင်းတို့၏ အင်္ဂါရပ်ဖြစ်သည် ဟု မစ္စက် ...က်ချာက ယုံကြည်သည်။

နောင်အခါ မစ္စက်သက်ချာသည် ...ထောင်သက်တာမှတ်တမ်း ပြန်ရေးရာတွင် ...ိုင်ငံ သူမသည် မစ္စတာဟီးသ်၏ အစိုးရ ...ဖွဲ့တွင် အတွင်းစည်း (Inner Circle) ထဲ၌ ...ခဲ့ခြင်း သူမ၏ ပညာရေးဌာနကလွှဲ၍ ...ခြားသော အစိုးရဆုံးဖြတ်ချက်များ ...ရာတွင် ပါဝင်ဆွေးနွေးခွင့် မရခဲ့ကြောင်း ...ဖော်ပြခဲ့သည်။

အများအကျိုး
အတွက်
ကောင်းမွန်သည့်
ထုတ်ရပ်ဆိုလျှင်
ဂိုဏ်းဂဏခွဲ
မထားဘဲ
ထောက်ခံနိုင်စွမ်း
ရှိခြင်းမှာ
နိုင်ငံရေးသမား
ကောင်းတို့၏
အင်္ဂါရပ်
ဖြစ်သည် ဟု
မစ္စက်သက်ချာက
ယုံကြည်သည်

သို့ဖြင့်ပင် ၁၉၇၄ ဖေဖော်ဝါရီလတွင် ...ရွေးကောက်ပွဲ ကျင်းပခဲ့ရာ ကွန်ဆာ ...ဗေးတစ်ပါတီ ရှုံးနိမ့်ခဲ့သည်။ မစ္စက်သက်ချာသည် ...ရ အဖွဲ့ဝင်ဘဝမှ အတိုက်အခံ ... အစိုးရအဖွဲ့ဝင် ဖြစ်သွားရပြန်သည်။ ... ဝန်ကြီးသာတွင် ဤတစ်ကြိမ်၌ ပတ်ဝန်း ... တာဝန်ခံအဖြစ် တာဝန်ယူရလေ ...သည်။

မာဂရက်သက်ချာ၏ နိုင်ငံရေး ...ခရီးလမ်း တစ်လျှောက် နံလုံတစ်လှည့် ...ချိန်ရှည် ရေငုပ်တစ်ခါ ရေပေါ်တစ်လှည့် ...ဖြစ်ကို ကြိမ်ကြိမ် ကြုံခဲ့ရသည်။

၁၉၇၄ ရွေးကောက်ပွဲတွင် ဝိဝိတို့ ...ပြီးနောက် ကွန်ဆာဗေးတစ် ပါတီဝင် ... စာပေကြွဲခဲ့ကြရချေ။ ပါတီ ...ခေါင်းဆောင် အပြောင်းအလဲလုပ်ဖို့ လိုပြီဟု

http://myanmarebooksfree.blogspot.com

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



သဘောကျို၍ လှုံ့ဆော်မှုများ ပြုလုပ်ခဲ့ကြရာ ထိုပိုင်း ခေါင်းဆောင်တစ်ဦး ဖြစ်သော ဆာကီသ်ချီးမြှောက်သည့် ပါတီ ခေါင်းဆောင် ဆက်ရွှပ်ဟီသ်ဆုပ်ရကို ယုံကြည်ပြီး ပါတီခေါင်းဆောင်လုပ်ရန် အလားအလာရှိသူဖြစ်လာခဲ့သည်။ သို့သော် မကြာမီ ဆာကီသ် နုတ်ထွက်သွား၍ ဆက်ရွှပ် ဟီသ် ဆုပ်ရမှာ ပြိုင်ဘက်မရှိ ခေါင်းဆောင်မှုနေရာ ဆက်လက်ရရှိတော့မလိုဖြစ်နေသည်။ (အခန်း - ၁ တွင်ဖော်ပြပြီး)

ဆာကီသ်ကို ထောက်ခံနေသော မစ္စက်သက်ချာသည် ပါတီ ခေါင်းဆောင်မှုကို အမျိုးသားများ လက်ထဲ ဆက်မထားလိုချေ။ သက်တမ်း တစ်ကြိမ်မျှ ဆိုရုံဖြစ်ပြီး အာဏာသက်တွတ်ခဲ့ရသော ခေါင်းဆောင်မှုကို ဖယ်ရှားကာ ခေါင်းဆောင်မှုအသစ် ဖော်ထုတ်ရမည်ဟု မစ္စက်သက်ချာက နှိုးဆော်သည်။ ထို့နောက် ခေါင်းဆောင်နေရာအတွက် ဝင်ရောက် ယှဉ်ပြိုင်ခြင်းမှ နုတ်ထွက်သွားသော ဆာကီသ်နေရာတွင် သူမ ပါဝင် ယှဉ်ပြိုင်မည်ဟု ကြေညာခဲ့သည်။

ပထမအကြိမ် ဆန္ဒမဲပေးရာတွင် မစ္စက်သက်ချာသည် ဟီသ်ကို မမျှော်လင့်ဘဲ မဲအသာရခဲ့သည်။ ဤတွင် ဟီသ်က သူ့နေရာဆက်ခံရန် ဝီလျံဝှိုက်လောကို အစားထိုးကာ ဆက်ပြိုင်စေသည်။ ဒုတိယအကြိမ် ဆန္ဒမဲပေးရာတွင် မစ္စက်သက်ချာက ၁၄၆ မဲ ဝီလျံဝှိုက်လောက ၇၉ မဲ ရ၍ ၁၁ ဖေဖော်ဝါရီ ၁၉၇၅ တွင် မစ္စက်သက်ချာသည် ကွန်ဆာဗေးတစ်ပါတီခေါင်းဆောင် ဖြစ်လာလေသည်။

မစ္စတာဝှိုက်လောကလည်း အရှုံးကို ကျေကျေနပ်နပ်လက်ခံ၍ ပါတီခေါင်းဆောင်သစ် မစ္စက်သက်ချာကို ဖက်ရမ်း နှုတ်ဆက်ကာ ကြိုဆို ဂုဏ်ပြုခဲ့လေသည်။

ဝှိုက်လောကို မစ္စက်သက်ချာက ပါတီဒုတိယခေါင်းဆောင်အဖြစ် ခန့်ထား၍ ပါတီတွင်း ညီညွတ်ရေးကို တည်ဆောက်ခဲ့သည်။

သို့သော် ရှုံးနိမ့်သွားသူ မစ္စတာ ဟီသ်ကမူ မစ္စက်သက်ချာအပေါ် မီးမီး သီးသီးဖြစ်သွားလေသည်။ အရေးသဖြင့် သူ့ကို ယှဉ်ပြိုင်ခြင်းသည် သူ့အပေါ် သစ္စာမဲ့ရာကျသည်ဟု သဘောထားခဲ့လေသည်။

မစ္စက်သက်ချာကမူ သူမသည် ပါတီအကျိုးနှင့် နိုင်ငံအကျိုးကို ရှေ့တန်း တင်ကာ သူ့နေရာကို ဖယ်ရှားခဲ့ခြင်း ဖြစ်သည်ဟု တစ်သက်တာမှတ်တမ်း

http://myanmarebooksfree.blogspot.com

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



[illegible]ခဲ့ [illegible] ဆရာပေါက်ဖြစ်သော [illegible]ကို သတ္တုမဲ့ခြင်းမပေါက်။ ပါတီနှင့် [illegible] သတ္တုရှိသောကြောင့် ယခုလို ဖြစ်ရ [illegible] ဆိုလေသည်။

ပါတီခေါင်းဆောင်ဖြစ်ပြီး နောက် [illegible]တွင် မွတ်သက်ချာသည် ဆောက် [illegible] ဆေတိုက်အခန်းခေါင်းဆောင်အဖြစ် [illegible]သည်။ သူမ၏ ဘေးတွင် ယှဉ်လျက် [illegible]မှာ သူမ၏ပြိုင်ဘက်ဟောင်း [illegible] ဂိုက်လော၊ ပရိုင်ယာ၊ ပေါ်ဝါနှင့် [illegible] ရော်ဘတ်နိုင်ပေါက်တို့ဖြစ်သည်။

လေဘာပါတီခေါင်းဆောင် ဝန်ကြီး [illegible] ချုပ်ဟောင်းဟာရိုဝီလ်ဆင်က ဆေတိုက် [illegible]ခေါင်းဆောင်သစ်အား ကြိုဆိုသည့် မိန့်ခွန်း [illegible]ပြောသည်။

မစ္စတာဝီလ်ဆင်မှာဝါရင့်သမ္မာရင့် [illegible]နိုင်ငံရေးသမားကြီးဖြစ်သည်။ သူ ရှေ့ဟောင်း [illegible] ပါတီ ခေါင်းဆောင် [illegible] ပြောင်းသွားပြီဖြစ်ကြောင်း သူက [illegible]ပြောသည်။ မွတ်သက်ချာနှင့် [illegible]နေပြီး လက်တွဲအလုပ်လုပ် [illegible]ပျော်ရွှင်သည်။ ပြောကြားသည်။

ဗြိတိသျှနိုင်ငံရေးလောကတွင် [illegible]ရပါတီနှင့် ဆေတိုက်အခံပါတီများသည် [illegible]ထိမျှ သဲသဲမဲ ယှဉ်ပြိုင်ကြသည်။ [illegible]တွင်ရှိသည်။ အာဏာရပါတီကို [illegible]အခံပါတီက ဝေဖန်မှုများလုပ်ပြီး [illegible]ချက်များကို တိုက်ခိုက်ကြသည်။ [illegible] တစ်မျိုးသားလုံးအရေးကိစ္စများ

မွတ်သက်ချာသည်
ပါတီခေါင်းဆောင်မှုကို
အရှုံးသမားများ
လက်ထဲ
ဆက်မထားလို့ချေ
သက်တမ်းတစ်ကြိမ်မျှ
အစိုးရဖြစ်ပြီး
အာဏာ
လက်လွှတ်ခဲ့ရသော
ခေါင်းဆောင်မှုကို
ဖယ်ရှားကာ
ခေါင်းဆောင်မှုအသစ်
ဖော်ထုတ်ရမည်ဟု
မွတ်သက်ချာက
နိုးဆော်သည်။
ထို့နောက်
ခေါင်းဆောင်
နေရာအတွက်
ဝင်ရောက်
ယှဉ်ပြိုင်ခြင်းမှ
နုတ်ထွက်သွားသော
ဆာကီသ်နေရာတွင်
သူမ ပါဝင်
ယှဉ်ပြိုင်မည်ဟု
ကြေညာခဲ့သည်

http://myanmarebooksfree.blogspot.com

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



ပေါ်လာလျှင် အာဏာရပါတီနှင့် အစိုးရခေါင်းဆောင်က အတိုက်အခံ ခေါင်းဆောင်များနှင့် လေးလေးစားစား တိုင်ပင်ဆွေးနွေးကာ အကြံဉာဏ်များ ရယူလေ့ရှိသည်။ ဤအချက်ကို ဗြိတိသျှတို့က နိုင်ငံရေးယဉ်ကျေးမှုအဆင့် မြင့်မားခြင်းအဖြစ် ဂုဏ်ယူတတ်ကြသည်။

မစ္စတာဝီလ်ဆင်၏ မိန့်ခွန်းကို မစ္စက်သက်ချာက မပြုံးမရယ် မျက်နှာ တည်တည်ကြီးနှင့် နားထောင်နေခဲ့သည်ဟု နောက်တစ်နေ့ သတင်းစာများက ဖော်ပြသည်။ ဝါရင့်ကြီး မစ္စတာဝီလ်ဆင်က ကွန်ဆာဗေးတစ်ပါတီခေါင်းဆောင် များကို ခပ်နှိမ်နှိမ်ပြောသွားသည်ဟု ယူဆ၍လား မသိ။ မစ္စက်သက်ချာသည် သူ့အား ကြိုဆိုသောမိန့်ခွန်းကိုပင် ဣန္ဒြေကြီးနှင့် တုံ့ပြန်ခဲ့လေသည်။ သို့သော် မစ္စတာ ဝီလ်ဆင်အား ကျေးဇူးတင်ပါကြောင်း ဟူ၍ကား ထုံးစံအတိုင်း တုံ့ပြန် ပြောကြားခဲ့သည်။

မစ္စက်သက်ချာအဖို့ ကိုင်တွယ်ရ ခက်ခဲသော ဧကြပြဿနာတစ်ရပ်မှာ မစ္စတာဟီသ်က မကျေနိုင် မချမ်းနိုင် ဖြစ်နေခြင်းပေတည်း။

ထုံးစံအတိုင်း အတိုက်အခံပါတီ၏ ရှိုးကက်ဘိနက်ကိုဖွဲ့စည်းရန် မစ္စက် သက်ချာကစိုးသောအခါ ပူပူနွေးနွေး ခေါင်းဆောင်ဖြစ် မစ္စတာဟီသ်၏ လေးလေးစားစား သွားရောက်တွေ့ဆုံကာ ရာထူးတစ်နေရာ တာဝန်ယူပေးရန် ပန်ကြားသည်။ သို့သော် မစ္စတာဟီသ်က တုံးတိတိ ငြင်းပယ်လိုက်သည်။

ထို့နောက် ဒုတိယခြေလှမ်းအဖြစ် သူမနှင့် နောက်ဆုံးဆိုင်လှုပ်ပွဲတွင် ရှုံးနိမ့်သွားသော မစ္စတာမိုက်ဒေလာအား ပါတီ ဒုတိယခေါင်းဆောင်ရာထူးကို တာဝန်ယူရန် သွားရောက်ကမ်းလှမ်းရာ မစ္စတာ မိုက်ဒေလာက လက်ခံလိုက် လေသည်။

ထို့နောက် ငါးရက်အကြာတွင် အတိုက်အခံပါတီ၏ ရှိုးကက်ဘိနက် တရင်းကို ကြေညာရာ မစ္စတာဟီသ်အပေါ် သစ္စာရှိသူ ရှိုးဝန်ကြီးဟောင်းများကို ဖယ်ရှားထားသည်ကို တွေ့ကြရသည်။ သူမအပေါ်တွင် ဖြတ်သားခဲ့သော မစ္စတာ ဟီသ်အပေါ် သူမကလည်း ပြန်လည် ဖြတ်သားခဲ့သည်ဟု ဆိုနိုင်ပေသတည်း။

http://myanmarebooksfree.blogspot.com

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

(၁)

## ပါတီခေါင်းဆောင်ဘဝ

## ပထမခြေလှမ်း

ဗြိတိသျှ ကွန်ဆာဗေးတစ်ပါတီ၏ ခေါင်းဆောင်ဖြစ်လာသော မာဂရက်သက်ချာသည် အနောက်ကမ္ဘာ၏ ထိပ်တန်းပုဂ္ဂိုလ်စာရင်းထဲ အပါအဝင်ဖြစ်သွားသည်။ ထိုအချိန်တွင် ကွန်ဆာဗေးတစ် ပါတီသည် အာဏာရပါတီမဟုတ်ဘဲ အတိုက်အခံပါတီ ဖြစ်နေသော်လည်း ဗြိတိသျှနိုင်ငံရေးတွင် ကွန်ဆာဗေးတစ်နှင့် လေဘာပါတီသည် သူတစ်ပြန်ကိုယ်တစ်ပြန် သူတစ်လှည့်ကိုယ်တစ်လှည့် အာဏာရနေကြသည်ဖြစ်၍ လျှော့တွက်လို့ မရသည့် အခြေအနေ၌ ရှိသည်။ ယနေ့ အတိုက်အခံပါတီ ခေါင်းဆောင်သည် နက်ဖြန် ဝန်ကြီးချုပ် ဖြစ်လာနိုင်သည်မဟုတ်ပါလော။

မစ္စက်သက်ချာ ပါတီခေါင်းဆောင် ရွေးကောက် တင်မြှောက်ခံရပြီးနောက်နေ့တွင် အမှတ်တရ ဖြစ်စရာ တစ်ခုမှာ နာမည်ကျော် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာဟင်နရီကစ်ဆင်ဂျာ ဗြိတိန်သို့ အလည် ရောက်လာခြင်း ဖြစ်သည်။

ဒေါက်တာ ကစ်ဆင်ဂျာသည် ထိုအချိန်က ကမ္ဘာတလွှား လျှမ်းလျှမ်းတောက်ကျော်ကြားနေသူဖြစ်သည်။ အမေရိကန်သမ္မတနစ်ဆင်၏ အမျိုးသား လုံခြုံရေးအကြံပေးအရာရှိဘဝမှ တရုတ်ပြည်ကြီးနှင့် အမေရိကန် ရွှေလမ်း

http://myanmarebooksfree.blogspot.com

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



နာမည်ကျော် ဒေါက်တာ ကစ်ဆင်းဂျားနှင့် ၁၉၇၅

http://myanmarebooksfree.blogspot.com

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



ငွေသပ်မှုနှင့်အတူ ပေါက်ပေါ်ခဲ့သော ဆောင်းသွယ်တော်ကြီး ဖြစ်ခဲ့သည်။ ထို့နောက် နိုင်ငံခြားရေးဝန်ကြီး ဖြစ်လာကာ ဗီယက်နမ်ငြိမ်းချမ်းရေးဆွေးနွေးပွဲနှင့် အရှေ့အလယ်ပိုင်း အပစ်ရပ်ရေးဆွေးနွေးပွဲ များတွင် စေ့စပ်ဖျန်ဖြေရေးသမားအဖြစ် ပါဝင်ဆောင်ရွက်နေသူဖြစ်သည်။

ဓါက်တာကစ်ဆင်းဂျားက မစ္စက်သက်ချာအား ဖိတ်ကြား၍ နှုတ်ဆက်စကား ကျွေးပြီး ဧည့်ခံသည်။ သူတို့နှစ်ယောက် တွဲပြီး ဓာတ်ပုံ သတင်းထောက်များ၏ သတင်းဓာတ်ပုံ အရိုက်ခံနေကြစဉ် ကစ်ဆင်းဂျားက "ဓာတ်ပုံအရိုက်ခံရင်း စကားဆက်ပြောကြတာပေါ့" ဟုဆိုကာ ခင်ဗျားခင်ပွန်းက ဘာလုပ်သလဲဟု မေးသည်။ "ဒေနစ် သူက ရေနံအလုပ်လုပ် တယ်လေ" ဟု မစ္စက်သက်ချာက ဖြေသည်။

ဆော်ဗီယက်ရုရှား ခရီးဆက်လာခါနီးဖြစ်သော ဓါက်ကာစ်ဆင်းဂျားက အတော်အထင်ကြီးသွားပုံရသည်။

ထို့နောက် သူတို့သည် ရိုးရာ အင်္ဂလိပ်နံနက်စာသုံးဆောင်ကြသည်။ ဖျော်ဖြေရေး ချန်ပီယံကြီး ဓါက်တာ ကစ်ဆင်းဂျားသည် မစ္စက်သက်ချာ၏ အကြိုက်ကို စုံစမ်းထားပုံရ၏။ ဝက်ပေါင်ခြောက်နှင့်ကြက်ဥကြော်များအပြင် မစ္စက်သက်ချာကြိုက်တတ်သော ပေါင်မုန့်မိုင်း ပူပူနွေးနွေးများပါ ပါရှိသည်ကို တွေ့ရသည်။

ပါတီခေါင်းဆောင်ဖြစ်ပြီး သီတင်းပတ်တစ်ပတ်အတွင်း မစ္စက်သက်ချာသည် အားလပ်ချိန် မရှိလောက်အောင် ဧည့်သည်တွေ များလှသည့်ကြားမှ "ရေဒီယို-၂" တွင် ဂျင်မီယန်း၏ နေ့လယ်စာစားချိန် အသံလွှင့်အစီအစဉ်၌ ပါဝင်ကာ အမေးအဖြေများ ပြုလုပ်ခဲ့သည်။

ဂျင်မီယန်းနှင့် တွေ့ဆုံ ဆွေးနွေးခန်း၌ မစ္စက်သက်ချာက သူမသည် အသက်အရွယ်အရလည်း ခေါင်းဆောင်လုပ်ရန် သင့်တော်နေပြီဖြစ်ကြောင်း ပြောကြားသွားသည်။

"ကျွန်မအခု အသက် ၅၀ ထဲ ရောက်လာပြီ ပေါက်စနီးပေါက်စန အရွယ် မဟုတ်တော့ဘူး" ဟူ၍ မစ္စက်သက်ချာ ပြောကြားသော စကားကို သတင်းစာများက ခေါင်းစဉ်တပ်ခဲ့ကြသည်။

မစ္စက်သက်ချာသည် အောက်လွှတ်တော်တွင် ကွန်ဆာဗေးတစ် ပါတီ

http://myanmarebooksfree.blogspot.com

ခေါင်းဆောင် ဖြစ်နေသော်လည်း နိုင်ငံလုံးဆိုင်ရာ ပါတီခေါင်းဆောင် အဖြစ် မကြေညာရသေး။ ထို့ကြောင့် နယ်အသီးသီးမှ ကွန်ဆာဗေးတစ်ပါတီ ဌာနခွဲအားလုံးကို ကိုယ်စားပြုသော ကိုယ်စားလှယ်များ ညီလာခံကို ဖေဖဲယား ယှုနီပါ ဟိုတယ်၌ ကျင်းပခဲ့လေသည်။

ထိုအစည်းအဝေးတွင် ပါတီခေါင်းဆောင်လောင်း မစ္စတာဟီးသ်ကို ကိုယ်စားလှယ်များက ဂုဏ်ပြုစကားချီးမြှင့်ဆိုကြ၏။ သို့သော် မစ္စတာဟီးသ်မှ အစည်းအဝေးသို့ မလာဘဲ စပိန်နိုင်ငံသို့ အပန်းဖြေခရီးထွက်နေသည်။

ဖေဖဲယားညီလာခံတွင် လော့ဒ် ဟေးလ်ရှမ်းက မစ္စက်သက်ချာအား ပါတီခေါင်းဆောင်အဖြစ် တင်မြှောက်ကြောင်း၊ အဆိုတင်သွင်းရာ မစ္စတာ ဝိုက်လောက ထောက်ခံကြောင်း တင်ပြသည်။ ထို့နောက် နေရှင်နယ်ယူနီယံ အဝန်ရှိသော အဖွဲ့များမှ ကိုယ်စားလှယ်များ ဆက်လက်ထောက်ခံကြသည်။

ညီလာခံက လက်ခုပ်ဩဘာပေး၍ တစ်ခဲနက်ထောက်ခံပြီးတွင် မစ္စက် သက်ချာ ဝင်မြင့်ပေါ်သို့ တက်လာသည်။ စိမ်းပြာရောင် ဝတ်စုံဖြင့် ဖယ်ကျက် သပ်သပ်ရပ်ရပ် တွေ့မြင်ရသည်။

မစ္စက်သက်ချာက ကိုယ်စားလှယ်များအား နူးညွတ်သော မိန့်ခွန်း ပြော သွားသည်။ ယခုအချိန်တွင် ပြည်သူလူထု လိုချင်သည်မှာ ပွင့်လင်းပြတ်သားသော ခေါင်းဆောင်မှုဖြစ်ကြောင်း။ အခြေခံမူအပေါ်တွင် ခိုင်မြဲရှိလည်းလိုကြောင်း၊ မိမိအနေဖြင့် ထိုခေါင်းဆောင်မှုဖြစ်အောင် ကြိုးစားသွားမည်ဟု ကတိပြုကြောင်း ပြောကြားသည်။

ဖေဖဲယားညီလာခံတွင် မစ္စက် သက်ချာ၏ပုဂ္ဂိုလ်ရေးအရှိန်အဝါ ဝင် ထွန်းတောက်ခဲ့သည်ဟု ဆိုနိုင်သည်။ ထို အစည်းအဝေးပြီးတွင် ကွန်ဆာဗေးတစ် ပါတီကို လူထုက ပိုမိုစိတ်ဝင်စားလာကြ သည်။ ဂေါ်လပ်စစ်တမ်းယူမှု (Gallup Poll) တစ်ခုအရ ကွန်ဆာဗေးတစ်ပါတီအား လူထုထောက်ခံမှု ၁၁ ရာခိုင်နှုန်း ခန့် ပိုကောင်းလာသည်ဟု ဆိုသည်။ ဂေါ်လပ်စစ်တမ်းယူမှုက ကောက်ချက်ချခဲ့ရာတွင် လေဘာရော ကွန်ဆာဗေးတစ်များပါ မဲဆန္ဒရှင် အများစုက မစ္စက်သက်ချာသည် ခေါင်းဆောင်ကောင်းတစ်ဦး ဖြစ်လာလိမ့်မည်ဟု ယူဆကြသည်ဟု ဖော်ပြသည်

မစ္စက်သက်ချာကလည်း အလွန် အကွက်မြင်သည်။ သူမ၏အရှိန်အဝါ ထွန်းပေါက်အားကောင်းနေချိန်တွင် ဝေကာ့တလေနသို့ အမြန်သွားရောက်ခဲ့သည်။

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



(စကော့တလန်ရှိ ကွန်ဆာဗေးတစ်များက အင်္ဂလန်နှင့် ဝေလနယ်ရှိ ကွန်ဆာဗေးတစ်များနှင့် တစ်သီးတစ်ခြား ရပ်တည်လေ့ရှိသည်။

ကွန်ဆာဗေးတစ်ပါတီ တည်ထောင်ထားသော်လည်း သူတို့သည် မည်သူ့ကြားခံမှ မဟုတ်ဟု ခံယူကြ၏။)

မဂ္ဂရက်သက်ချာကိုမူ စကော့တလန်က သောင်းသောင်းဖြဖြ ကြိုဆိုခဲ့သည်။ ဂလပ်စဂိုနှင့် အီဒင်ဘာရာတွင် လူအများ စောင့်ဆောင်းနေ၍ လမ်းပေါ်ထွက်လာကာ မဂ္ဂရက်သက်ချာကို ကြိုဆိုပေးကြသည်။

လူထုအစည်းအဝေးတွင် မဂ္ဂရက် သက်ချာက မိန့်ခွန်းပြောရာ ဆိုရှယ်လစ် ဝါဒနှင့် ဗျူရိုကရေစီကို ဝေဖန်တိုက်ခိုက်သွားသည်။ (အာဏာရ လေဘာပါတီသည် ဆိုရှယ်လစ်အရေးတော်ပုံ ဖြစ်သော်လည်း မဂ္ဂရက်သက်ချာက ဆိုဗီယက်ကွန်မြူနစ်တို့ နည်းတူ ကြောက်စရာကောင်းသည်ဟု တွန်းတိုက်သွားခြင်းဖြစ်သည်။)

စကော့အမျိုးသားတို့ အထူးဦးစားပေးသော ပညာရေးနှင့်ပတ်သက်၍ မဂ္ဂရက်သက်ချာက ပညာရေးမြှင့်တင်ရန် အစီအစဉ်များကို ပြောသည်။ သို့သော် စကော့ အမျိုးသားရေးဝါဒကိုမူ အလျှော့ပေးမည့် လေသံ လုံးဝမပါရှိဘဲ ပြောကြားခဲ့သည်။

လန်ဒန်သို့ပြန်ရောက်ပြီးနောက် ရှိုးကက်ဘိနက် ခန့်အပ်မှုများပြုလုပ်သည်။ နောက်ပိုင်းတွင် မဂ္ဂရက်သက်ချာသည် ပါတီတွင်း ဝိုင်းကြီးနှင့်ဝိုင်းကို အာရုံပေးကြိုးစားသည်။ ကွန်ဆာဗေးတစ်ပါတီ ဟော်ကျက်သည်။ မြင်စေချင်သည်။ လော့ဒ်သွန်နီကရော့ဖ်သည် ပါတီဥက္ကဋ္ဌဖြစ်လာပြီး မစ္စတာအန်ကတ်ဖ်ဆော့က ဒုတိယဥက္ကဋ္ဌဖြစ်လာသည်။ သူတို့နှစ်ဦးစလုံးသည် ရှိုးကက်ဘိနက် ခေါ် ယှဉ်ထားအစိုးရအဖွဲ့ဝင်စာရင်းတွင် ပါဝင်ကြသည်။ (ဗြိတိသျှပါတီစနစ်တွင် ygr Dı ဖြ Party Chairman ၏ အထက်တွင် ပါတီခေါင်းဆောင် Party Leader ရှိသည်။ မိမိတို့ပါတီ ရွေးကောက်ပွဲနိုင်လျှင် ပါတီခေါင်းဆောင်က အစိုးရအဖွဲ့ကို ဦးဆောင်ရသည်။)

မဂ္ဂရက်သက်ချာ၏ နောက်တွင် ပါတီ ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့ရသူနှစ်ဦးစလုံးသည် လွတ်လပ်သောစိတ်ထား ရှိသူများဟူ၍ ဂုဏ်သတင်း ကြီးခဲ့သူများ ဖြစ်သည်။ သူတို့သည် အတိတ်ကာလက ပါတီခေါင်းဆောင်နှင့် သဘောကွဲလွဲ၍ အစိုးရအဖွဲ့ဝင် ရာထူးများမှ

http://myanmarebooksfree.blogspot.com

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



နုတ်ထွက်ခဲ့ကြသည်။ မဟာ့ဗီဇဝန်အစိုးရလက်ထက်တွင် နှစ်စဉ်ဆက်တိုက် ဘတ်ဂျက် လိုငွေပြလောက်အောင် အစိုးရ အသုံးအဖြုန်း ကြီးနေခြင်းကို ကန့်ကွက်သောအားဖြင့် ရာထူးမှ နုတ်ထွက်ခဲ့ကြခြင်း ဖြစ်သည်။

၁၉၆၉ မဟွတာမောဟိမှ ဆောင်းပါးတစ်ပုဒ် ရေးခဲ့မှုဖြင့် မဟွတာဟီဇင် ရှိုး ကက်ဘိနက်ရာထူးမှ ဖြုတ်ပယ်ခံခဲ့သည်။ မဟွတာ ဟီဇင်၏ ပါတီခေါင်းဆောင်မှု ကို ဝေဖန်သောဆောင်းပါး ဇန်နဝါရီ ၁၉၆၆ တွင် ရေးသားခဲ့ခြင်းဖြစ်သည်။

သူတို့လိုလူတွေကို ပါတီထဲတွင် ရာထူးများ၌ ခန့်ထားခြင်းဖြင့် မဟွက် သက်ရှာသည် Yes-men ခေါ် ခေါင်းညိတ်သမားများကို မလိုချင်ကြောင်း သိသာသည်။

ထို့ပြင် သူ့ကို ကလူ့စကား မပြောတတ်သည့် အတွေ့အကြုံနည်းပါးသူများ ကိုလည်း မလိုချင်ကြောင်း ပေါ်လွင်နေသည်။

မဟွက်သက်ရှာသည် သူ၏ ရုံးအဖွဲ့မှုရာထူးကိုလည်း၊ မဟွတာ အဲဒီနိ(ဇ်)အား ခန့်ထားသည်။ မဟွတာနိ(ဇ်)သည် ဒုတိယ ကမ္ဘာစစ် သူရဲကောင်း တစ်ဦးဖြစ်ပြီး စစ်ပြီးခေတ်တွင် တက်မှုလှုပ်ရှားကြီးဖြစ်လာသည်။ အသက်ကြီးမှ ပါလီမန်အမတ်ဖြစ်လာ၍ နိုင်ငံရေးတက်လမ်း ငြိမ်းငြိမ်းတက် ရာထူးသူ့ကို မပါတ်တော့ချေ။ သူသည် ဝါရင့်သဘာရင့် ပုဂ္ဂိုလ်တစ်ဦး ဖြစ်ပြီး ကိုယ်ပိုင် ရပ်တည်ချက်ရှိသူဖြစ်သဖြင့် မဟွက်သက်ရှာအား သူ့ထင်မြင်ချက်ကို မတောက် မညာပြောမည့်သူမျိုးဖြစ်သည်။

မဟွက်သက်ရှာသည် သူ့အနီး ဝန်းကျင်တွင် "ခေါင်းတော်ညိတ် စိတ်တော်သိ" ပုတ်သင်ညိုများကို မထားဘဲ သူ့အားပေါ် အမှန်အတိုင်း ပြောခဲ့နိုင် ရှိမည့်ပုဂ္ဂိုလ်များအား ထားရှိခဲ့ခြင်းကြောင့်လည်း ပါတီ ခေါင်းဆောင်သက်တမ်း ရှည်ကြာစွာ နိုင်ခဲ့ခြင်း ဖြစ်သည်။

http://myanmarebooksfree.blogspot.com

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

(၉)

# အိပ်မက်မှ လက်တွေ့သို့

"We will deal with the facts as they are all right. But we will make some dreams come true as well."

**Margaret Thatcher**

"ကျွန်ုပ်တို့ဟာ ပကတိအခြေအနေတွေနဲ့ လိုက်လျောညီထွေ လုပ်ဆောင် သွားရမှာဖြစ်တယ်။ ဒါပေမဲ့ အိပ်မက် တချို့ကိုလည်း အိပ်မက်ကနေ လက်တွေ့ ဖြစ်အောင် လုပ်ကြရဦးမယ်"

မာဂရက်သက်ချာ

"အိပ်မက်တွေကို လက်တွေ့ဖြစ်အောင် လုပ်ကြရမယ်" ဟူသော မဒမ် သက်ချာ၏စကားသည် ကွန်ဆာဗေးတစ်ပါတီဝင်များအဖို့ လမ်းညွှန်စကားဖြစ်လာသည်။ အာဏာမဲ့ပါတီဘဝမှ အာဏာရ ပါတီ အဖြစ်သို့ ရောက်အောင် ပါတီတစ်ရပ်လုံး ဝိုင်း၍ စိတ်အားထက်သန်လာကြသည်။

မစ္စက်သက်ချာ၏ အိပ်မက်မှ လက်တွေ့သို့ လမ်းညွှန်ချက်သည် သတင်းစာဆရာ ရော်နယ်ဘတ်၏ ဝေဖန်ချက်ကို တုံ့ပြန်ရာမှ ပေါ်ထွက်လာခြင်းဖြစ်သည်။

မစ္စတာရော်နယ်ဘတ်သည် တိုင်းမ် သတင်းစာကြီး၏ နိုင်ငံရေးအယ်ဒီတာ ဖြစ်သည်။ (တိုက်တိုက်ဆိုင်ဆိုင် သူသည်လည်း မစ္စက်သက်ချာကဲ့သို့ပင် ထွန်း

http://myanmarebooksfree.blogspot.com

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



ပေါက်လာသူဖြစ်သည်။ သူ၏ သတင်းစာဆရာဘဝကို ဂရင်ဘင်ကျူးနယ်မှ ဝင်ခဲ့ခြင်းဖြစ်သည်။)

ဘေဗင်ဂုဏ်က သူ၏ကော်လံမှ ဤ သို့ရေးခဲ့သည်။

"The art of Political survival is to deal with the facts as they are and not to dream dreams."

"နိုင်ငံရေးရှင်သန်မှု အနုပညာဆိုတာ ဖြစ်ရပ်အခြေအနေအထားတွေနဲ့ လိုက်လျောညီထွေလုပ်ဆောင်သွားခြင်းပဲဖြစ်တယ်။ အိပ်မက်တွေ မက်မနေရဘူး"

အထက်ပါ ဘေဗင်ဂုဏ်၏အဆိုကို ဝေဝေါ်ကြီး မှတ်ချက်ချရာက ချက်ချင်း တုံ့ပြန်ခဲ့သည်။ သူမသည် လက်တွေ့ကျသော နိုင်ငံရေးသမားဖြစ်သည်ဟု ပြန်ရှင်းသည်။ စိတ်ကူးယဉ်ခြင်းသည် နိုင်ငံရေးသမားမဟုတ်။ ဇွဲရေးဝီသည်။ စိတ်ကူးယဉ် အိပ်မက် မမက်ခဲ့။ ချနိုင်လည်း စိတ်ကူးယဉ်အိပ်မက် မမက်ခဲ့ဟု မှတ်ချက်ချရာက ဆိုသည်။

နိုင်ငံရေးသမားသည် စိတ်ကူးယဉ် အိပ်မက်ကို အမှန်တကယ်ဖြစ်အောင် အထည်ပေါ်လာအောင် လုပ်နိုင်ရသည်ဟု သူမက နိုးချုပ်၏။

ထိုစကားများကို ပါတီခေါင်းဆောင်ဖြစ်ပြီး ရက်ပိုင်းအတွင်း၊ ရှည်လည်ပေါ်ပြောရန်က တရားပွဲများတွင် ပြောဆိုခဲ့ခြင်းဖြစ်သည်။

မှတ်ချက်ချရာသည် ပါတီခေါင်းဆောင်ဟောင်း မစ္စတာအက်ရှ်ကိုလ် နှစ်ရက်ကို မပျော့လင့်ဘဲ ဆိုက်ဖယ်၍ အနိုင်ရခဲ့ခြင်းဖြစ်ရာ ပါတီတွင်း၌ သူမအား ရာနိုင်နှုန်းအများစုက ထောက်ခံခဲ့သည်ဟု၍ မပြောနိုင်သေးချေ။

နိုင်ငံရေးသမားတစ်ယောက်။ ပိုဆိုသည်မှာ တချို့သောနိုင်ငံရေးသမား တစ်ယောက်အဖို့ ပါရှင်ပါတီခေါင်းဆောင်ဟောင်းများကို ကော်လုပ်ပြီး သူနေရာ တက်လာခြင်းမှာ အလွန်ဖြစ်တောင်ဖြစ်ခဲ ဟု ဆိုနိုင်သည်။ ပါရှင်ပါတီခေါင်းဆောင် ဟောင်းက သူမကို မကျွန်နိုင် မချမ်းနိုင် ပုတ်ခတ်ဝေဖန်နေခြင်းကလည်း ပါတီတွင်း ညီညွတ်ရေးအတွက် နိမိတ်ပွယ်ဖြစ်ခဲ့သည်။ ထိုအခြေအနေမျိုးတွင် မှတ်ချက်ချရာသည် ပါတီတွင်း အစည်းအဝေးများ၊ အတူသင့်ပြုံ အလုပ်သမား ညီလာခံများသို့ မပြတ်မနေ တက်ရောက် မိန့်ခွန်းပြောကာ မိမိသည် ပါတီကို အစည်းအလုံးပြည့်စွာ ဦးဆောင်မှုပေးနိုင်သူ ဖြစ်ကြောင်း ပြသနေရလေသည်။

http://myanmarebooksfree.blogspot.com

ထို့ပြင် သူမသည် မိန်းမသားဖြစ် သော်လည်း ရေနှစ်မျှသွဲ့ ခေါင်းဆောင် မျိုးမဟုတ်။ ယောက်ျားတွေထက် ပြတ်သားသူ ဖြစ်သည်ဟု ပေါ်လွင်အောင် ဓါရုံတောက်စကားများ ပြောရသေးသည်။

မဂ္ဂရက်သက်ချာသည် ပါတီတွင်း၌ မစ္စတာဟီသ်၏ လက်ရုံး အကြွင်းအကျန်များကိုလည်း ရှင်းခဲ့ရပြန်သည်။ မစ္စတာ ဟီသ်သည် ကွန်ဆာဗေးတစ်ပါတီခေါင်းဆောင်အဖြစ် ၁၀ နှစ်တာမျှ တာဝန်ယူ သွားသည်ဖြစ်ရာ မစ္စတာ မိုက်ကယ်ဝုလ်ဖ်သည် မစ္စတာဟီသ်၏ ပုဂ္ဂိုလ်ရေး အကြံပေးဖြစ်ခဲ့သည်။ ထို့နောက် လွန်ခဲ့သော တစ်နှစ်ကပင် မစ္စတာဝုလ်ဖ်အား ပါတီ ဗဟိုရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် မစ္စတာ ဟီသ်က ခန့်အပ်ခဲ့သည်။

မဂ္ဂရက်သက်ချာ ပါတီခေါင်းဆောင် ဖြစ်လာပြီး လပိုင်းအတွင်းမှာပင် ပါတီ ဗဟိုရုံး ဖွဲ့စည်းပုံအစီအစဉ်တွေကို ပြင်ဆင်ရန် တာဝန်ပေးခြင်းခံရသော လော့ဒ်သွန်နီခရော့ဖ်က မစ္စတာ ဝုလ်ဖ်အား တာဝန်မှ ရပ်စဲလိုက်သည်။ သူ့နေရာတွင် ခရိုင်ဒန် တောင်ပိုင်း မဲဆန္ဒနယ်မှ ပါတီမန်နေဂျာ မစ္စတာဗင်လျှကလပ်ကို ခန့်အပ်လိုက်သည်။

မစ္စတာဝုလ်ဖ်နှင့် မစ္စတာကလပ်တို့ကို အရည်အချင်းပိုင်း ယှဉ်ကြည့်လျှင် အလွန်သိသာသည်။ မစ္စတာဝုလ်ဖ်သည် ပါတီခေါင်းဆောင်ဟောင်း မစ္စတာဟီသ်၏ ပုဂ္ဂိုလ်ရေးအကြံပေးလုပ်ခဲ့သည်ကလွဲ၍ ပါတီအုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးတွင် အတွေ့အကြုံဘာမှမရှိသူဖြစ်၏။ သူ့ကို ရာထူးကို ပါတီဗဟိုရုံး ညွှန်ကြားရေးမှူး ချုပ်ရာထူးတွင် မြန်တကြီး ခန့်အပ်ခဲ့စဉ်က တအံ့တသြဖြစ်ခဲ့ကြရသေးသည်။

မဂ္ဂရက် သက်ချာက ညွှန်ကြားရေးမှူးချုပ်အဖြစ် ခန့်အပ်တာဝန်ပေး ခြင်းခံရသော မစ္စတာကလပ်မှာ ပါတီတွင် အတွင်းကျကျ အလုပ်လုပ်ခဲ့သူဖြစ်သည်။ ပါတီဘဏ္ဍာရေးမှူးအဖွဲ့တွင် အချိန် အတော်ကြာ ပါဝင် တာဝန်ယူခဲ့မှု၍ အတွေ့အကြုံများစွာရှိခဲ့သူဖြစ်သည်။

ပါတီဗဟိုရုံးကို တာဝန်ယူ အုပ်ချုပ်ရသူသည် နိုင်ငံရေးမူဝါဒပိုင်းတွင် ပါဝင်စွက်ဖက်ခွင့်မရှိသော်လည်း ပါတီဝန်ထမ်းများ စည်းကမ်းထိန်းသိမ်းရေးနှင့် ငွေရေးကြေးရေးတို့ကို စနစ်ကျအောင် စီမံခန့်ခွဲရသည်။ ပါတီခေါင်းဆောင်ပိုင်းမှ ပုဂ္ဂိုလ်များ၊ နိုင်ငံရေး စည်းရုံးရေးသမားများ ထွက်လျှင် အဆင်ပြေချော မွေ့အောင် စီစဉ်ဆောင်ရွက်ပေးရသည်။ ထိုရာထူးမျိုးတွင် တာဝန်ယူရသူသည် အရည်အချင်းပြည့်ဝရုံမျှကား လက်ရှိ ပါတီခေါင်းဆောင်ပိုင်းကို သစ္စာရှိသူ ဖြစ်ဖို့

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



အရေးအရာကြီးသည်။ ထို့ကြောင့်လည်း မဂ္ဂရက်သက်ချာကိုယ်တိုင် ဝေဖန် သွန်းနီစရေးရှ်က မစ္စတာဂုလ်စ်ကို ဖြုတ်၍ မစ္စတာကာလဟန်ကို ခန့်အပ်တာဝန်ပေး ခြင်း ဖြစ်သည်။

မစ္စတာဂုလ်စ်ကို ဖြုတ်လိုက်ခြင်းကြောင့် မစ္စတာဟီသ်အား ထောက်ခံသူ များထက်က အမျက်ချောင်းထွက်ကုန်ကြသည်။ အတိအလင်းထုတ်ဖော်ကန့်ကွက် ကြသူများလည်းရှိသည်။

ဗြိတိသျှနိုင်ငံရေးတွင် သတင်းစာများကလည်း နိုင်ငံရေးလှုပ်ရှားမှုတိုက်ပွဲ ရပ်တည်လေ့ရှိသည့်ဖြစ်ရာ တိုင်းမ်သတင်းစာကြီးက မစ္စတာဟီသ်နှင့် သဘောထားတူ သည့်အလျောက် မစ္စတာဂုလ်စ်အား ဖြုတ်ပယ်ခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက် ရေးသားလေသည်။ မစ္စတာဂုလ်စ်သည် အတွေ့အကြုံရှိသော ဖြိုင်ရေးသမား လူငယ် စီမံခန့်ခွဲရေးမှူးတစ်ဦး ဖြစ်ပြီး ခေတ်နောက်ပြန်ဆွဲနေသူ အများစုထက် မတရားလုပ်ခြင်းခံရသည်ဟု တိုင်းမ်သတင်းစာက ရေးသည်။ မစ္စတာကာလဟန်ကိုမူ ကျဉ်းမြောင်းသော လက်ယာအမြင်ရှိသူတစ်ဦး ဟု ပုတ်ခတ်ရေး၏။ ထိုစဉ်က တိုင်းမ် သတင်းစာ အယ်ဒီတာချုပ် မစ္စတာရီးမော့ဂ်သည် သူ့မိတ်ဆွေများကို ထိလျှင် မရှိအောင် နာတတ်သူဟု နာမည်ကြီးသည်။ မစ္စတာဂုလ်စ်သည် မစ္စတာမော့(ဂ်)၏ မိတ်ဆွေရင်းချာတစ်ဦး ဖြစ်လေသည်။ သို့ဖြစ်ရာ တိုင်းမ်သတင်းစာသည် "မုန်းသူကို နာစေ"ဟု ရေးမရေး မသေချာသော်လည်း ချစ်သူကို သာစေရန် ရေးခဲ့သည်ကိုကား ငြင်းကွယ်၍မရပေ။

"ချစ်သူကို သာစေ မုန်းသူကို နာစေ" ဟူသောသဘောမှာ နိုင်ငံရေး လောကတွင် ရှိ၍ပေါ်လွင်သည်။ သို့ဖြင့် မဂ္ဂရက်သက်ချာသည် မိမိအား သစ္စာရှိရှိ ထောက်ခံမည့်သူများကိုသာ ပါတီဌာနချုပ်ရုံးတွင် ခင်းကျင်းဖြည့်ဆည်းထားရှိလေသည်။

မဂ္ဂရက်သက်ချာ ကွန်ဆာဗေးတစ်ပါတီခေါင်းဆောင်ဖြစ်လာချိန် (၁၁ ဖေဖော်ဝါရီ ၁၉၇၅) သည် ပြိုင်ဘက်ဖြစ်သော လေဘာပါတီ အာဏာရနေချိန် ဖြစ်သည်။ ထိုစဉ်က လေဘာပါတီ ခေါင်းဆောင်ပိုင်းတွင် လက်ဝဲဂိုဏ်းသူများက အပေါ်စီး ရနေ၏။ စင်စစ်အားဖြင့် သူတို့အချင်းချင်းလည်း တစ်ယောက်ကိုတစ်ယောက် လုံးဝ ကြည်လင်ကြသည်မဟုတ်။ သို့သော် ပါတီအကျိုးစီးပွားအတွက် လေဘာ ပါတီထိပ်ပိုင်းခေါင်းဆောင်များသည် နားလည်မှု ရအောင်ယူကာ ညီညွတ်ရေး ထူထောင်ထားကြသည်။

http://myanmarebooksfree.blogspot.com

မက်ဂရက်သက်ချာက လေဘာပါတီ ထိပ်သီးခေါင်းဆောင်သုံးဦးဖြစ်သော တိုနီ ဘင်း၊ မိုက်ကယ်ဖွတ်နှင့် ဟာရိုးလ် ဝီလ်ဆင်တို့ကို နာမည်နှင့် နာမဝိသေသန စကားလုံးတွေများ သုံးကာ ထိုးနှက်တိုက်ခိုက်ခဲ့၏။ "Bigot Benn, Foolish Foot, Wily wilson" "တစ်ယူသန်ဘင်း၊ ရူးနှမ်းတဲ့ဖွတ်၊ လှည့်စားတဲ့ ဝီလ်ဆင်" ဟူ၍ ဟာသနှောပြီး ပြောဆိုခဲ့ရာ တက်ယာရိုင်း ကွန်ဆာဗေးတစ်က အထူးသဘောကျခဲ့ကြသည်။

ထိုအချိန်က ဗြိတိန်နိုင်ငံ ဥရောပ စီးပွားရေးအသင်း (EEC) သို့ ဝင်ရောက်ရေးအတွက် လေဘာပါတီခေါင်းဆောင်များကြားတွင် သဘောကွဲလွဲနေကြသည်။ လက်ဝဲယိမ်းသူများက ကန့်ကွက်ပြီး လက်ယာယိမ်းသူများက ထောက်ခံသည်။

မက်ဂရက်သက်ချာက လေဘာပါတီတွင်းမှ အကွဲအပြဲကို သူတို့ပါတီထဲမှာ ရှင်းသင့်ကြောင်း ဆုံးဖြတ်ချက်ကို ပြည်သူလူထုကသာ ပေးရမည်ဖြစ်ကြောင်း ပါလီမန်ကလည်း အဆုံးအဖြတ်ပေးနိုင်ကြောင်း အစိုးရအနေဖြင့် ဆုံးဖြတ်ချက် ချရန် တာဝန်မရှိကြောင်း ပြောကြားသည်။ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲပြုလုပ်ရန် တောင်းဆိုခဲ့လေသည်။

မက်ဂရက်သက်ချာသည် ကွန်ဆာဗေးတစ်ပါတီခေါင်းဆောင်အဖြစ် လွှတ်တော်တွင် ပထမဆုံးအကြိမ် မိန့်ခွန်းပြောခြင်း ဖြစ်သည်။

သူမမိန့်ခွန်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကျွမ်းကျင်သူ ရေနေ့ ဒိုင်စီး (Dicey) နှင့် လေဘာနိုင်ငံခြားရေးဝန်ကြီးဟောင်း မစ္စတာ မိုက်ကယ် စတူးဝပ် တို့အား ရည်ညွှန်းကိုးကားသွားသည်။ မစ္စတာ စတူးဝပ်မှာ နိုင်ငံရေးသိပ္ပံများ အကြောင်း စာအုပ်ရေးခဲ့သူဖြစ်သည်။ ဒိုင်စီးကတော့ အမျိုးသမီးများ တန်းတူ အခွင့်အရေး မရသင့်ကြောင်း ရေးခဲ့သူဖြစ်၏။ မက်ဂရက်သက်ချာက ကျွန်မတို့ပါတီ မှာတော့ အခွင့်အရေးအားလုံးကို အမျိုးသမီးတွေရကြပါတယ်ဟု ပြောလိုက်ရာ လွှတ်တော်တစ်ခုလုံးပွဲကျသွားလေသည်။

မက်ဂရက်သက်ချာလွှတ်တော်တွင် မိန့်ခွန်းပြောပြီးနောက် ကွန်ဆာဗေးတစ် ပါတီအပေါ် လူထုထောက်ခံမှုများလာကြောင်း လူထုဆန္ဒစနည်းနာမှုစာရင်းများ တွင် ရလာဒ်ကောင်း ထွက်ပေါ်လာခဲ့သည်။

ထိုရက်ပိုင်းအတွင်း ကနေဒါနိုင်ငံ ဝန်ကြီးချုပ် မစ္စတာထရူဒိုး လန်ဒန်သို့ ရောက်လာသည်။ ဥရောပဘုံဈေးအဖွဲ့ဝင်နိုင်ငံများသို့ လှည့်လည်သွားရောက်သည့်

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



ခရီးတစ်ထောက်ဖြစ်သည်။

မော်လ်တာသမ္မတကြီးက EEC နှင့် ကနေဒါနိုင်ငံ ဆက်သွယ်ဆောင်ရွက်ရေးကို လိုလားသည့်သဘောထားရှိသည်။ သူသည် လေဘာဝန်ကြီးချုပ် မော်လ်တာဗိုင်ဆင်နှင့် လေဘာပါတီခေါင်းဆောင်တစ်ဦး ဖြစ်သော မော်လ်တာကက်သလစ်တို့နှင့် တွေ့ဆုံဆွေးနွေးပြီး အတိုက်အခံခေါင်းဆောင် မစ္စက်သက်ချာနှင့်လည်း နာရီဝက်ကြာမျှ လာရောက်တွေ့ဆုံသွားသည်။

ထိုစဉ်က ဖြစ်ရပ်တစ်ခုကို သတင်းထောက်များက မှတ်မိနေကြသည်။ မော်လ်တာ သမ္မတနှင့် မစ္စက်သက်ချာ ယှဉ်တွဲပြီး ဓာတ်ပုံရိုက်ခံကြရာတွင် ဓာတ်ပုံရိုက်ကျွမ်းကောင်းအောင် တစ်ဦးနှင့်တစ်ဦး ပို၍ နီးနီးကပ်ကပ် ရပ်ပေးပါရန် ပြောသည်ကို မစ္စက်သက်ချာက အမှုမဲ့စကားကောက်လွှဲပြီး "ရှင်တို့ နောက်ထပ် နောက်ထောက်မလုပ်ပါနဲ့" ဟု ခေါက်သံဖြင့် ပြောလိုက်၍ ဟိုက်ဝင်ရယ်မောသော ဖြစ်ရပ်ကြီးဖြစ်သည်။

http://myanmarebooksfree.blogspot.com

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

(၁၀)

# အိမ်ထောင်ရေးနှင့် နိုင်ငံရေး

မစ္စက်သက်ချာသည် နိုင်ငံရေးကိစ္စများတွင် နိုင်ငံရေးဆန်သော်လည်း လူမှုရေးအပိုင်းတွင် အမြဲလိုလို စိတ်ထဲရှိသည့်အတိုင်း ဘွင်းဘွင်းရှင်းရှင်း ပြောလေ့ရှိသည်။ ပညာရေးဝန်ကြီးဘဝက အစည်းအဝေးထိုင်နေရင်း သူမ၏ လက်ပတ်နာရီကို ကြည့်ကာ "ကဲ... နာရီကြည့်စို့ ကျွန်မ ဒီကနေ အိမ်အပြန်မှာ ထမ်းဆောင်က ကုန်စုံဆိုင်ကိုဝင်ပြီး ဒင်းနစ်မှာထားတဲ့ ဝက်ပေါင်ခြောက် နည်းနည်းဝယ်သွားရဦးမယ်" ဟုပြောကာ အစည်းအဝေးကို ဖြတ်ခဲ့ဖူးသည်။ ဝန်ကြီးနှင့်အတူ အစည်းအဝေးထိုင်နေသော ပညာရေးဌာနအရာရှိကြီးများမှာ ငိုရမလို ရယ်ရမလို ဖြစ်ကုန်ကြသောဟူ၏။ (ဒင်းနစ်မှာ မစ္စက်သက်ချာ၏ခင်ပွန်း ဒင်းနစ်သက်ချာဖြစ်သည်။)

မစ္စက်သက်ချာနှင့် ရင်းနှီးသူများက ဝက်ပေါင်ခြောက်ဝယ်တာလောက်တော့ အတွင်းရေးမှူးတစ်ယောက်ယောက်ကို ခိုင်းလို့မဖြစ်ဘူးလားဟု မေးကြည့်ရာ သူမက

"ဒင်းနစ်ကြိုက်တတ်တဲ့အမျိုးအစားကို ကျွန်မပဲသိတာ"

ဟု ပြန်ပြောလေသည်။

မစ္စက်သက်ချာသည် နိုင်ငံရေး တာဝန်တွေ ဘယ်လောက်များများ အိမ်မှုကိစ္စများကို ကိုယ်တိုင်လုပ်သည်ဆိုခြင်းမှာ စတန့်ထွင်နေခြင်းမဟုတ်။ သူမကိုယ်တိုင် လိုလိုလားလားလုပ်နေခြင်းဖြစ်သည်။ နိုင်ငံရေးသမားဘဝနှင့်

http://myanmarebooksfree.blogspot.com

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



အိမ်ရှင်မဘဝကို နှစ်ထက်ဝင်စားမလယ်ဟန်ဆောင် နွဲ့ဝေလှုပ် ဆောင်နေခြင်းပင်။ သူမသည် အမြဲတမ်း နိုးကြားလျက် ရှိသည်။ အိမ်မှုကိစ္စ ဆောင်ရွက်စရာ ရှိသည်များကို တရွက်ပြီးရေးမှတ်ထားပြီး ဆောင်ရွက်ပြီးသည်များကို တစ်ခုချင်း ဖျက်သိမ်းလေသည်။ ယင်းသို့ ပြုလုပ်ခြင်းကို စီမံခန့်ခွဲရေးပညာရှင်များက "အလျားလိုက် စီစဉ်ဆောင်ရွက်နည်း" (Linear Programming) ဟု ခေါ်ဝေါ်များမှား မှည့်ပေးထားလေသည်။

သူမသည် အိမ်ရေးကိုတော့ ဝဒေါင်းအိမ်လေ့ရှိသည်။ ညနက်သည် အထိ အလုပ်လုပ်၍ နာရီပြန်တစ်ချက် တစ်ချက်ခွဲမတိုင်မီအိပ်ခဲ့သည်။ နံနက်တွင် (၇)နာရီလောက်မှ အိပ်ရာကထသည်။ မိသားစုအတွက် မနက်ခင်းလက်ဖက်ရည် နှင့် မုန့်ပြီးစွယ် နံနက်စာကို ကိုယ်တိုင်ပြင်ဆင်သည်။ ဝန်ကြီးချုပ်ဖြစ်ချိန် အထိ ကိုယ်တိုင်ဈေးဝယ်သည်။ ကိုယ်တိုင် ချက်ပြုတ်သည်။ အချိန်ကလေးရလျှင် အိမ်တွင်းအလှဆင်မှုကိုလည်း ကိုယ်တိုင်လုပ်ကိုင်လေသည်။

မစ္စက်သက်ချာသည် အစားအသောက်ကိုတော့ စိမ်ခံစားလေ့မရှိ။ နံနက်စာ ညစာ အားလုံးကို ခပ်သုတ်သုတ် ခပ်မြန်မြန်ပဲစားသည်။ အရက်ကိုမူ သောက်သည် ဆိုရုံ စတိုမျှ သောက်သည်။ ဆေးလိပ် လုံးဝမသောက်။ ၁၉၇၄ တွင် မစ္စက်သက်ချာသည် "ပိုမှန်အတွက် ဆေးလိပ် လုံးဝမသောက်သူ" အဖြစ် ရွေးချယ်ခံခဲ့ရ၏။ သူမသည် အချိန် အတော်များများ ကိုယ်တိုင်ကားမောင်းသည်။ သို့သော် တစ်ကြိမ်မျှ ယာဉ်စည်းကမ်းဖောက်ဖျက်မှုဖြင့် ဆင့်ခေါ်စာပေး ခြင်းမခံရဖူးချေ။ ကားမရပ်ရနေရာမှာ ကားရပ်မှုလောက်ပင် မဖြစ်ဖူးခဲ့။

မစ္စက်သက်ချာသည် အလုပ်များလွန်း၍ နှစ်ခြင်းစားခွင့်ရှိသော အားလပ်ရက်များကိုပင် မယူဖြစ်သည်က များသည်။ ယခင်ကမူ မိသားစုနှင့် ရေခဲပြင် လျှောစီး ထွက်လေ့ရှိ၏။ ရက်ရှည်အားလပ်ခွင့်မယူနိုင်ချိန်၌မူ အချိန်ရလျှင် တီဗီကြည့်သည်။ စုံထောက်ဝတ္ထုများဖတ်သည်။ စာရေးတီးသည်။ ရုပ်ရှင် ဂလင်မီလာဂန်နှင့် ကိုဗင်ဥယျာဉ်၌ ပြဇာတ်သွားကြည့်သည်။ မစ္စက်သက်ချာ ပုံမှန်ဖတ်သော သတင်းစာများမှာ လန်ဒန်တိုင်း၊ ဒေးလီး မေးလ်နှင့် ဒေးလီး တယ်လီဂရပ်ဖ်ဖြစ်သည်။

မစ္စက်သက်ချာသည် အဝတ်အစားကို အမြဲတမ်း သပ်သပ်ရပ်ရပ် ဝတ်ဆင်တတ်သည်။ ခန္ဓာကိုယ်ဝဖြိုးလာခြင်းမရှိအောင် ထိန်းထားနိုင်သည်။ သက်ဝတ်ရတနာအဖြစ် ခင်ပွန်း ဒင်းနစ်သက်ချာက မွေးနေ့လက်ဆောင်

http://myanmarebooksfree.blogspot.com

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



ပေးထားသော ပုလဲလည်ဆွဲကို နှံ့နှံ့မင်မင် ဝတ်ဆင်လေ့ရှိသည်။ ထို့ပြင် ခံ့ညားကာလေးသော လက်ဆောင်ပင် ဖြစ်သည့် အရောင်စုံ ကျောက်များစီခြယ်ထားသည့် လက်ကောက် တစ်ကွင်းကိုလည်း ဝတ်လေ့ရှိ၏။ (ဖေဖော်ဝါရီ ၁၉၇၄ ရွေးကောက်ပွဲအချိန်က သူမ၏နေအိမ် ပေါက်ဝတွင် ခိုးယူ ခံခဲ့ရသေးသည်။ ထိုစဉ်က ပုလဲသွယ်နှင့်လက်ကောက်ကို မဂ္ဂရက် သက်ချာ ဝတ်ဆင်ထား၍ သူခိုးလက်သို့ မပါသွားချေ)

မဂ္ဂရက်သက်ချာသည် မေဖဲယားရှိ ရာလ်မားစ်ဆိုင်သို့ ဆံပင်အလှပြင်ရန် ပုံမှန် သွားသည်။ ထိုဆိုင်မှာ ဈေးနှုန်းကြီးမြှင့် အထက် တန်းစားများ သုံးသော ဆိုင် မဟုတ်။ လူလတ် တန်းစားတို့ အသုံးများသည့်ဆိုင် ဖြစ်သည်။ မဂ္ဂရက်သက်ချာသည် ဆံပင်အလှပြင်သည့် ဆိုင်ရှေ့ရပ်ပြင် လူလတ်တန်းစားအမျိုးသမီးတို့၏ ကျေနပ်မှုကို ရယူနိုင်စွမ်းရှိခဲ့လေသည်။

မာဂရက်သက်ချာ နိုင်ငံရေးတာဝန် များကို နောက်ဆံမတင်းဘဲ လုပ်ကိုင်နိုင်ခြင်းမှာ အိမ်ထောင်ရေးသာယာခြင်း ကြောင့်ဖြစ်သည်ဟု မစ္စတာသက်ချာ၏ အတ္ထုပ္ပတ္တိရေးသူတစ်ဦးဖြစ်သော ရပ်ဆဲလ် လူးဝစ်က ဆိုသည်။

မာဂရက်သက်ချာ
နိုင်ငံရေးတာဝန်
များကို
နောက်ဆံမတင်းဘဲ
လုပ်ကိုင်နိုင်ခြင်းမှာ
အိမ်ထောင်ရေး
သာယာခြင်း၊
ကြောင့်ဖြစ်သည်ဟု
မစ္စတာသက်ချာ၏
အတ္ထုပ္ပတ္တိရေးသူ
တစ်ဦးဖြစ်သော
ရပ်ဆဲလ်လူးဝစ်က
ဆိုသည်

သူမ၏ခင်ပွန်း ဒင်းနစ်သက်ချာသည် အလွန်အလုပ်များသူတစ်ဦးဖြစ်သော်လည်း အချိန်များစွာပေး၍ သံယောဇဉ်နှောင်ဖွဲ့သူ ဖြစ်လေသည်။

ဒင်းနစ်သည် ဝတ်ဖြိုးမြို့ရှိ မိသားစု ပိုင် ဆေးသုတ်ဆေးစက်ရုံတွင် မန်နေဂျင်း ဒါရိုက်တာ အဖြစ် တာဝန်ယူချိန်၌ ခန်းလောင်း မာဂရက်နှင့်

http://myanmarebooksfree.blogspot.com

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



တွေ့ခဲ့ခြင်းဖြစ်သည်။ ခင်နှစ်၏ ခင်ဖိုးတက်ရုံကို နောက်ပိုင်းတွင် ကက်စထရောက်ကုမ္ပဏီက ဝယ်ယူလိုက်သည်။ ထို့နောက် ကက်စထရောက် ကုမ္ပဏီမှ ဘားမားအွိုင်း (Burmah Oil) ကုမ္ပဏီလက်သို့ ရောက်သွားသည်။ ခင်နှစ်သည် ဘားမားအွိုင်းလ်ကုမ္ပဏီ ဘဏ္ဍာရေး စီမံကိန်းညွှန်ကြားရေးမှူး အဖြစ်မှ အငြိမ်းစားယူခဲ့သည်။ အငြိမ်းစား ယူပြီးနောက် မိသားစုစီးပွားရေးကို ဦး၍ အချိန်ပေး တာဝန်ယူခဲ့လေသည်။

ခင်နှစ်သက်ရှာသည် အရည်အချင်းပြည့်ဝပြီး အလုပ်ကြိုးစားသူ လူကိုး လူချွန်တစ်ဦးဖြစ်သည်။ သူ့ဇနီး၏ စွမ်းဆောင်ချက်များအတွက် အလွန်ဂုဏ်ယူ သူလည်းဖြစ်သည်။ ခင်နှစ်သည် ဂေါက်သီးရိုက်သမားတစ်ဦးလည်းဖြစ်သည်။ ရပ်(ဂ်)ဘီကစားပွဲများတွင် ဒိုင်လူကြီးကောင်းတစ်ဦးအဖြစ် တာဝန်ထမ်းဆောင် လေ့ရှိသည်။

ခင်နှစ်နှင့် မာဂရက်တို့မှ အမြွာကလေးများ မွေးခဲ့ရာ ယောက်ျားလေးဖြစ်သူ ဟာ(န်)သည် ဟဲရိုးကောလိပ်သို့ တက်ရောက်နိုင်ခဲ့သည်။ ထို့နောက် အောက်စဖို့တက္ကသိုလ်သို့တက်ပြီး မှတ်ပုံတင် စာရင်းကိုင်ဘွဲ့ရရှိသည်။ ဟာ(န်)သည် စကားပြောလျှင် ဘွင်းဘွင်းကြီး ပြောတတ်ပြီး မြန်မာကောင်း ပီသနေပါသည်။ ဒီခင် ဖြစ်သူ ပါတီခေါင်းဆောင်ရွေးပွဲ၌ ပါဝင် ယှဉ်ပြိုင်စဉ်က ဒီခင်နှင့် မခွာဘဲ လိုက်ပါ စောင့်ရှောက်နေခဲ့သည်။

အမြွာမိန်းကလေးဖြစ်သူ ကယ်ရိုးလ်မှာမူ ဒီခင်ကြောင့် လူအများ၏ စိတ်ဝင်စားမှုကို ကျေနပ်သာယာမှုမရှိဘဲ စိတ်အနှောင့်အယှက်ဖြစ်ခဲ့သည်ဟု ဆိုသည်။ ကယ်ရိုးလ်က ဥပဒေပညာရပ် ဆည်းပူးသည်။ ဥပဒေဘွဲ့ရပြီးနောက် ဗီးရှောင်းအောက်ကာဘာတကို မနှစ်သက်၍ နယ်များတွင် အလုပ်လုပ်ရန် ဆုံးဖြတ်ခဲ့သည်။ မန်ချက်စတာမြို့ရှိ ရှေ့နေအဖွဲ့ တစ်ဖွဲ့တွင် သွားရောက် အမှုထမ်းရာ သူမ၏ ဥပဒေရေးရာကျွမ်းကျင်မှုကြောင့် အလုပ်ရှင်များက အလွန်ကျေနပ်ကြသည် ဟု ဆိုသည်။

သူတို့မောင်နှမ ကျောင်းမပြီးသေးမီအချိန်တွင် မဂ္ဂရက်သက်ရှာသည် ပညာ ရေးဝန်ကြီးအဖြစ် တာဝန်ယူလျက်ရှိသည်။ သူမ၏ စည်းကမ်းကိုင်မှု များကြောင့် လူမုန်းများနေချိန်ဖြစ်၏။ သို့သော် ဟာ(န်) နှင့် ကယ်ရိုးလ်သည် နဂိုကပင် ဝန်ကြီး သားသမီးဟူ၍ မောက်မာထောင်လွှားခြင်း မရှိသဖြင့် သူတို့အပေါင်းအသင်းများက အခင်မင်မပျက် ဆက်ဆံကြသည်။ သူတို့

http://myanmarebooksfree.blogspot.com

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



တက်ရောက်သောကျောင်းအသီးသီးတွင် လူချစ်လူခင်များသည့်အပြင် ပါဝင်ကြပေသည်။

မာဂရက်သက်ချာမှာမူ နိုင်ငံရေးသမားတို့၏ထုံးစံအတိုင်း ချစ်သူရှိသလို မုန်းသူ များလည်း ရှိသည်။ ချစ်သူခင်သူအား ကောင်းချိန်တွင် လုပ်သမျှ ဟန်ကျသမျှ ဖြစ်နေသည်။ နောက်ဆုံး ကျဆုံးချိန် (၁၉၉၀) ရောက်သောအခါ ချစ်သူခင်သူအား ဝေးလှသွားကာ ပါတီခေါင်းဆောင်နှင့် ဝန်ကြီးချုပ်အဖြစ်မှ ဆင်းပေးခဲ့ရပေသည်။

ရာထူးရှိနေချိန်တွင်လည်း မာဂရက်သက်ချာသည် တတိယရပ်မြေ ဂရုသမ် ဖြိုကာသောကို မေ့လျော့နေခဲ့သည်ဟု ပြစ်တင်ဝေဖန်သူများရှိသည်။ အထူးသဖြင့် တတိယရပ်မြေတွင် နိမ့်ကျနေကြသော မိဆို ဖဆိုးများအား ပစ်ထားသည်ဟုလည်း အပြောခံရသည်။

စင်စစ်မှာမူ တိုးဝေပြောင်းလဲမှုများ ဖန်တီးပေး မာဂရက်သက်ချာသည် သူမ၏ ဖခင်ကြီးကို အလွန်ချစ်သည်။ သူတို့ ညီ အစ်မနှစ်ယောက်အနက် ညီမဖြစ်သူ မြူရီယယ်က မအေချစ် ဖြစ်ပြီး မာဂရက်က ဖအေချစ် ဖြစ်ပေသည်။ သူတို့ ညီအစ်မသည်လည်း တစ်ယောက်နှင့် တစ်ယောက် သဘောကွဲကြသည်။ မြူရီယယ်သည် လယ်သမားတစ်ယောက်နှင့် အိမ်ထောင်ကျကာ နယ်မှာပဲ နေထိုင်သည်။ သူမ၏ ခင်ပွန်းလောင်းမှာ မာဂရက်သက်ချာနှင့် ရင်းနှီးသူဖြစ်ပြီး ၁၉၄၉ တွင် မြူရီယယ်နှင့် မာဂရက် မိတ်ဆက်ပေးရာမှ အဆက် ဖြစ်သွားပြီး အိမ်ထောင်ဖက်ဖြစ်ခဲ့သည်။

မြူရီယယ်သည် လန်ဒန်သို့ အလည်သွားလျှင် ဟိုတယ်မှာ၌ တည်းခို ခြင်းမပြု ချုပ်ဝင်စီးစေရန်ရှိ မာဂရက်သက်ချာ၏အိမ်၌မူ တည်းခိုလေသည်။

မာဂရက်သက်ချာသည် မိသားစုရေး နှင့် ဆွေမျိုးသားချင်းကိစ္စများအတွက် ပူပန်စရာမလိုဘဲ နိုင်ငံရေးကို ပြောင်ပြောင်တင်းတင်း လုပ်နိုင်ခဲ့သည်။

http://myanmarebooksfree.blogspot.com

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



နံပါတ် ၁၀ ဒေါင်းနင်းလမ်း၊ လန်ဒန်မြို့၊ ဝန်ကြီးချုပ်နေအိမ်သို့
အတိုက်အခံပါတီ ခေါင်းဆောင်၊ ဧည့်သည်အဖြစ်လာရောက်စဉ် ၁၉၇၅
(မစ္စက်သက်ချာသည် ၁၉၇၉ တွင်မှ ဝန်ကြီးချုပ် ဖြစ်လာသည်။)

http://myanmarebooksfree.blogspot.com

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

(၁၁)

# ရင်ဆိုင်ခဲ့ရသော ပြဿနာများ

မစ္စသက်ချာ ပါတီ ခေါင်းဆောင်ဖြစ်လာချိန်တွင် ကွန်ဆာဗေးတစ်ပါတီသည် စိတ်ဝမ်းကွဲမှုများ ရှိနေသည်ဖြစ်ရာ အချင်းချင်း ပြန်လည် ရင်ကြားစေ့ရေးကို ဦးစားပေး ခဲ့ရသည်။ သို့သော် မစ္စသက်ချာက သူမနှင့် ရင်ကြားမစေ့နိုင်သူများ အပေါ်၌မူ ဖြတ်သားခဲ့သည်။ ညှိနှိုင်းရေးဆိုသည်မှာ စိတ်တူ ကိုယ်တူ ရှိသူများအချင်းချင်း ညှိနှိုင်းမှုသာ ဖြစ်ပြီး မချစ်သော်လည်း ဆောင့်ကာနမ်း ရသည့် အနေအထားမျိုးဖြင့် ညှိနှိုင်းရေးလုပ်ဆောင်လျှင် ကြာကြာမခံဘဲ ပြိုကွဲသွားမည်သာ ဖြစ်သည်ဟု မစ္စသက်ချာ ခံယူသည်။ ထို့ကြောင့် သူမနှင့် သဘောမတိုက်ဆိုင်သူများကို တဖြည်းဖြည်း ဖယ်ရှားပြီး မိမိ မူဝါဒလမ်းစဉ်ကို နမ်းနမ်းကာကာ ထောက်ခံသူများဖြင့်သာ အဖွဲ့ ဖွဲ့စည်းခဲ့ လေသည်။

မစ္စသက်ချာသည် ၄ မေ ၁၉၇၉ တွင် အစိုးရအဖွဲ့သစ်ကို ဦးဆောင် ဖွဲ့စည်းသည်။ ဗြိတိန်နိုင်ငံ၏ စီးပွားရေး ကျဆင်းနေမှုကို ပြန်လည်တွန်းတင်ရန် နှင့် စီးပွားရေးတွင် နိုင်ငံတော်အခန်းကဏ္ဍကို လျှော့နိုင်သမျှ လျှော့ချရန် ရည်ရွယ်လေသည်။ နိုင်ငံတကာဆက်ဆံရေး၌လည်း ဗြိတိသျှအင်ပါယာခေတ်က ကြီးကျယ်မှုကို ပြန်လည်ရအောင် ရည်မှန်းချက် ထားရှိခဲ့၏။

မစ္စသက်ချာ ဗြိတိန်တွင် ဝန်ကြီးချုပ်ဖြစ်ပြီး တစ်နှစ်ကျော်မျှအကြာ တွင် အမေရိကန်ပြည်ထောင်စုတွင် ရော်နယ်ရေဂန် သမ္မတဖြစ်လာသည်။ ထို့



http://myanmarebooksfree.blogspot.com

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



နောက် လေးနှစ်ခန့်အကြာတွင် ကနေဒါနိုင်ငံ၌ ဘရိုင်ယန်မာလ်ရိုနီ ဝန်ကြီးချုပ် ဖြစ်လာသည်။ ကမ္ဘာတွင် ကွန်ဆာဗေးတစ်များ ကြီးစိုးသည့်ခေတ်တစ်ခေတ် ပေါ်ထွန်းခဲ့သည်ဟု ဆိုနိုင်သည်။ မာ့ဂရက်သက်ချာသည် အတွေးအခေါ်ပိုင်းနှင့်ရော လုပ်ရပ်များတွင်ပါ ရော်နယ်ရေဂင်နှင့် အလွန်သဘောတူညီခဲ့လေသည်။

## မြောက်ပိုင်းအိုင်ယာလန် ပြဿနာ

မာ့ဂရက်သက်ချာသည် ၁၉၇၉ မှ ၁၉၉၀ အထိ ၁၂ နှစ်ကြာမျှ ဗြိတိန်နိုင်ငံ ဝန်ကြီးချုပ်အဖြစ် တာဝန်ယူသွားသည့် သက်တမ်းအတွင်း မြောက်ပိုင်း အိုင်ယာလန်ပြဿနာ ဖောက်ကလန်ကျွန်းစစ်ပွဲနှင့် စစ်အေးတိုက်ပွဲ အရှိန်မြင့်မှု တို့ကို ဖြတ်သန်းခဲ့ရသည်။

နိုင်ငံရေးသမားတစ်ဦးအနေဖြင့် ခက်ခဲလှသော အတွေ့အကြုံများ ဖြစ်သည်။

အထူးသဖြင့် မြောက်ပိုင်းအိုင်ယာလန်ပြဿနာမှာ ပြည်တွင်းရေးဖြစ်၍ ကိုင်တွယ်ရာတွင် အလွန်သိမ်မွေ့ရသည်။ ဗြိတိသျှလက်အောက်မှ လွတ်မြောက်ရေးအတွက် လက်နက်ကိုင်လှုပ်ရှားနေသော အိုင်အာအေ (IRA)ခေါ် အိုင်းရစ် ရီပတ်ဘလီကင် တပ်မတော် (Irish Republican Army- IRA) နှင့် အိုင်းရစ် အမျိုးသား လွတ်မြောက်ရေးတပ်မတော်မှ အဖွဲ့ဝင်များကိုဖမ်းဆီးပြီး ထောင်သွင်း၊ အကျဉ်းချထားနှိမ်နင်းပြီး၊ ထိုအကျဉ်းသားများ ပြဿနာကို မာ့ဂရက်သက်ချာက ပြတ်ပြတ်သားသား ကိုင်တွယ်ခဲ့၍ ပြစ်တင်ဝေဖန် ခံခဲ့ရသည်။

မြောက်ပိုင်းအိုင်ယာလန်တွင် ဗြိတိန်နှင့် ဆက်လက် ပူးပေါင်းလိုသော ယူနီယံနစ် (Unionists) များနှင့် သီးခြားနိုင်ငံထူထောင်လိုသော ရီပတ်ဘလီကင် များဟူ၍ ကွဲပြားနေရာ မာ့ဂရက်သက်ချာက မြောက်အိုင်ယာလန်ပြည်နယ်သားတို့ အချင်းချင်း ထိပ်တိုက်တွေ့နေစေရန် အားပေးခဲ့သည်။

၁၉၈၁ တွင် ယင်း အိုင်းရစ် (လက်နက်ကိုင် တပ်မတော်) အကျဉ်းသား များ မြောက်အိုင်ယာလန်ရှိ မာဇီ အကျဉ်းထောင်ထဲတွင် အမြောက်အမြား ရှိနေကြသည်။ ယင်းတို့က ထောင်တွင်း အခွင့်အရေးများ အတွက် အစာငတ်ခံ ဆန္ဒပြကြရာ မာ့ဂရက်သက်ချာသည် ဝန်ကြီးချုပ် အနေဖြင့် ထိုပြဿနာကို ရင်ဆိုင်ဖြေ ရှင်းခဲ့ရ၏။

http://myanmarebooksfree.blogspot.com

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



ဗိုင်းချစ်တော်လှန်ရေးသမားများအား နိုင်ငံရေးအကျဉ်းသားအဆင့် မပေးဘဲ ရုပ်သိမ်းခဲ့ခြင်းမှာ မစ္စက်သက်ချာ မတိုင်မီ ငါးနှစ်က လေဘာ အစိုးရ၏ ဆုံးဖြတ်ချက် ဖြစ်သည်။ မစ္စက်သက်ချာက လေဘာအစိုးရ၏ ပေါ်လစီကို ဆက်လက် ကျင့်သုံးခဲ့ခြင်းဖြစ်သည်။ အိုင်အာရ် အေအမိုင်း ခေါင်းဆောင်တစ်ဦးဖြစ်သော ဘော်ဘီဆင်း (Bobby Sands) သည် အစွန်း ရောက်ကြ လက်သန်သူ ဖြစ်သည်။ သူသည် ရက်ပေါင်း များစွာ အစာအငတ်ခံ ဆန္ဒပြခဲ့ရာ သူ့သတင်း သည် ထိုစဉ်က မီဒီယာများ၏ ရှေ့တန်းသတင်း ဖြစ်ခဲ့သည်။ ဘော်ဘီဆင်းသည် သေသည်အထိ အစာအငတ်ခံ သွားခဲ့၏။ သူမသေမီ သီတင်း ပတ်အနည်းငယ်အလိုတွင် မြောက်အိုင်ယာလန် မဲဆန္ဒနယ်တစ်ခုက သူ့ကို ပါလီမန်အမတ်အဖြစ် ရွေးကောက်တင်မြှောက်ခဲ့သေးသည်။ သို့သော် မစ္စက်သက်ချာက နိုင်ငံရေး အကျဉ်းသားဟု မသတ်မှတ်ခဲ့ချေ။ "ရာဇဝတ်မှုဟာ ရာဇဝတ်မှုပဲ။ သူတို့ လုပ်ခဲ့တာတွေဟာ နိုင်ငံရေးမဟုတ်ဘူး။ ရာဇဝတ်မှုပဲဖြစ်တယ်"ဟု မစ္စက်သက်ချာက ပြတ်ပြတ်သားသား ထုတ်ဖော် ပြောဆိုခဲ့ သေးသည်။

သို့သော် အိုင်အာရ်အေ အကျဉ်းသား များကလည်း၊ အသက်စွန့်ခံ၍ မစ္စက် သက်ချာကို အနိုင်မခံ အပြိုင်တင်းခဲ့ကြသည်။ ဘော်ဘီဆင်းသေပြီး နောက်ထပ် အိုင်အာရ်အေ အကျဉ်းသားကိုးယောက် အငတ်ခံ ဆန္ဒပြရင်း သေဆုံးသွားကြပြန်သည်၊ ထိုအခါ မြောက် အိုင်ယာလန် တစ်နယ်လုံး ဆူဆူပွက်ပွက်

မြောက်ပိုင်း အိုင်ယာလန်တွင် ဗြိတိန်နှင့် ဆက်လက် ပူးပေါင်းလိုသော ယူနီယံနစ်များနှင့် သမ္မတနိုင်ငံ ထူထောင်လိုသော ရီပတ်ဘလီကင် များဟူ၍ ကွဲပြားနေရာ မစ္စက်သက်ချာက မြောက်အိုင်ယာလန် ပြည်နယ်သားတို့ အချင်းချင်း ထိပ်တိုက်တွေ့ နေစေရန် အားပေးခဲ့သည်

http://myanmarebooksfree.blogspot.com

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



ဖြစ်လာကာ ဗြိတိသျှအုပ်ချုပ်ရေး ယိုင်နဲ့လာသဖြင့် မစ္စက်သက်ချာတစ်ယောက် အလျှော့ပေးခဲ့ရသည်။ အိုင်အာရ်အေလက်နက်ကိုင် တော်လှန်ရေးသမားများအား နိုင်ငံရေး အကျဉ်းသားအဆင့် ပြန်လည်ပေးခဲ့ရလေသည်။

မစ္စက်သက်ချာသည် ယခင် လေဘာအစိုးရနှင့် ယင်းအစိုးရအဖွဲ့၏ မြောက် အိုင်ယာလန်ဆိုင်ရာ ဝန်ကြီး ရှိုင်းမေဆင် ကျင့်သုံးခဲ့သော အာလ်စတာရိုက်ဇေးရှင်း (Ulsterisation) ခေါ် မြောက်အိုင်ယာလန်ကိစ္စကို သူတို့ပြည်နယ်သားအချင်းချင်း တရင်းရှင်းကြစေရေးပေါ်လစီကို ဆက် လက်ကျင့်သုံးသည်။ ဗြိတိသျှစစ်တပ်ကို အသာ လက်ရှောင်နေစေပြီး အမိန့်ကြပ်ချုပ် အိုးမည်းသုတ် ခွပ်နိုင်းသားခြင်းဖြစ်သည်။

မြောက်အိုင်ယာလန်ပြည်နယ်မှာ ဂရိတ် ဗြိတိန်နိုင်ငံထဲတွင် ရှိနေသော် လည်း အိုင်အာရ်အေတို့က သီးခြားသမ္မတ နိုင်ငံ ထူထောင်လိုသည်။ ထို့အတူ ယူနီယံနစ် (Unionists)ခေါ် ဗြိတိန်နှင့် ဆက်သက် ပေါင်းစည်းနေထိုင်ရေး သမားများကလည်း အင်အားတစ်ခုအဖြစ် ရှိနေသည်။ ယူနီယံနစ် တပ်များက အိုင်အာရ်အေတပ်များကို အနိုင်တိုက်နိုင်မည်ဟု ယူဆ၍ အာလ်စတာရိုက်ဇေးရှင်း ပေါ်လစီ ချခဲ့ခြင်းဖြစ်သည်။ သို့ဆိုလျှင် ဗြိတိသျှစစ်တပ်သည် မြောက် အိုင်ယာလန်သို့သွား၍ အိုင်အာရ်အေများကို နှိမ်နင်းရမည့်ဝန်ထုပ်ဝန်ပိုးကြီး ပေါ့သွားမည်ဟု ယူဆသည်။ (မှတ်ချက်။ ။ မြောက် အိုင်ယာလန် ပြဿနာမှာ ရေရှည် သမိုင်းကြောင်းပြဿနာကြီးဖြစ်၍မစ္စက်သက်ချာလက်ထက်တွင် မဖြေ ရှင်းနိုင်ခဲ့ချေ။ တိုနီဘလဲယ်ခေါင်းဆောင်သော လေဘာပါတီအစိုးရလက်ထက် ၂၀၀၇ ခုနှစ် ပထမနှစ်ဝက်ပိုင်းတွင်မှ နိုင်ငံရေးအရ ဆွေးနွေးဖြေရှင်းကာ အတိုက်အခံ များပါဝင်သော ညွန့်ပေါင်းအစိုးရ ပေါ်ပေါက်လာခဲ့လေသည်။)

## ဖော့ကလန်အရေးအခင်း

“သံမဏိ” (Iron Lady) ဟု တင်စားခေါ်ဝေါ်ခြင်းခံရသော မာဂရက်သက်ချာ၏ အကြောင်းကိုပြောလျှင် မြောက်အိုင်ယာလန် “အိုင်အာရ်အေ” အကျဉ်းသားများ အပေါ် တင်းမာရက်စက်စွာ ဆက်ဆံခဲ့မှုဖြစ်ရပ်များ မပါမပြီးသလို ဖော့ကလန် စစ်ပွဲအကြောင်းလည်း မပါမပြီးချေ။

မာဂရက်သက်ချာ၏ ပြတ်သားသော ခေါင်းဆောင်မှု ပေးပုံကို သူမအား လိုလားသူများက ဖော့ကလန်စစ်ပွဲနှင့် သက်သေထူ၍ ပြောလေ့ရှိ၏။

http://myanmarebooksfree.blogspot.com

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



အကြောင်းမှုကား ယင်း မောက်ကလန် ပြဿနာတွင် မဟာရက်သက်ချာသည် သာမန် ယောကျာ်းသား နိုင်ငံရေးသမားများပင် ချိန်ချိန်ဆဆ ပြုမူဖွယ်ရှိသည် ဆုံးဖြတ်ချက် မျိုးကို ချက်ချင်းလိုလို ဆုံးဖြတ်ကာ ချက်ချင်း အကောင်အထည်ဖော်ခဲ့ခြင်းကြောင့်ဖြစ်သည်။

မောက်ကလန်စစ်ပွဲ ဟူသည် နယ်မြေ ပိုင်ဆိုင်မှု ဆိုင်ရာ သမိုင်း ရန်ငြိုးကို အာဂျင် တီးနားနိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့ စစ်တိုက်ပြီး တရင်းရှင်းကြခြင်းဖြစ်သည်။

မောက်ကလန်ကျွန်းစုသည် အတ္တ လန္တိတ်သမုဒ္ဒရာတောင်ပိုင်း၊ မက်ဂျယ်လန် ရေလက်ကြား၏ အရှေ့ဘက် မိုင် ၃၀၀ ခန့်တွင် တည်ရှိသည်။ ၁၈၃၃ ခုနှစ်ကတည်းက ဗြိတိသျှ တို့က မောက်ကလန်ကျွန်းစုကို သိမ်းပိုက်ထားခဲ့ပြီး ဗြိတိသျှပိုင် နယ်မြေအဖြစ် နှစ် ၁၀၀ ကျော်မျှ ကြာမြင့်ခဲ့ပြီ ဖြစ်သည်။ အာဂျင်တီးနားနိုင်ငံ ကလည်း ခေတ်အဆက်ဆက် ၎င်းတို့ပိုင် နယ်မြေအဖြစ် ကြေညာကာ "ပြန်လည်ရရှိရေး" တောင်းဆိုနေခဲ့သည်။

တတိမှည ဂုဏ်မာနအဖြစ်သာ နယ်မြေပိုင်ဆိုင်မှု တောင်းဆို နေသော်လည်း မောက်ကလန်ကျွန်းစုတွင် လူဦးရေ သောင်း ဂဏန်းပင် မရှိ ထောင်ဂဏန်းမျှသာ နေထိုင် သည်။ ပိုတောင်လေဆိပ်ကမ်းမြို့တစ်ခုသာရှိ၏။

အာဂျင်တီးနားနိုင်ငံက တောင်းဆို လွန်းမကတောင်းဆိုလွန်း၍ ၁၉၈၂ ခုနှစ်၌ မောက်ကလန်ကျွန်းစု လူအများအား သွေးခံယူ ပြုလုပ်ခဲ့ရာ ဗြိတိသျှပိုင်နယ်မြေအဖြစ်သာ

မဟာရက်သက်ချာ၏ ပြတ်သားသော ခေါင်းဆောင်မှု ပေးပုံကို မောက်ကလန်စစ်ပွဲနှင့် သက်သေထူ၍ ပြောလေ့ရှိ၏။ အကြောင်းမှုကား ယင်းပြဿနာတွင် မဟာရက်သက်ချာသည် သာမန် ယောကျာ်းသား နိုင်ငံရေးသမားများပင် ချိန်ချိန်ဆဆ ပြုမူဖွယ်ရှိသည် ဆုံးဖြတ်ချက်မျိုးကို ချက်ချင်းလိုလို ဆုံးဖြတ်ကာ ချက်ချင်း အကောင်အထည် ဖော်ခဲ့ခြင်း ကြောင့်ဖြစ်သည်

http://myanmarebooksfree.blogspot.com

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



သက်သက်နေထိုင်လိုကြောင်း ဆန္ဒပေးခဲ့ကြသည်။

ထိုသို့နေလာကြရာမှ ၁၉၇၆ ခုနှစ် အာဂျင်တီးနားနိုင်ငံ၌ စစ်အာဏာသိမ်းပွဲဖြစ်ပွားပြီး နိုင်ငံရေးမငြိမ်သက်ဖြစ်လာခဲ့သည်။ "dirty war" ဟုအမည် နာမည်ပေးခဲ့ရသော နိုင်ငံရေး တရားမဲ့ သုတ်သင်ပွဲများ ဖြစ်ပွားခဲ့သည်။ တိုင်းပြည်စီးပွားရေးလည်း ချွတ်ခြုံကျလာခဲ့သည်။ ထိုအခါ လူထုအာရုံ ပြောင်းလွဲစေရန်နှင့် အမျိုးသားရေးစိတ်ဓာတ်ဖြင့် အရေးကြီးသော သွေးစည်းဆိုသလို ဖြစ်လာစေရန် ရည်ရွယ်ကာ ဗိုလ်ချုပ်ကြီး ဂါလ်တီယာရီက ဖော့ကလန်စစ်ပွဲကို ဖန်တီးခဲ့ခြင်းဖြစ်သည်။

ဖန်တီးရသည့်မှာ လွယ်လွယ်လေးပင်။ ၂–၄–၁၉၈၂ နေ့တွင် ဖော့ကလန်ကျွန်းစုကို အာဂျင်တီးနားရေတပ်များက ဝိုင်းဝန်းကာ ဗြိတိသျှတပ်များအား လက်နက်ချနိုင်းခဲ့ခြင်းဖြစ်သည်။

ဖော့ကလန်ကျွန်းစုကို အာဂျင်တီးနားနိုင်ငံက ပြန်လည် သိမ်းပိုက်လိုက်ပြီဟူသော သတင်းကြီး နာရီပိုင်းအတွင်းမှာပင် ဗြိတိသျှဝန်ကြီးချုပ် မာဂရက်သက်ချာက တုံ့ပြန်လိုက်သည်။ ဗြိတိသျှရေတပ်ကို ချက်ချင်းစေလွှတ်လိုက်ပြီး ဖော့ကလန်ကျွန်းစုကို စစ်တိုက်ပြီး ပြန်သိမ်းရန် ညွှန်ကြားခြင်းပေတည်း။

သို့ဖြင့် အာဂျင်တီးနား စစ်ဗိုလ်ချုပ်ကြီး၏ စိတ်ကူးသည် တလွဲတချော်ဖြစ်သွားတော့သည်။ ဗိုလ်ချုပ်ကြီး ဂါလ်တီယာရီက စဉ်းစားခဲ့ပုံမှာ ဗြိတိသျှတို့သည် မိမိတို့ထက် စစ်အင်အားအလွန်များစွာ သာလွန်သည်မှာ မှန်၏။ သို့သော် စစ်မြေပြင်သည် ဗြိတိန်နှင့် မိုင် ၈၀၀၀ ကွာဝေးသည်။ ထို့ကြောင့် ချက်ချင်းလာတိုက်ဖို့ မလွယ်နိုင်။ မျက်မှောက်ခေတ်လို အချိန်ကာလမျိုးတွင် နယ်မြေ အငြင်းပွားမှုကို စစ်ရေးဖြင့် ချက်ချင်းတုံ့ပြန်မည့် အလားအလာလည်းမရှိ။ ဤအချိန်အတောအတွင်း နယ်မြေပိုင်ဆိုင်ရေး အငြင်းပွားမှုတို့ထုံးစံအတိုင်း သံတမန်နည်းများဖြင့် ညှိနှိုင်းဖြေရှင်းကြရဦးမည်။ ကုလသမဂ္ဂသို့ ဗြိတိသျှတို့က တိုင်ကြားပြီး အာဂျင်တီးနားကို အရေးယူဖို့ တောင်းဆိုကောင်း တောင်းဆိုမည်။

ထိုအချိန်များအတွင်း အာဂျင်တီးနားပြည်သူများ၏အမြင်၌ မိမိသည် သူရဲကောင်းကြီး ဖြစ်နေတော့မည်။ နှစ်ပေါင်း ၁၀၀ ကျော် ဆိုင်းကျန် ခံထားရသော အမျိုးသားပိုင်နက်နယ်မြေတစ်ခုကို ရအောင်ပြန်ယူပေးသူအဖြစ် မိမိအား အာဂျင်တီးနား ပြည်သူများက ကျေးဇူးတင် နေကြလိမ့်မည်ဟု ဗိုလ်ချုပ်ကြီး

http://myanmarebooksfree.blogspot.com

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



ဂါလ်တီယာရီက စိတ်ကူးယဉ်နေလေသည်။

သို့သော် သူ၏စိတ်ကူးသည် လေထဲတွင် ကွယ်ပျောက်သွား၏။ မာဂရက် သက်ချာက စုစပ်ရေး စကား လုံးဝ မပြော။ သူ မှားသည် ကိုယ်မှန်သည် ဟူသော အငြင်းအခုံ စကား များလည်း ပြောမနေတော့။ ဗြိတိသျှရေတပ်ကြီး များကို မိုင် ၈၀၀၀ ခရီးနှင်စေပြီး နောက်ဆုံးပေါ် ခုံးကျည်များပါ သုံး၍ တိုက်ခိုက်နိုင်သည်။ စစ်ပွဲမှာ ရက် သတ္တပတ် ခြောက်ပတ်သာ ကြာမြင့်၏။

မာဂရက်သက်ချာက စုစပ်ရေး စကား လုံးဝ မပြော။ သူ မှားသည် ကိုယ်မှန်သည် ဟူသော အငြင်းအခုံ စကားများလည်း ပြောမနေတော့။ ဗြိတိသျှရေတပ်ကြီး များကို မိုင် ၈၀၀၀ ခရီးနှင်စေပြီး နောက်ဆုံးပေါ် ခုံးကျည်များပါ သုံး၍ တိုက်ခိုက်နိုင်သည်

၁၄–၆–၁၉၈၂ တွင် ဖော့ကလန် ကျွန်းစုပေါ်တွင် တပ်စွဲထားသော အာဂျင်တီးနား စစ်သည် ၁၁၀၀၀ သည် လုံးဝဥဿုံ လက်နက်ချ ခဲ့ကြရလေသည်။ နောက်သုံးရက်မျှအကြာတွင် ဗိုလ်ချုပ်ကြီးဂါလ်တီယာရီသည် ရာထူးမှနုတ်ထွက် သွားရတော့သည်။

## စီးပွားရေးမူဝါဒ

မစ္စက်သက်ချာ ဝန်ကြီးချုပ် ဖြစ်ခါစ အစောပိုင်းတွင် ဖြေရှင်းနိုင်ခဲ့သော ပြဿနာ တစ်ခုမှာ ငွေကြေးဖောင်းပွမှု ပြဿနာ ဖြစ်သည်။ မစ္စက်သက်ချာသည် စီးပွားရေးပညာရှင်တစ်ဦး မဟုတ်သော်လည်း ငွေကြေးဖောင်းပွမှုနှင့် စပ်လျဉ်း၍ နိုင်ငံရေးအရ သုံးသပ်ပြီး အရေးယူ ဆောင်ရွက်ခဲ့လေသည်။ မစ္စက်သက်ချာသည် ငွေကြေး ပေါ်လစီကို အသုံးချ၍ စီးပွားရေး တည်ငြိမ်အောင် ကြိုးစားခဲ့၏။

ရှေးဦးစွာ လူအများလက်ထဲ ငွေ ကြေးပမာဏ လျော့နည်းသွားစေရန် ဘဏ်တိုး နှုန်းများကို တိုးမြှင့်လိုက်သည်။ ဘဏ်တိုးနှုန်း

http://myanmarebooksfree.blogspot.com

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



တိုးလာခြင်းကြောင့် လူများသည် လက်ထဲတွင် ငွေကြေးများများ မထားတော့ဘဲ ဘဏ်တိုးရအောင် ငွေ အပ်နှံကြ၏။ သို့ဖြင့် ငွေတန်ဖိုးကျမှာ စိုး၍ ပစ္စည်းနောက် လိုက်ဝယ်နေခြင်းမျိုး မရှိတော့သဖြင့် ကုန်ဈေးနှုန်းများလည်း အထိုက်အလျောက် ကျဆင်းသွား၏။

မွတ်သက်ချာက ကုန်ထုတ်စီးပွားရေး လုပ်ငန်းများကိုလည်း အခွန်အတုတ်များ တိုး၍ ကောက်ခံပြန်သည်။ ထို့ကြောင့် ကုန်ထုတ်လုပ်ငန်း အများအပြားကို ထိခိုက်ခဲ့သည်။ စက်ရုံအလုပ်ရုံတချို့ ပိတ်ကုန်ကြ၏။ သို့ဖြင့် အလုပ်လက်မဲ့ဦးရေ တိုးလာတော့သည်။ ယခင် လေဘာအစိုးရလက်ထက် အလုပ်လက်မဲ့ဦးရေ တစ်သန်းရှိခဲ့ရာမှ မွတ်သက်ချာ လက်ထက်တွင် အလုပ်လက်မဲ့ နှစ်သန်း ရှိလာသည်။

နိုင်ငံရေးအကဲခတ်သူများက ဟီသ် အစိုးရတုန်းကလို "ဂငယ်ကွေ့" (U-turn) ပြန်ကွေ့ရလိမ့်မည်ဟု ဟောကိန်း ထုတ်ကြသည်။ မွတ်သက်ချာသည် ကုန်ထုတ်စီးပွားရေးလုပ်ငန်းများအပေါ် အခွန်အတုတ် တိုးကောက်ခြင်းကို လျှော့ပေးရလိမ့်မည်ဟု တွက်ဆကြ၏။ သို့သော် ၁၉၈၀ ကွန်ဆာဗေးတစ်ပါတီ ညီလာခံတွင် မွတ်သက်ချာက သူမအနေဖြင့် နောက်ကြောင်းပြန်မလှည့်၊ ဂငယ်ကွေ့ ပြန်ကွေ့မည်မဟုတ်ကြောင်း အတိအလင်း ပြောကြားခဲ့သည်။

"ကျွန်မ ပြောစရာတစ်ခုပဲရှိတယ်။ သူတို့ပြောနေတဲ့ U-turn ဆိုတာနဲ့ ပတ်သက်လို့ပါ။ သူတို့အနေနဲ့ ဆန္ဒရှိရင် You Turn လုပ်ပါ။ အမျိုးသမီးတွေကတော့ နောက်ကြောင်းပြန်လှည့်မှာ မဟုတ်ဘူး"ဟု ဆိုကာ U-turn နှင့် You Turn ကို ခွဲခြား ပြောဆိုသွားသည်။

ခေါင်းမာသော ဝန်ကြီးချုပ်ကို ဖျောင်းဖျသည့်အနေဖြင့် ထင်ရှားသော စီးပွားရေးပညာရှင် ၃၆၄ ဦးတို့က ၁၉၈၁ ခုနှစ်တွင် မွတ်သက်ချာထံ အိတ်ဖွင့်ပေးစာ တင်ပေးပြီး ကုန်ထုတ်စီးပွားရေး လုပ်ငန်းများအပေါ် အခွန်တိုးကောက်ခြင်း ကို ပြန်လည်စဉ်းစားပါရန် ပန်ကြားခဲ့ကြသေးသည်။

သို့သော် မွတ်သက်ချာက ခေါင်းမာမာနှင့်ပင် ဆက်လုပ်သည်။ တစ်နိုင်ငံလုံး စီးပွားရေးအခြေအနေဆိုး (Recession) ခေါ် ဆုတ်ယုတ်လျော့ကျမှု ဖြစ်ပေါ်နေချိန်မှာပင် အခွန်များကို တိုးကောက်ခဲ့၏။

သို့ဖြင့် ဇန်နဝါရီ ၁၉၈၂ တွင် ငွေဖောင်းပွမှု နှုန်းသည် ဂဏန်းတစ်လုံး

http://myanmarebooksfree.blogspot.com

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



အနေအထားသို့ ကျဆင်းသွား၏။ ထိုအခါတွင်မှ မရှက်သက်ချာက ဘဏ်တိုးနှုန်းများကို လျှော့ချရန် ခွင့်ပြုလေသည်။ အလုပ်လက်မဲ့ ဦးရေကား ဆက်လက် တိုးပွားနေဆဲ ဖြစ်၏။ တရားဝင် ထုတ်ပြန်သော စာရင်းအရပင် အလုပ်လက်မဲ့ ဦးရေ ၃.၆ သန်း ရှိနေသည်။

မရှက်သက်ချာကမူ အလုပ်လက်မဲ့ နည်းပါးရေးထက် တိုင်းပြည်တစ်ခုလုံး၏ စီးပွားရေး တည်ငြိမ်ရေးကိုသာ ဦးစားပေးရမည်ဟု ခံယူသည်ဆို၏။ ငွေဖောင်းပွမှု (တစ်နည်း) ကုန်ဈေးနှုန်း အဆမတန် ကြီးမြင့်မှုများ မဖြစ်စေရေး တိုင်းပြည်ဘဏ္ဍာ အခွန်အတုတ်များလည်း မလျော့စေရေး သို့မှသာ အလုပ်လက်မဲ့ လောက်ပုံကြီးအပါအဝင် အများပြည်သူ သက်သာ ချောင်ချိရေး လုပ်ငန်းများကို အစိုးရက လုပ်ပေးနိုင်မည်ဟု ခံယူသည်။

သို့သော် ၁၉၈၃ အရောက်တွင် ဗြိတိသျှ ကုန်ထုတ်လုပ်မှုသည် ၁၉၇၉ ခုနှစ် နှင့်ယှဉ်လျှင် ၃၀ ရာခိုင်နှုန်း ကျဆင်း သွားခဲ့လေသည်။

ဤအခြေအနေမျိုးတွင် ပုံမှန်အားဖြင့်ဆိုပါက မရှက်သက်ချာနှင့် သူမ၏ ပါတီသည် ရွေးကောက်ပွဲ ရှုံးဖို့သာ ရှိ၏။ သို့ရာတွင် ဖော့ကလန်စစ်ပွဲ၌ အောင်ပွဲ ခံလိုက်ခြင်းနှင့် အတိုက်အခံပါတီများ မညီမညွတ် ဖြစ်နေခြင်း တို့ကြောင့် ဇွန် ၁၉၈၃ အထွေထွေ ရွေးကောက်ပွဲတွင် မဟာရက်သက်ချာဦးဆောင်သော ကွန်ဆာဗေးတစ်ပါတီသည် အပြတ်အသတ် အောင်ပွဲခံနိုင်ခဲ့ပြန်သည်။

ဖော့ကလန်စစ်ပွဲကြောင့် ဗိုလ်ချုပ်ကြီး

> ပုံမှန်အားဖြင့် ဆိုပါက မရှက်သက်ချာနှင့် သူမ၏ပါတီသည် ရွေးကောက်ပွဲ ရှုံးဖို့သာရှိ၏။ သို့ရာတွင် ဖော့ကလန် စစ်ပွဲ၌ အောင်ပွဲ ခံလိုက်ခြင်းနှင့် အတိုက်အခံ ပါတီများ မညီမညွတ် ဖြစ်နေခြင်း တို့ကြောင့် ကွန်ဆာဗေးတစ် ပါတီသည် အပြတ်အသတ် အောင်ပွဲခံ နိုင်ခဲ့ပြန်သည်

http://myanmarebooksfree.blogspot.com

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



ဂါဗီယာရှိ အကျူမှုသွား။ သဝေဘက် မာဂရက်သက်ချာသည် နိုင်ငံရေးအရ ကျရှုံးသမ်းနေရာမှ မြင့်တက်လာသည်ဖြစ်ရာ ပြောင်းပြန်အကျိုးသက်ရောက်မှုတွေ ဖြစ်ကုန်သည်။

အတိုက်အခံများထဲတွင် အဓိကဖြစ်သော လေဘာပါတီမှာ ထိုအချိန်၌ အက်ကြောင်းပေါ်နေပြီဖြစ်သည်။ ဆိုရှယ်လစ် ဒီမိုကရက်တစ်ပါတီ (SDP) နှင့် လစ်ဘရယ်ပါတီတို့သည် ရွေးကောက်ပွဲမဟာမိတ်အဖြစ် ပူးပေါင်းလိုက်ကြသည်။ သို့ဖြစ်ရာ မစ္စက်သက်ချာ၏ ကွန်ဆာဗေးတစ်ပါတီနှင့် အက်ကြောင်းပေါ်နေသော လေဘာပါတီတို့ကို ကျော်ဖြတ်၍ အက်စ်ဒီပီ-လစ်ဘရယ်မဟာမိတ်အဖွဲ့က အနိုင်ရသွားမည်ဟုလည်း မှန်းခဲ့သည်။

သို့သော် ဇွန် ၁၉၈၇ အထွေထွေရွေးကောက်ပွဲတွင် မစ္စက်သက်ချာ၏ ကွန်ဆာဗေးတစ်ပါတီကပင် ဆန္ဒမဲအလုံး၏ ၄၂ ဒသမ ၄ ရာခိုင်နှုန်းရရှိပြီး အနိုင်ရခဲ့ရသည်။ ယင်းမဲအရေအတွက်သည် ၁၉၈၃ ခုနှစ် ရွေးကောက်ပွဲတုန်းက ရရှိခဲ့သည့် မဲအရေအတွက်ထက် လျော့နည်းသွားသည်။ သို့သော် အတိုက်အခံများမှာလည်း မဲတွေ ကွဲကုန်သဖြင့် ကွန်ဆာဗေးတစ်အမတ်လောင်းများက အများစု အနိုင်ရခဲ့ကြသည်။ စုစုပေါင်း အမတ်နေရာ ၁၄၄ နေရာရရှိပြီး ရွေးကောက်ပွဲ နိုင်ခဲ့လေသည်။

http://myanmarebooksfree.blogspot.com

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

# (၁၂)

# အပြင်းစား ကွန်ဆာဗေးတစ်

## သပိတ်တိုက်ပွဲနှင့်ရင်ဆိုင်ရခြင်း

မက်ဂရက်သက်ချာသည် ဗြိတိန်နိုင်ငံရေးလောကတွင် ထင်ရှားသော လက်ယာဂိုဏ်း ခေါင်းဆောင်တစ်ဦးအဖြစ် ထင်ရှားခဲ့သည်။ ကွန်ဆာဗေးတစ်များထဲမှာတောင်မှ အပျော့စားမဟုတ်၊ အပြင်းစား ဖြစ်သည်။

ထို့ကြောင့် အလုပ်သမားသမဂ္ဂများနှင့် မက်ဂရက်သက်ချာမှာ မြွေသူ့ရန်ဘက်များဖြစ်ခဲ့ကြသည်။ အလုပ်သမားများကလည်း မက်ဂရက်သက်ချာပြုတ်ကျအောင် သပိတ်တိုက်ပွဲများ ဆင်နွှဲကြသည်။ မက်ဂရက်သက်ချာကလည်း အလုပ်သမားများကို ဖြိုခွဲဖို့ ကြိုးစားသည်။

မစ္စတာဟိသ်ဦးဆောင်သော ကွန်ဆာဗေးတစ်အစိုးရခေတ်တုန်းကလို တစ်ပွဲတိုးနည်းကို မက်ဂရက်သက်ချာ မသုံးချေ။ သို့သော် တစ်ဆင့်ပြီး တစ်ဆင့် အကွက်ကိုင်သောနည်းကိုသုံး၏။ သပိတ်က အကွက်ကိုင်ခြင်းမခံရအောင်လည်း ကြိုတင်ပြင်ဆင်ခဲ့သည်။

၁၉၈၄–၈၅ တွင် နိုင်ငံလုံးဆိုင်ရာ သတ္တုတွင်းအလုပ်သမားများသမဂ္ဂ (NUM) က သပိတ်မှောက်သည်။ ကျောက်မီးသွေးလောင်စာစွမ်းအင်ပြတ်တောက်လျှင် အစိုးရသည် သမဂ္ဂ၏ တောင်းဆိုချက်များကို လိုက်လျောရန် ညှိနှိုင်းရတော့မည်ဖြစ်၏။ သို့သော် မက်ဂရက်သက်ချာက NUM သပိတ်မှောက်နိုင် မတိုင်မီ ကြိုတင်၍ ကျောက်မီးသွေးလောင်စာများ သိုလှောင်နိုင်ထားခဲ့သည်။

http://myanmarebooksfree.blogspot.com

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



သို့ဖြင့် ၁၉၇၂ ခုနှစ်တုန်းကလို လောင်စာမရှိ၍ လျှပ်စစ်ဓာတ်အားပေးမှု ပြတ်တောက်သွားသည်ဟူ၍ မရှိဘဲ သပိတ်ဆိုးဒဏ်ကို ခံနိုင်ခဲ့သည်။

မက်ဂရက်သက်ချာ၏ နောက်ထပ် နည်းဗျူဟာတစ်ခုမှာ သပိတ်မှောက် လုပ်သားများကို အများပြည်သူနှင့် စိတ်ဝမ်းကွဲအောင် ဖန်တီးခြင်း ဖြစ်သည်။ သပိတ်မှောက်သူများက သပိတ်မှောက်ရာတွင် မပါဝင်သော အလုပ်သမားများအား အကြမ်းဖက်မှုများ ပြုလုပ်ခဲ့ကြသည်ကို အများပြည်သူသိအောင် ဖွကြီးခဲ့ ကြေညာ ခဲ့သည်။ ပြည်သူ့လွတ်လပ်ခွင့်ကို သပိတ်မှောက်လုပ်သားများက ချိုးဖောက်နေသည် ဟူသော ပုံရိပ် မပေါ် ပေါ်အောင် ဖော်ပေးခဲ့၏။

သတ္တုတွင်းလုပ်သားများ၊ သပိတ်မှာ ပေါ့ပေါ့တန်တန်မဟုတ်။ အကိုင်အတွယ် မတတ်လျှင် မက်ဂရက်သက်ချာ၏ အစိုးရ ပြုတ်ကျသွားနိုင်သည်။ သို့သော် မက်ဂရက်သက်ချာက အနိုင် ကိုင်တွယ်နိုင်ခဲ့သည်။ သပိတ်ကာလသည် နည်းမျိုးစုံဖြင့် တစ်နှစ်လုံးလုံး တင်းခံနေခဲ့ပြီး နောက်ဆုံးတွင် မတတ်သာသဖြင့် သပိတ်လှန်လိုက်ရသည်။ NUM ခေါင်းဆောင်များသည် မည်သည့် သဘော တူညီချက်၊ လိုက်လျောချက် တစ်စုံတစ်ရာမျှ မရဘဲ အလျှော့ပေးကာ သပိတ် လှန်ခဲ့ကြရခြင်းဖြစ်သည်။

သပိတ်လှန်သွားသောအခါ မက်ဂရက်သက်ချာ၏ အစိုးရက ကျောက်မီး သွေးတွင်း ၁၅ တွင်းသာ ချန်ပြီး ကျန် တွင်းအားလုံးကို ပိတ်ပစ်လိုက်သည်။ ၁၉၉၄တွင်မှ ထိုတွင်းများအားလုံးကို ပုဂ္ဂလိကလုပ်ငန်းရှင်များလက်သို့ လွှဲပြောင်း ပေးခဲ့သည်။

**တောင်အာဖရိကကိုထောက်ခံခြင်း**

မက်ဂရက်သက်ချာ ဝန်ကြီးချုပ်ဘဝတွင် နောက်ထပ် မှတ်မှတ်ရရ အဖြစ် အပျက်တစ်ခုမှာ တောင်အာဖရိကနှင့် ဆက်ဆံရေး ပြဿနာဖြစ်၏။ လူမျိုးနှင့် အသားအရောင် ခွဲခြားသော အပါသိုက် (Apartheid) ဝါဒနှင့် အုပ်ချုပ်နေသည့် တောင်အာဖရိကနိုင်ငံနှင့် လက်နက် အရောင်းအဝယ်မလုပ်ရန် ကုလသမဂ္ဂက တားမြစ်ပိတ်ပင်ထားသည့်ကြားမှ "ကိုဗင်ထရီ ၄" (Coventry Four) ခေါ် တောင်အာဖရိကမှ လက်နက်ဝယ်ယူသူလေးဦးကို ဗြိတိန်တွင် ဖမ်းမိခဲ့၏။ ထိုလေးဦးကို အာမခံဖြင့် တောင်အာဖရိကသို့ ပြန်ခွင့် ပေးခဲ့သည်။

တောင်အာဖရိကနိုင်ငံတွင် ဗြိတိသျှ အကျိုးစီးပွားများစွာရှိသည်။ ဗြိတိသျှ

http://myanmarebooksfree.blogspot.com

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



လုပ်ငန်းရှင်များကလည်း ထိုနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ အကြီးအကျယ်ပြုလုပ် ထားကြသည်။ သို့ဖြစ်ရာ နိုင်ငံတကာက တောင်အာဖရိကကို စီးပွားရေးပိတ်ပင်မှုများပြုလုပ်မည့် အစီအစဉ် ပေါ်ပေါက်လာစေရန် မစ္စက်သက်ချာက တောင်အာဖရိက သမ္မတ ပီဒဗလျူဘိုသာနှင့် နိုင်ငံခြားရေးဝန်ကြီး ပစ်ဘိုသာတို့အား ချက်ကာသို့ ဖိတ်ကြား၍ ဆောင်ရွက်ဆွေးနွေးသည်။ အပါဒိုက် မကျင့်သုံးတော့ရန်၊ နယ်လ်ဆင် မင်ဒဲလားကို ပြန်လွှတ်ရန်၊ လူမည်းခေါင်းဆောင်များအား ဖိနှိပ်ခြင်းကို ရပ်တန့်ရန်၊ အာဖရိက နေရှင်နယ်ကွန်ဂရက် (အေအင်စီ) အခြေစိုက်စခန်းများကို ဗုံးကြဲမှုများ ရပ်တန့်ရန်၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များကို လိုက်နာရန်၊ နမီးဘီးယားမှ တောင်အာဖရိက တပ်များကို ရုပ်သိမ်းရန်ဟူသော အချက်များကို မစ္စက်သက်ချာက တိုက်တွန်းဆွေးနွေးသည်။

မစ္စက်သက်ချာ၏ နောက်ထပ် နည်းဗျူဟာတစ်ခုမှာ သပိတ်မှောက် လုပ်သားများကို အများပြည်သူနှင့် စိတ်ဝမ်းကွဲအောင် ဖန်တီးခြင်း ဖြစ်သည်၊ သပိတ်မှောက်သူများက သပိတ်မှောက်ရာတွင် မပါဝင်သော အလုပ်သမားများအား အကြမ်းဖက်မှုများ ပြုလုပ်ခဲ့ကြသည်ကို အများပြည်သူသိအောင် ပုံကြီးချဲ့ ကြေညာခဲ့သည်

သို့သော် သည်တစ်ကြိမ် မှာတော့ ခေါင်းမာလှပါသည်ဆိုသော မစ္စက်သက်ချာပင် တောင်အာဖရိကမှ လူဖြူအုပ်စိုးသူများကို လက်မြှောက်ခဲ့ရသည်။ သူမထက် ခေါင်းမာသူတွေကို နားဝင်အောင် မည်သို့မျှ မဖျောင်းဖျနိုင်ခဲ့ချေ။ တောင်အာဖရိက သမ္မတ ဘိုသာသည် မစ္စက်သက်ချာ၏ ပြောဆိုဆွေးနွေးချက်များကို "မြင်းပြော နွားမထောင်" လုပ်သွားသောဟူ၏။

မစ္စက်သက်ချာသည် ဇူလိုင် ၁၉၈၆ တွင် ဂါဒီယန်းသတင်းစာမှ ဟူဂိုယန်းနှင့် အင်တာဗျူး၌ သူမ၏အမြင်ကို ပြောပြသည်။ တောင်အာဖရိကကို စီးပွားရေး ပိတ်ဆို့မှုများပြုလုပ်မည့်အစီအစဉ်သည်

http://myanmarebooksfree.blogspot.com

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



မလုပ်သင့်မလုပ်အပ်ကြောင်း၊ ပိတ်ဆို့မှုများကြောင့် လူမည်းအလုပ်သမား ထောင်ပေါင်းများစွာ အလုပ်လက်မဲ့ ဖြစ်ကြရသော ရှိကြောင်း မစ္စက်သက်ချာက ပြောသည်။

ကိုဗင်ထရီ -၄ ခေါ် လက်နက်ဝယ်ယူသူလေးဦးကို အင်္ဂလန်တွင် ရုံးတင် စစ်ဆေးရန် ၁၉၈၄ ခု ဆောင်းဦးရာသီ၌ ရုံးချိန်းခေါ်ယူထားသော်လည်း တောင်အာဖရိကနိုင်ငံခြားရေးဝန်ကြီး ပစ်တိုသာက ထိုလေးဦးကို သွားခွင့်မပြုခဲ့ချေ။ ထို့ကြောင့် အာမခံကြေး ပေါင် ၂၀၀,၀၀၀ ကို တရားရုံးချုပ်သို့ ပေးသွင်းခဲ့ရလေသည်။

## ဗုံးကွဲရာမှာ သီသီလေး

မစ္စက်သက်ချာသည် အသက် ၅၉ နှစ် မွေးနေ့မတိုင်မီ တစ်ရက်အလို ၁၂ အောက်တိုဘာ ၁၉၈၄ နံနက် စောစောတွင် ဗုံးပေါက်ကွဲမှု တစ်ခုနှင့် ကြုံရသော်လည်း ထိခိုက်ဒဏ်ရာရခြင်းမရှိဘဲ လွတ်မြောက်ခဲ့သည်။ ထိုနေ့က သူမသည် ကွန်ဆာဗေးတစ်ပါတီ ကွန်ဖရင့်ကျင်းပမည့် ဘရိုက်တန်ဟိုတယ်၌ တည်းခိုနေသည်။ ဗုံးခွဲသူများမှာ အိုင်ရစ်ရီပတ်ဘလစ်ကင် အာမီခေါ် အိုင်အာအေ အဖွဲ့ဝင်များဖြစ်၏။ ဗုံးကွဲမှုကြောင့် လူငါးဦး သေဆုံးခဲ့သည်။ သေသူများတွင် အစိုးရပါတီစည်းကြပ်ရေးမှူး ဂျွန်ဝိတ်ဟမ်းဇနီး ရိုဘာတ် တာဝိတ်ဟမ်း၊ ကွန်ဆာဗေးတစ်ပါတီမန် အမတ် ဆာအန်တိုနီဘယ်ရီတို့ ပါဝင်သည်။ အစိုးရအဖွဲ့ဝင်တစ်ဦးဖြစ်သော နော်မန်တက်ဘစ်မှာ သွေးနှင့်အတူ ဒဏ်ရာရရှိခဲ့သည်။ ဇနီးမှာ နောက်ပိုင်းတွင် ကိုယ်တစ်ခြမ်းသေသွား၏။

မစ္စက်သက်ချာမှာ သန့်စင်ခန်းဝင်နေ၍ နောက်ကျနေခြင်းကြောင့် အိုင်အာအေ ဗုံးခွဲချိန်နှင့် သီသီလေးလွတ်သွားသည်။

မစ္စက်သက်ချာသည် ဗုံးပေါက်ကွဲမှုကြောင့် ကွန်ဆာဗေးတစ်ပါတီ ကွန်ဖရင့်ကို ရက်ရွှေ့ပိုင်ခွင့်မပြုခဲ့ချေ။ နောက် တစ်နေ့တွင် ပုံမှန်အချိန်အတိုင်း ကွန်ဖရင့် ကျင်းပခဲ့သည်။ ဗုံးဖောက်ခွဲရေးသမားတွေကို မမှုသည့်သဘော သက်ရောက်၍ သူမ၏သတ္တိကို နိုင်ငံရေးနယ်ပယ်က ချီးမွမ်းခဲ့ကြလေသည်။

## အင်္ဂလို-အိုင်းရစ် သဘောတူစာချုပ်

၁၅ နိုဝင်ဘာ ၁၉၈၅ တွင် မစ္စက်သက်ချာသည် ဟေးလ်စ်ဘာရာ

http://myanmarebooksfree.blogspot.com

အင်္ဂလိပ်-အိုင်းရစ် သဘောတူစာချုပ်ကို အိုင်းရစ် ဝန်ကြီးချုပ် ဂဲရက်ဖစ်ဇ်ဂျဲရယ်နှင့် လက်မှတ်ထိုး၏။ ဗြိတိသျှအစိုးရ အနေဖြင့် အိုင်ယာလန် နိုင်ငံကို မြောက်ပိုင်းအိုင်ယာလန် ပြည်နယ်အုပ်ချုပ်မှုနှင့် ပတ်သက်၍ ပြောရေးဆိုခွင့် ပေးလိုက်ခြင်း ဖြစ်သည်။ (သို့သော် အကြံပြုချက်မျှသာ ဖြစ်၏)

သို့တိုင်အောင် အဆိုပါ ဟေးလစ် ဘားရေး စာချုပ်အပေါ် မြောက်ပိုင်းအိုင်ယာလန်ရှိ အိုင်းရစ် ယူနီယံနစ်များ (Unionists) က ဒေါသတကြီး တုံ့ပြန်ကြသည်။ အာလ်စတာယူနီယံနစ်များနှင့် ဒီမိုကရက်တစ်ယူနီယံများသည် ၂၃ ဇန်နဝါရီ ၁၉၈၆ တွင် ရွေးကောက်ပွဲ မဟာမိတ်စာချုပ်ချုပ်ဆိုကြပြီး သူတို့၏ မဲဆန္ဒနယ်များမှ အသီးသီးနုတ်ထွက်ကာ လူထုဆန္ဒခံယူအားဖြင့်ရွှေ့ ပြသုပ်သည့် အနေဖြင့် ကြားဖြတ် ရွေးကောက်ပွဲ ဟူ၍ ပြန်လည် ဝင်ရောက် ယှဉ်ပြိုင်ကြ၏။ သူတို့ထဲက တစ်ဦးသာ ရှုံးသည်။ လူထုသဘောထား ဆန္ဒခံယူရာတွင် သူတို့ နိုင်သော်လည်း ၁၉၇၄ စာချုပ် ကိစ္စတုန်းကလို စာချုပ်ကို ဖျက်သိမ်း နိုင်သည်အထိ မထိရောက်ခဲ့ချေ။ မစ္စက်သက်ချာသည် ယူနီယံနစ်များ တောင်းဆို ချက်ကို မလိုက်လျောဘဲ ဟေးလစ်ဘားရေး စာချုပ်ကို ဆက်လက်အတည်ပြုခဲ့သည်။

**မစ္စက်သက်ချာ၏ နိုင်ငံရေးနှင့် စီးပွားရေး ဒဿနသည် လွတ်လပ် ဈေးကွက်နှင့် စွန့်ဦးတီထွင် လုပ်ငန်းရှင်များကို အားပေးရေး ဝါဒဖြစ်၏**

**လူထုအရင်းရှင်ဝါဒ**

မစ္စက်သက်ချာ၏ နိုင်ငံရေးနှင့် စီးပွားရေး ဒဿနသည် လွတ်လပ်ဈေးကွက် နှင့် စွန့်ဦးတီထွင် လုပ်ငန်းရှင်များကို အားပေးရေးဝါဒ ဖြစ်၏။ သူမ ဝန်ကြီးချုပ်ဖြစ်လာပြီးနောက် နိုင်ငံပိုင်သိမ်းထားသည့် နေရှင်နယ် ဖရိတ်ကုမ္ပဏီ ခေါ် ကုန်တင်ကုန်ချ လုပ်ငန်းကို ယင်းကုမ္ပဏီ လုပ်သားများထံသို့

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



ပြန်လည်ရောင်းချပြီး ပုဂ္ဂလိကပိုင်ပြုခဲ့သည်။ ယင်းလုပ်ရပ်ကို အံ့ဩစရာ ကောင်းအောင် ဝိုင်းဝန်းထောက်ခံခဲ့ကြ၏။

၁၉၈၇ ရွေးကောက်ပွဲတွင် မက်ဂရက်သက်ချာ၏ ကွန်ဆာဗေးတစ်ပါတီ ထပ်မံ အနိုင်ရပြီးနောက် မက်ဂရက်သက်ချာ၏ အစိုးရအဖွဲ့သည် ပိုမိုရဲဝံ့လာပြီး ၁၉၄၀ ခုနှစ်များကတည်းက အစိုးရပိုင်ဖြစ်ခဲ့သော ဗြိတိသျှတယ်လီကွမ်းကုမ္ပဏီကို ပုဂ္ဂလိကသို့ ရောင်းချလိုက်သည်။ ဗြိတိသျှတယ်လီကွမ်းမှာ အများပြည်သူ အစုရှယ်ယာများ ပါဝင်သော ကုမ္ပဏီဖြစ်၍ ပုဂ္ဂလိကပိုင် ဖြစ်သွားသည်နှင့် အချို့က ရှယ်ယာဈေး ကောင်းကောင်းဖြင့် ပြန်ရောင်းခဲ့ကြလေသည်။ မက်ဂရက်သက်ချာသည် ပုဂ္ဂလိကပိုင် ပြုရေး (Privatisation) ကို သူ၏ အဓိကမူဝါဒအဖြစ် ဆက်လက် ကျင့်သုံးတော့သည်။ လက်ဝဲသမားများကမူ အကြီးအကျယ် ဆန့်ကျင်ခဲ့ကြ၏။ မက်ဂရက်သက်ချာကို ထောက်ခံသူများကမူ ပုဂ္ဂလိကပိုင် လုပ်ငန်းများတွင် အများပြည်သူ ရှယ်ယာများ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်နိုင်ပြီး ရှယ်ယာ အရောင်းအဝယ်လုပ်နိုင်သည့် စနစ်ကို ကျေနပ်သဘောကျကြသည်။ ယင်းကို "လူထုအရင်းရှင်စနစ်" (Popular Capitalism) ဟု ခေါ်ဆိုခဲ့ကြသည်။

## စစ်အေးနှင့် ရေဂင်-သက်ချာတွဲ

စစ်အေးကာလတွင် မက်ဂရက်သက်ချာသည် ဆိုဗီယက်တို့အား ဟန့်တား ထားရေး ပေါ်လစီများ (Policies of deterrence) ကို အကောင်အထည်ဖော် သည့် အမေရိကန်သမ္မတ ရော်နယ်ရေဂင်အား အပြည့်အဝ ထောက်ခံခဲ့သည်။ ရေဂင်-သက်ချာအတွဲ၏ လမ်းစဉ်သည် ၁၉၇၀ နှစ်များအတွင်းက အနောက်နိုင်ငံ များက ကျင့်သုံးခဲ့သော ဆိုဗီယက်နှင့် တင်းမာမှုလျှော့ပါးရေး (Policy of detente) မူဝါဒနှင့် ပြောင်းပြန်ဖြစ်သွားသည်။ သို့ဖြစ်ရာ ဆိုဗီယက်ဦးဆောင် သော ကွန်မြူနစ်နိုင်ငံများနှင့် တင်းမာမှု လျော့ပါးပြီး ပြေပြေလည်လည် ဆက်ဆံ ချင်သော ဥရောပနိုင်ငံအချို့နှင့် ရေဂင် - သက်ချာ လမ်းစဉ်သည် ဝိရောဓိများ ရှိလာခဲ့သည်။

မက်ဂရက်သက်ချာက ဗြိတိသျှအခြေစိုက်စခန်းများတွင် အမေရိကန်၏ နျူကလီးယား ခရုဇ်ဒုံးကျည်များ တပ်ဆင်ထားရေး ခွင့်ပြုလိုက်၍ နျူကလီးယား လက်နက်ဖျက်သိမ်းရေး လှုံ့ဆော်နေကြသူများက ကန့်ကွက်ပွဲများ အကြီးအကျယ် ဆင်နွှဲခဲ့ကြသည်။

http://myanmarebooksfree.blogspot.com

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



မစ္စက် သက်ချာသည် လုရာစ် သဘောထား အမြင်ကို ထည့်သွင်း စဉ်းစားလေ့ ရှိသူမဟုတ်သော်လည်း၊ ဖြစ်ပေါ်လာသော အခြေအနေကို လက်တွေ့ကျကျ သုံးသပ်တတ်သူကား ဖြစ်သည်။ ဆိုဗီယက်တွင် မီခေးလ် ဂေါ်ဘာချော့ဖ် ခေါင်းဆောင် ဖြစ်လာသောအခါ သူမှာ အခြေအနေကို ကြိုတင် တွက်ဆနိုင်ခဲ့သည်။ မစ္စတာ ဂေါ်ဘာချော့ဖ်သည် ဖြိုခွင်းရေးသမားတစ်ဦးဖြစ်ကြောင်း သူမှာ သိထားပြီးဖြစ်၏။ ၁၉၈၄ ခုနှစ်အတွင်း ဂေါ်ဘာချော့ဖ် ခေါင်းဆောင်ကြီး ဖြစ်မလာခင် သုံးလခန့်က မစ္စက် သက်ချာသည် မစ္စတာ ဂေါ်ဘာချော့ဖ်နှင့် တွေ့ဆုံခဲ့၏။ ထိုသို့ တွေ့ဆုံခဲ့ပြီးနောက် မစ္စက်သက်ချာက မစ္စတာ ဂေါ်ဘာချော့ဖ်ကို ကျွန်မတို့နှင့် အလုပ်သဘော ဆက်ဆံလို့ရမည့်သူဖြစ်သည်ဟု မှတ်ချက်ချခဲ့သည်။ ထို့နောက် မစ္စတာဂေါ်ဘာချော့ဖ်သည် ဆိုဗီယက် ကွန်မြူနစ်ပါတီ ခေါင်းဆောင်နှင့် ဆိုဗီယက်သမ္မတကြီး ဖြစ်လာသောအခါ မစ္စက်သက်ချာက ဦးဦးဖျားဖျား ကြိုဆိုကြောင်း၊ ကြေညာခဲ့သည်။ အနောက်ဥရောပ ခေါင်းဆောင်များထဲတွင် သူမသည် ဂေါ်ဘာချော့ဖ်အား ပထမဆုံး ကြိုဆိုသူ ဖြစ်ခဲ့သည်။

ဆိုဗီယက်တွင် ဖြိုခွင်း ပြောင်းလဲရေးဝါဒီ မစ်ခေးလ်ဂေါ်ဘာချော့ဖ် ခေါင်းဆောင်ဖြစ်လာသောအခါ မစ္စက်သက်ချာသည် ဦးဦးဖျားဖျား လှိုက်လှဲစွာ ကြိုဆိုခဲ့၏။ အနောက်ဥရောပ ခေါင်းဆောင်များထဲတွင် ဂေါ်ဘာချော့ဖ်အား ပထမဆုံး ကြိုဆိုသူဖြစ်ခဲ့သည်

မစ္စက်သက်ချာသည် လှုကာခတ် တော်သည်ဟု နှိမ်းခံကြော်တွင် ထိုအချက်လည်း ပါဝင်၏။ မစ္စက်သက်ချာနှင့် ရောင်သည် ဆိုဗီယက်တွင် အရက်စညက် တန်ခိုးထွားနေချိန်၌ ဆိုဗီယက်နှင့် ပြေသည်ရေးကို မကြိုးစားတော့ဘဲ ထိပ်တိုက်တွေ့မည် ဟန်ပြင်ကာ ဆိုဗီယက်ကို ဟန့်တားထားခဲ့သော်လည်း၊ ဂေါ်ဘာချော့ဖ် ကဲ့သို့သော သဘောထား ပျော့ပျောင်းသူ အာဏာရလာချိန်တွင်

http://myanmarebooksfree.blogspot.com

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



မဂ္ဂရက် သက်ချာက ဂေါ်ဘာချော့ဖ်၏ မြန်မြန် ပြောင်းလဲရေး လုပ်ငန်းစဉ်များကို လုပ်နိုင်အောင် အားပေးခဲ့သည်။ သို့ဖြင့် ဆိုဗီယက်တွင် နိုင်ငံရေးအပြောင်းအလဲများ ဖြစ်ပေါ် ပြီး ၁၉၉၁ တွင် ဆိုဗီယက်ပြည်ထောင်စုကြီး ပြိုကွဲ သွားသည်။

ဂေါ်ဘာချော့ဖ်ကလည်း မဂ္ဂရက်သက်ချာတို့ ခန့်မှန်းခဲ့သည်ထက်ပင် လွန်ကဲစွာ မြန်မြန်ပြောင်းလဲရေးများ ပြုလုပ်ခဲ့သည်။ နာမည်ကျော် ဂလပ်စနော့ (ပွင့်လင်းရေး) နှင့် ပယ်ရက်စထွိုက်ကာ (ပြန်လည်ဖွဲ့စည်းရေး) ပေါ်လစီများကို ချမှတ်သည်။ နိုင်ငံရေးတွင် ကွန်မြူနစ်ပါတီ၏ ဦးဆောင်မှုအပေါ် ပွင့်ပွင့်လင်းလင်း ဝေဖန်အကြံပေးမှုများကို ခွင့်ပြုသည်။ စီးပွားရေးတွင် ကမောက်ကမဖြစ်စေမှုများကို ဖြစ်စေခဲ့သည်။

ဂေါ်ဘာချော့ဖ်၏ပြုလုပ်မှုများကို မဂ္ဂရက်သက်ချာတို့က စိတ်ဝင်တစား စောင့်ကြည့်နေခဲ့ကြသည်။ သို့ဖြင့် ခြောက်နှစ်မျှ မကြာမီ ဆိုဗီယက်ပြည်ထောင်စုကြီး ပြိုပျက်သွားသည်။

စစ်အေး (Cold War) ဟု ခေါ် နိုင်သော အနောက်အုပ်စုနှင့် ဆိုဗီယက်အုပ်စုရှိန်တောင်နေသည့် အနေအထားသည်ကား ၁၉၈၉ တွင် ပြီးဆုံးခဲ့လေသည်။ တစ်ဖက်နှင့်တစ်ဖက် ရန်မလုပ်တော့သည့် အခြေအနေ ရောက်ခြင်းကို စစ်အေးပြီးဆုံးခြင်းဟု ဆိုကြခြင်း ဖြစ်သည်။ မဂ္ဂရက်သက်ချာသည် စစ်အေးအရှိန်မြင့်သော ထိပ်တိုက် ဟန့်တားရေး (deterrence) ကာလနှင့် တင်းမာမှုများ လျော့ပါးရေး (Detente) ကာလ နှစ်ခုစလုံးတွင် ပါဝင်ကစားခဲ့သူ (Player) တစ်ဦး ဖြစ်ခဲ့လေသည်။

မာဂရက်သက်ချာ ဗြိတိန်နိုင်ငံ ဝန်ကြီးချုပ်ဖြစ်နေချိန်တွင် အမေရိကန် ပြည်ထောင်စု၌ သူနှင့် ကွန်ဆာဗေးတစ်အယူအဆရေးရာ တစ်ဂိုဏ်းတည်းဟု ဆိုနိုင်သော ရော်နယ်ရေဂင် သမ္မတဖြစ်လာသည်။ ရော်နယ်ရေဂင်သည် သူ့အရင် သမ္မတ ဂျင်မီကာတာကဲ့သို့ ခပ်ပျော့ပျော့မဟုတ်။ ကွန်မြူနစ်ဆန့်ကျင်ရေး သဘောထားတွင် အလွန်ပြတ်သားသည်။ ဆိုဗီယက်ပြည်ထောင်စုကို ထိပ်တိုက် ရင်ဆိုင်ဟန့်တားရေး မူဝါဒများ ချမှတ်ရာ မဂ္ဂရက်သက်ချာက ရောင်နောက်က အားရပါးရ ထောက်ခံအားပေးခဲ့သည်။

စင်စစ်အားဖြင့် ၁၉၇၀ နှစ်များအတွင်း အနောက်ဥရောပနိုင်ငံများသည် တင်းမာမှုလျော့ပါးရေးလမ်းစဉ် (Policy of detente) ကို ချမှတ်ခဲ့ကြပြီး

http://myanmarebooksfree.blogspot.com

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



ဖြစ်သည်။ တင်းမာမှုလျော့ပါးရေး ဆိုသည်မှာ ဆိုဗီယက်နှင့် အရှေ့ဥရောပနိုင်ငံများနှင့် သံတမန်ရေး ဆက်ဆံသွား ရေးဖြစ်သည်။ သို့ဖြစ်ရာ မစ္စက် သက်ချာက ဒေါ်နယ်ရေဂင် လမ်းစဉ်ကို ရောယောင် နောက်လိုက် လုပ်၍ ဆိုဗီယက်နှင့် ထိပ်တိုက် တွေ့ရေးကို ထောက်ခံလိုက်သောအခါ တင်းမာမှု လျော့ပါးရေး သဘောတရားကို စွဲကိုင်နေကြသဲ ဖြစ်သော အနောက်ဥရောပ နိုင်ငံများနှင့် သဘော ကွဲလွဲ လာခဲ့သည်။

မစ္စက်သက်ချာသည် ၁၉၉၀ ပြည့်နှစ်တွင် ဝန်ကြီးချုပ် အဖြစ်မှ အနားယူလိုက်သည်ဖြစ်၍ ဆိုဗီယက်ပြည်ထောင်စုကြီး ပြိုကွဲသည့် ၁၉၉၁ တွင် အာဏာအခန်းအနိုင်း၌ မရှိတော့ချေ။ သို့သော် သူမရာထူး၌ ရှိနေချိန်မှာပင် စစ်အေး(Cold War)ကား ပြီးဆုံးသွားခဲ့လေပြီ။ စစ်အေး ပြီးဆုံးချိန်ကို ၁၉၈၉ ဟု သတ်မှတ်ကြသည်ဖြစ်ရာ မစ္စက်သက်ချာ သည် စစ်အေးပြီးဆုံးချိန်ကို ဝန်ကြီးချုပ်အဖြစ် မီခဲ့လေသည်။

## အောက်စ်ဖို့ဒ်၏ စော်ကားမှု

မစ္စက်သက်ချာ၏ဘဝတွင် သံမဏိ (Iron Lady) ဘွဲ့ရ လောက်အောင် တင်းမာ ပြတ်သားမှုများ ရှိခဲ့ခြင်း၏ ကောင်းကျိုး ဆိုးပြစ် အဖုံဖုံ ကို ခံစားခဲ့ရသည်။ ထို့အနက် အောက်စ်ဖို့ဒ် တက္ကသိုလ်က ဂုဏ်ထူးဆောင်ဘွဲ့ပေးရန် ငြင်းပယ်ခံ ရခြင်းမှာကား ပြောစမှတ် ကျန်ရစ်လေသည်။

အောက်စ်ဖို့ဒ် တက္ကသိုလ်သည် အောက် စ်ဖို့ဒ်၌ ပညာ သင်ကြားခဲ့ဖူးသော ဗြိတိန်ဝန်ကြီးချုပ် များအား ဂုဏ်ထူးဆောင်ဘွဲ့ ပေးလေ့ရှိသည်။

**အောက်စ်ဖို့ဒ် တက္ကသိုလ်သည် အောက်စ်ဖို့ဒ်၌ ပညာသင်ကြားခဲ့ဖူးသော ဗြိတိန် ဝန်ကြီးချုပ်များအား ဂုဏ်ထူးဆောင်ဘွဲ့ ပေးလေ့ရှိသည်။ သို့ရာတွင် မစ္စက်သက်ချာသည် အောက်စ်ဖို့ဒ် တက္ကသိုလ်ထွက် ဖြစ်ပါလျက် ဂုဏ်ထူးဆောင်ဘွဲ့ မရခဲ့ချေ**

http://myanmarebooksfree.blogspot.com

အောက်စဖို့ဒ် တက္ကသိုလ်မှာ နေခဲ့ဖူးသူ တစ်ယောက်ယောက် ဝန်ကြီးချုပ်ဖြစ်လာပြီဆိုလျှင် ဂုဏ်ထူးဆောင် ဘွဲ့ပေးဖို့ ပြင်ဆင်ထားလေ့ရှိသည်။ သို့ရာတွင် မစ္စတ်သက်ချာသည် အောက်စဖို့ဒ်တက္ကသိုလ်ထွက် ဖြစ်ပါလျက် ဂုဏ်ထူးဆောင်ဘွဲ့ မရခဲ့ချေ။

မစ္စတ်သက်ချာသည် ပညာရေးဝန်ကြီးဘဝနှင့် ဝန်ကြီးချုပ်ဘဝ နှစ်ခုစလုံးတွင် ပညာရေးအသုံးစရိတ်များကို ဖြတ်တောက်ခဲ့သည့် နောက်ကြောင်း ရာဇဝင် ရှိခဲ့သည်ဖြစ်ရာ အောက်စ်ဖို့ဒ်တက္ကသိုလ်က မစ္စတ်သက်ချာကို ဂုဏ်ထူးဆောင်ဘွဲ့ပေးရန် ၁၉၈၅ ခုနှစ်၌ မဲခွဲသောအခါ ပညာရေးကို အားမပေးခဲ့သူ ဟူသော အကြောင်းပြချက်ဖြင့် ကန့်ကွက်ခံရပြီး ဂုဏ်ထူးဆောင်ဘွဲ့ မပေးနိုင်ဟု ဆုံးဖြတ်ခံရလေသည်။

၁၉၈၅ ခုနှစ်သည် မစ္စတ်သက်ချာ ဝန်ကြီးချုပ်ရာထူး သက်တမ်း ငါးနှစ်ကျော်မျှ ကြာမြင့်ပြီးချိန် ဖြစ်သည်။ နိုင်ငံရေး ခေါင်းဆောင်တစ်ဦးအနေဖြင့် ဩဇာအရှိန်အဝါအမြင့်ဆုံးတက်နေချိန် ဖြစ်သည်။ ထိုသို့သော အချိန်မျိုးတွင် အောက်စ်ဖို့ဒ်က ဂုဏ်ထူးဆောင်ဘွဲ့ပေးရန် ငြင်းပယ်ခဲ့ခြင်းသည် သူမ၏လုပ်ရပ်များအပေါ် ဗိုလ်တက္ကသိုလ်ကြီးက ဂုဏ်မယူနိုင်ကြောင်း ပြောလိုက်သကဲ့သို့ ရှိလေသည်။

## လစ်ဗျားဗုံးကြဲမှု ထောက်ခံ

မစ္စတ်သက်ချာကမူ အောက်စဖို့ဒ်တက္ကသိုလ်၏ ဒဏ်ခတ် ဆုံးမမှုကို အရေးထားပုံမှာ တုံ့ပြန်ခဲ့သည်။ ဒဏ်ခတ်ဆုံးမမှုကြောင့် သူမ၏မူဝါဒများ ပြောင်းလဲသွားခြင်းမရှိ။ ၁၉၈၆ တွင် လစ်ဗျား နိုင်ငံကို အမေရိကန်က ဗုံးကြဲ တိုက်ခိုက်သောအခါ မစ္စတ်သက်ချာက ဗြိတိန်ရှိစခန်းများကို အသုံးပြုခွင့် ပေးခဲ့သည်။ အခြား မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး)ဝင် မဟာမိတ် နိုင်ငံများက လစ်ဗျားဗုံးကြဲမှုကို မထောက်ခံသော်လည်း ယင်းတို့အား အတိုက် အခံပြု၍ မစ္စတ်သက်ချာက အမေရိကန်တို့အား ထောက်ခံခဲ့၏။

မစ္စတ်သက်ချာသည် ကာကွယ်ရေးဆိုင်ရာ စစ်လက်နက် ပစ္စည်း ထုတ်လုပ်မှုပိုင်းတွင် အမေရိကန်နှင့် ပင်းလွန်းသည်ဟု ဆိုကာ သူမ၏ ကာကွယ်ရေးဝန်ကြီး မိုက်ကယ်ဟက်ဆယ်လ်တိုင်း နုတ်ထွက်သွားခြင်းမှာလည်း ပြောရေးအချက်ကြီးတစ်ချက်ဖြစ်ခဲ့သည်။

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



ဗြိတိန်နိုင်ငံ၏ အစိုးက ကာကွယ်ရေးပစ္စည်း ကန်ထရိုက်တာ တစ်ဦးဖြစ်သော ရဟတ်ယာဉ်ထုတ်လုပ်သူ ဝက်စ်လင်းကုမ္ပဏီသည် အီတလီမှ အဂတ်စတာကုမ္ပဏီနှင့် ဖက်စပ်လုပ်ရန် ဆက်သွယ် ဆောင်ရွက်နေစဉ် မစ္စက်သက်ချာက ကြားဝင်၍ အမေရိကန်မှ ဆီကော့စကီး လေယာဉ်ကော်ပိုရေးရှင်းနှင့် ပြောင်းလဲလုပ်ကိုင်နိုင်ခဲ့သည်။ ထိုအခါ အီတလီကုမ္ပဏီနှင့် သဘောတူထားသော ကာကွယ်ရေးဝန်ကြီးက ဟဲဆယ်လ်တိုင်းက မစ္စက်သက်ချာ၏ ဦးဆောင်မှုကို ကန့်ကွက်သည့်အနေဖြင့် ရာထူးမှ နုတ်ထွက်သွားခြင်းဖြစ်သည်။

မစ္စက်သက်ချာ၏ နိုင်ငံရေးဖြတ်သန်းမှုများသည် အမေရိကန်မူဝါဒကို နောက်လိုက်လုပ်ခဲ့ရာမှ လေညီဟု ဝေဖန်ခြင်း ခံရသေးသည်။

http://myanmarebooksfree.blogspot.com

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



ကွန်ဆားဗေးတစ်ပါတီ ခေါင်းဆောင်အဖြစ်၊ ၁၉၇၅



အမေရိကန်သမ္မတ ရေဂင်နှင့် စတောင်ရင်းနှီး၊ ၁၉၇၅။

http://myanmarebooksfree.blogspot.com

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

(၁၃)

## ပြည်တွင်း ပြည်ပ မူဝါဒများ

မစ္စက်သက်ချာသည် ၁၉၈၄ ခုနှစ်တွင် တရုတ်ပြည်သို့ ချစ်ကြည်ရေး အလည်အပတ်ခရီး သွားရောက်သည်။ ၁၉ ဒီဇင်ဘာတွင် တရုတ်ခေါင်းဆောင်ကြီး တိန့်ရှောင်ဖိန်နှင့် မစ္စက်သက်ချာသည် တရုတ်-ဗြိတိသျှ ပူးတွဲကြေညာချက်ကို လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့ကြသည်။

ထိုပူးတွဲကြေညာချက်သည် ဟောင်ကောင် ပြဿနာနှင့်စပ်လျဉ်း၍ အလွန်အရေးပါသည်။ ဟောင်ကောင်ကို တရုတ်ပြည်လက်သို့ ပြန်လည် လွှဲပေးပြီးလျှင် ပြည်မကြီး၏ ကွန်မြူနစ် အုပ်ချုပ်ရေးစနစ်အောက် မသွတ်သွင်းဘဲ အထူးအုပ်ချုပ်ရေး ဒေသအဖြစ် ဆက်လက် ထားရှိရန် တိန့်ရှောင်ဖိန်က သဘောတူညီခဲ့သည်။ "တိုင်းပြည်တစ်ပြည် စနစ်နှစ်ခု" သဘောတူညီချက်ဟု ထင်ရှားသော သမိုင်းဝင်ကြေညာချက်ဖြစ်သည်။

မစ္စက်သက်ချာသည် ဥရောပ စီးပွားရေးအဖွဲ့ (အီးအီးစီ)နှင့် ပတ်သက်၍ အာသာမပြေမှုများရှိခဲ့သည်ကို ထုတ်ဖော်ပြောဆိုခဲ့သည်။ အဖွဲ့သို့ ပေးနေရသည်က အလွန်များနေပြီး အဖွဲ့က ဗြိတိန်အတွက် ပြန်လည်သုံးစွဲမှုက နည်းလွန်းနေကြောင်း စောဒကတက်ခဲ့သည်။

"ဥရောပစီးပွားရေးအဖွဲ့ကြီးကနေ ဘယ်သူ့ဆီကမှ ကျွန်မတို့ ပိုက်ဆံ တောင်းနေတာ မဟုတ်ပါဘူး။ ကျွန်မတို့ ပေးခဲ့ရတဲ့ ငွေပမာဏအတိုင်း ပြန်ရဖို့ ဖြစ်ပါတယ်"

http://myanmarebooksfree.blogspot.com

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



ဟူသော သူ့ပထမပြောဆိုချက်မှာ ထိုကာလက ဟိုးလေး တကျော် ဖြစ်ခဲ့လေသည်။ သူ့ပထမတောင်းဆိုချက်သည် နောက်ဆုံး၌ အောင်မြင်ခဲ့သည်။ နှစ် ၁၉၈၄ တွင် ကျင်းပသော ဖောင်တိန်ဘလူး ထိပ်သီး အစည်းအဝေး၌ ဥရောပစီးပွားရေးအဖွဲ့ (အီးအီးစီ) က နှစ်တစ်ပတ်လည်တိုင်းတွင် ဗြိတိန်အား ပြန်အမ်းငွေများပေးရန် သဘောတူခဲ့သည်။ သို့ဖြင့် မစ္စက်သက်ချာ၏ကျေးဇူးကြောင့် ဗြိတိန်သည် နှစ်စဉ် အဖွဲ့သို့ ပေးသွင်းငွေပမာဏ၏ ၆၆ ရာခိုင်နှုန်းကို ပြန်လည်ရရှိနေသည်။ ယနေ့ထက်တိုင် ထိုအစဉ်အလာအတိုင်း ဆက်လက် ရရှိနေရာ ရံဖန်ရံခါ ထိုကိစ္စကြောင့် ဥရောပသမဂ္ဂ၏ ဓါးသွားအဖွဲ့အတွင်း နိုင်ငံရေးအရ အငြင်းပွားခဲ့ကြသည်။

## ၁၉၈၇–၁၉၉၀

၁၉၈၇ အထွေထွေရွေးကောက်ပွဲတွင်လည်း မစ္စက်သက်ချာ ဦးဆောင်သော ကွန်ဆာဗေးတစ်ပါတီကပင် မဲအပြတ်ဖြင့် အနိုင်ရခဲ့သည်။ အတိုက်အခံများထက် ပါလီမန်တွင် အမတ်နေရာ ၁၀၂ နေရာ ပိုရသည်။ ယခု အနိုင်ရခြင်းမှာ ရွေးကောက်ပွဲသုံးကြိမ် ဆက်တိုက်နိုင်ခြင်းဖြစ်၍ ကွန်ဆာဗေးတစ်ပါတီသမိုင်းတွင် ရှားမှ ရှားသော အောင်ပွဲဖြစ်သည်။ ယခုလို သုံးကြိမ် ဆက်တိုက် အနိုင်ရခြင်းကို ၁၈၆၅ တွင် လော့ဒ်ပါမာစတွန်း ဦးဆောင်ခဲ့စဉ်က ကြုံခဲ့ရပြီး ထိုနောက်ပိုင်း နှစ် ၁၂၀ ခန့်အတွင်း တစ်ကြိမ်မျှ သုံးပွဲဆက် မနိုင်ခဲ့တော့ချေ။

မစ္စက်သက်ချာသည် ရွေးကောက်ပွဲ ဆက်တိုက်နိုင်ကာ ဝန်ကြီးချုပ် သုံးကြိမ်ဆက်ဖြစ်သူ ရှားရှားပါးပါး နိုင်ငံရေးသမားအဖြစ် မှတ်တမ်းတင်ခံခဲ့ရသည်။ ရှေးတုန်းက ၁၈၁၂ မှ ၁၈၂၇ အထိ ဝန်ကြီးချုပ် ဆက်တိုက် ဖြစ်ခဲ့သော လော့ဒ်လီဗာပူးလ် ပြီးလျှင် မစ္စက်သက်ချာသည် သက်တမ်းအရှည်ဆုံး ဝန်ကြီးချုပ်ဖြစ်သည်။

တတိယအကြိမ် ရွေးကောက်ပွဲနိုင်ခြင်းမှာ ပြီးခဲ့သော ကွန်ဆာဗေးတစ် အစိုးရသက်တမ်း နှစ်ကြိမ်အတွင်း ဗြိတိန်နိုင်ငံ၏ စီးပွားရေး သိသိသာသာ ဦးမော့လာခဲ့ခြင်းကြောင့်ဖြစ်သည်။ ထို့ထက် အရေးကြီးသော အချက်မှာ အတိုက်အခံ လေဘာပါတီသည် လူထုအများက မကြိုက်နှစ်သက်သော မူဝါဒကို ချမှတ်ခြင်းကြောင့်ဖြစ်သည်။ လေဘာပါတီက တစ်ဖက်သတ် နျူကလီးယား

http://myanmarebooksfree.blogspot.com

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



လက်နက် ဖျက်သိမ်းရေးကို တောင်းဆိုသည်။ မစ္စက်သက်ချာက နျူကလီးယား လက်နက် ဖျက်သိမ်းရေးကို ဆန့်ကျင်သည်။ နျူကလီးယား လက်နက်များကို နောက်တိုး နိုင်ငံများကတောင် ကြိုးစား ထုတ်လုပ်နေကြချိန်တွင် မူလ လက်ကိုင်ရှိပြီး နိုင်ငံတစ်နိုင်ငံအနေဖြင့် တစ်ဖက်သတ် ဖျက်သိမ်းရေး မလုပ်နိုင်ဟု မစ္စက်သက်ချာက အတိအလင်း ပြောဆိုခဲ့သည်။ ထိုအချက်ကို ဗြိတိသျှမဲဆန္ဒ ရှင်များက သဘောကျကြသည်။ သို့ဖြင့် သူမ၏ ပါတီကို တစ်ခဲနက် ထောက်ခံ ခဲ့ကြခြင်းဖြစ်သည်။

ဗြိတိသျှသတင်းစာအများစုက မစ္စက်သက်ချာအား ထောက်ခံကြသော်လည်း ထင်ရှားသော သတင်းစာကြီးများဖြစ်သည့် ဒေလီမီရာ၊ ဂါဒီယန်နှင့် အင်ဒီပင်းဒင့်တို့ မပါဝင်ချေ။ ထိုသတင်းစာကြီးများက မစ္စက်သက်ချာ၏ တင်းမာသော မူဝါဒနှင့် ကျင့်ဝတ်များကို မနှစ်သက်ခဲ့ကြချေ။ မစ္စက်သက်ချာက သူမ၏ သတင်းအတွင်းဝန် ဘားနတ်အင်ဂါမ်အား ပုံနှိပ်သတင်းစာရှင်းလင်းပွဲများ ပြုလုပ်စေခြင်းဖြင့် သူမဦးဆောင်သော အစိုးရအဖွဲ့၏ လုပ်ရပ်များကို အများသိအောင် ဖော်ထုတ်ခဲ့သည်။

တက်ဘလွိုက်သတင်းစာများက မစ္စက်သက်ချာအား မာဂရက်၏ အတိုကောက် မဂ္ဂီ (Maggie) ဟု သုံးနှုန်း ခေါ်ဆိုကြသည်။ ထိုကာလ တစ်ပိုင်းတွင် မာဂရက်သက်ချာ၏ အတိုက်အခံ များက ဆန့်ကျင်ဆန္ဒပြကြရာ၌ "မဂ္ဂီ ထွက်သွား" (Maggie Out) ဟူ၍ ကြွေးကြော်ကြခြင်းကို အကြောင်းပြု၍ မဂ္ဂီဟု တွင်လာခြင်း ဖြစ်သည်။ မစ္စက်သက်ချာကို ဆန့်ကျင်သူများတွင် တေးဂီတ သမားများလည်းပါရှိရာ ထိုခေတ်က လူကြိုက်များ

မစ္စက်သက်ချာသည် ရွေးကောက်ပွဲ ဆက်တိုက်နိုင်သော ဝန်ကြီးချုပ် သုံးကြိမ်ဆက်ဖြစ်သူ ရှားမှရှားသော နိုင်ငံရေးသမားအဖြစ် မှတ်တမ်းတင်ခံရသည်။ ရှေးတုန်းက ၁၈၁၂ မှ ၁၈၂၇ အထိ ဝန်ကြီးချုပ် ဆက်တိုက် ဖြစ်ခဲ့သော လော့ဒ်လီဗာပူးလ် ပြီးလျှင် မစ္စက်သက်ချာသည် သက်တမ်းအရှည်ဆုံး ဝန်ကြီးချုပ်ဖြစ်သည်

http://myanmarebooksfree.blogspot.com

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



သော သီချင်းအချို့တွင် မာဂရက်ဟု၍ နာမည်ပါရှိသော စာသားများကို ရေးသားခဲ့ကြလေသည်။ "Stand Down Margaret" (The Beat), "Tramp The Dirt Down" (Elvis Costello), "Margaret On the Guillotine" (Morrissey) စသော သီချင်းများဖြစ်သည်။ ပင့်ဖလွိုက်၏ "The Final Cut" နှင့် "Mother Knows Best" (Richard Thompson) တို့မှာလည်း မက်သက်ချာကို အနုပညာဖြင့် တိုက်ခိုက်ထားသော သီချင်းများပင် ဖြစ်သည်။

မက်သက်ချာသည် အခြေခံအားဖြင့် ရှေးရိုးစွဲ ကွန်ဆာဗေးတစ် ဝါဒီ ဖြစ်သော်လည်း ရိဂန်ရုံ၏ သူမ၏ သဘောထားများမှာ ထူးထူးခြားခြား ခေတ်ရှေ့ပြေးလျက်ရှိသည်။ မိန်းမလျာများ အပေါ် သူမ၏ သဘောထားမှာ လစ်ဘရယ် ဆန်လွန်းနေသည်။ ယောကျ်ားချင်း လိင်တူဆက်ဆံခြင်းကို ရာဇဝတ်မြောက်မှုဟု၍ သတ်မှတ်ထားခြင်းမှ ပယ်ဖျက်ပေးရန် မက်သက်ချာက ထောက်ခံခဲ့သည်။ ၁၉၈၇ ခုတွင် မက်သက်ချာက အစဉ်အလာ တန်ဖိုးများကို လေးစားစောင့်ထိန်းရန် သင်ကြားခြင်းခံရသော ကလေးငယ်များသည် သူတို့ မိန်းမလျာဖြစ်လိုက ဖြစ်ခွင့်ရှိကြောင်း အသိပေးထားရမည်ဟု ကြေညာခဲ့သည်။ ထိုသို့ ပြောဆိုခဲ့သည့်အတွက် သူမ၏ ကွန်ဆာဗေးတစ်ပါတီထဲမှာပင် မကျေမနပ် ဝေဖန်မှုများ ထောင်ပေါ်ပေါက်လာခဲ့သည်။

မက်သက်ချာသည် လူထု သက်သာချောင်ချိရေး ပြုပြင်ပြောင်းလဲမှုများကို သူမ၏ဝန်ကြီးချုပ်အဖြစ် တတိယသက်တမ်းအတွင်း ထိထိရောက်ရောက် ဆောင်ရွက်ခဲ့သည်။ သက်ကြီး အလုပ်အကိုင် လေ့ကျင့်ရေးစနစ်ကို စတင် ဖော်ထုတ်ခဲ့သည်။ ထို့ပြင် ကမ္ဘာ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းများကို တတိယသက်တမ်းတွင်မှ ပါဝင်ဆောင်ရွက်သည်။ သူမသည် ပညာသင်ယူခဲ့ရာ၌ ဓာတုဗေဒသမားတစ်ဦး ဖြစ်ခဲ့သော်လည်း စောစောပိုင်းက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပြဿနာများကို အလေးထားရကောင်းမှန်း မသိခဲ့ချေ။ ၁၉၈၈ ခုနှစ်တွင်မှ အရေးပါသော မိန့်ခွန်းတစ်ရပ် ပြောကြား၍ ကမ္ဘာကြီး ပူနွေးလာမှု၊ အိုဇုန်းလွှာများ ပျက်စီးခြင်းနှင့် အက်ဆစ်မိုးရွာသွန်းခြင်းကိစ္စရပ်များကို ကမ္ဘာ့အရေးတကြီးပြဿနာကြီးများအဖြစ် လက်ခံကြောင်း ဝန်ခံခဲ့သည်။ ၁၉၉၀ ပြည့်နှစ်တွင် မက်သက်ချာသည် မိုးလေဝသခန့်မှန်းခြင်းနှင့် သုတေသနဆိုင်ရာ ဟက်ဒလေစင်တာကို ဖွင့်လှစ်သည်။

http://myanmarebooksfree.blogspot.com

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



သူမသည် ၂၀၀၂ ခုနှစ်တွင် Statecraft ဟူသော ခေါင်းစဉ်ဖြင့် စာအုပ်တစ်အုပ် ရေးသား ထုတ်ဝေရာတွင် ကမ္ဘာကြီး ပူနွေးလာမှုသည် လူတွေ ကြောင့်ဖြစ်ရသည်ဆိုကာ စီးပွားရေးလုပ်ငန်းများ တိုးချဲ့ခြင်းကို ဆန့်ကျင်သည့် ဘက်က မိမိနေနဲ့ ခြင်းအတွက် နေဝင်တ ရှိသည်ဟု ဖော်ပြခဲ့သည်။ ပတ်ဝန်းကျင်ရေးရာ ပြဿနာများနှင့် စပ်လျဉ်း၍ နိုင်ငံတကာ အစည်းအဝေး ဆောင်ရွက်မှုများတွင် မိမိတို့ မည်သို့ သဘောတူညီခဲ့ကြသည် ဖြစ်စေ၊ မိမိတို့၏ စီးပွားရေး တိုးတက်ဖွံ့ဖြိုးစေခြင်း ဦးစားပေး လုပ်ဆောင်ကြရိုးကား လိုအပ်သည်။ အဘယ့်ကြောင့် ဆိုသော် စီးပွားရေးတိုးတက်မှုရှိမှသာ ပတ်ဝန်းကျင် ထိန်းသိမ်း ကာကွယ်ရေးအတွက် ကုန်ကျမည့် စရိတ်များကို တတ်နိုင်မည် ဖြစ်သောကြောင့်ပင်" ဟု မဟာသီချာက သူမ၏စာအုပ်တွင် ထည့်သွင်း ရေးသားခဲ့သည်။

အီးစီထဲ ဗြိတိန်နိုင်ငံ ဝင်ရောက်ရေးကို ထောက်ခံသည်၊ သို့သော် အီးစီကို လွှတ်လပ် ကုန်သွယ်ရေးနှင့် ထိရောက်သော ပြိုင်ဆိုင်မှုအတွက်သာ ကြိုးကြား ဆောင်ရွက်စေလိုသည်။ အီးစီအဖွဲ့သည် ဖက်ဒရယ် ပြည်ထောင်စု ပုံစံမျိုး ဖြစ်လာမည်ကို မဟာသီချာက မလိုလားချေ

## အီးစီပြဿတချဲ့ထွင်မှုကို ဆန့်ကျင်

မဟာသီချာသည် အီးစီ၏ ဥရောပ မိသားစုအဖွဲ့ European Community-EC) နှင့်စပ်လျဉ်း၍ အများနှင့်မတူသော အမြင်ရှိသူ ဖြစ်သည်။ သူမအနေဖြင့် အီးစီထဲ ဗြိတိန်နိုင်ငံ ဝင်ရောက်ရေးကို ထောက်ခံသည်။ သို့သော် အီးစီကို လွှတ်လပ်ကုန်သွယ်ရေးနှင့် ထိရောက်သော ပြိုင်ဆိုင်မှု အတွက်သာ ကြိုးကြား ဆောင်ရွက် စေလိုသည်။ အီးစီအဖွဲ့သည် ဖက်ဒရယ် ပြည်ထောင်စု ပုံစံမျိုး ဖြစ်လာမည်ကို မဟာသီချာက မလိုလားချေ။ ထို့ပြင် အီးစီသည် တဖြည်းဖြည်းနှင့် ဗဟိုချုပ်ကိုင်မှု များလာပြီး အရေးကြီးသော ဆုံးဖြတ်ချက်များ

http://myanmarebooksfree.blogspot.com

ချမှတ်လာခြင်းကိုလည်း သူမက ထောက်မခံလိုပေ။ အချို့သော အီးစီ ဆုံးဖြတ်ချက်များသည် ဗြိတိန်နိုင်ငံ၏ အကျိုးစီးပွားကို ထိခိုက်မည့် အလားအလာများ ဖြစ်ပေါ်နေသည်ကို သူမက သတိ ပြုမိသည်။ အထူးသဖြင့် တစ်ခုတည်းသော ဥရောပငွေကြေးဖော်ထုတ်မည့် အစီအစဉ်ကို မစ္စက်သက်ချာက လုံးဝဆန့်ကျင်သည်။

၁၉၈၈ ခုတွင် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့၌ ကျင်းပသော အီးစီ အစည်းအဝေးတွင် မစ္စက်သက်ချာက အီးစီဩဇာအာဏာတိုးချဲ့မည့် အစီအစဉ်များကို ဆန့်ကျင်ပြောကြားလိုက်ရာ ဥရောပခေါင်းဆောင်များအကြား အတော်ဂယက်ရိုက်ခတ်သွားသည်။ ထိုဂယက်သည် သူမ၏ ကွန်ဆာဗေးတစ် ပါတီတွင်းသို့လည်း ရိုက်ခတ်ခဲ့သည်။ အီးစီဩဇာချဲ့ထွင်ရေးကို လိုလားသော ခေါင်းဆောင်ပိုင်းက မစ္စက်သက်ချာ၏ရပ်တည်ချက်များကို ကာရှုကော ပြောလာကြသည်။ ကွန်ဆာဗေးတစ်ပါတီတွင်း အက်ကြောင်းပေါ်လာလေသည်။

## ဘဏ္ဍာရေးဝန်ကြီးနှင့်ထိပ်တိုက်

မစ္စက်သက်ချာအား လူကြိုက်များမှုသည် ၁၉၈၉ တွင် တစ်ဖန် ပြန်လည် ကျဆင်းလာခဲ့သည်။ ဘဏ်တိုးနှုန်းများ မြင့်မားခြင်းကြောင့် ဗြိတိန် နိုင်ငံ၏ စီးပွားရေးယိမ်းယိုင်လာခြင်းသည် မစ္စက်သက်ချာအား စေ့စော်ဘိ တပ်ပေးသကဲ့သို့ ဖြစ်ခဲ့သည်။ အတိုးနှုန်းများမြင့်ခဲ့ခြင်းမှာ စီးပွားရေးဖောင်းပွမှုကို မထိန်းနိုင်သည့် အခြေအနေအား ရပ်တန့်သွားစေရန် ဆောင်ရွက်ခြင်းဖြစ်သည်။ မစ္စက်သက်ချာက ဘဏ္ဍာရေး ဝန်ကြီး နိုဂယ်လော်ဆင်ကို အပြစ်ဖို့သည်။ လော်ဆင်သည် ငွေကြေးသမဂ္ဂအစီအစဉ်(အီးစီ၏ တစ်ခုတည်းသော ဥရောပငွေကြေးစနစ်)ကို ထောက်ခံသူဖြစ်သည်။

၁၉၈၉ ဇွန်လတွင် စပိန်နိုင်ငံ မဒရစ်မြို့၌ ကျင်းပသော အီးစီ ထိပ်သီးအစည်းအဝေးမတိုင်မီ ဘဏ္ဍာရေးဝန်ကြီးလော်ဆင်နှင့် နိုင်ငံခြားရေးဝန်ကြီး ဂျက်ဖရီဟောင်းတို့က ဥရောပငွေကြေးဖော်ထုတ်မည့် အစီအစဉ်ကို မစ္စက်သက်ချာ လက်ခံသင့်ကြောင်း ဖိအားပေးသည်။ ထိပ်သီး အစည်းအဝေးတွင် သူတို့ တောင်းဆိုသည့်အတိုင်း မစ္စက်သက်ချာက သဘောမတူပါက ဝန်ကြီးရာထူးများမှ နုတ်ထွက်မည်ဟု ခြိမ်းခြောက်ကြသည်။ သက်ချာက လက်စားချေသည့်အနေဖြင့် ဂျက်ဖရီဟောင်းကို ရာထူးချလိုက်သည်။ ထို့ပြင် ဘဏ္ဍာရေးဝန်ကြီးလော်ဆင်ကို

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



လုံးဝအာရေးမလုပ်တော့ဘဲ သူမ၏ အကြံပေး ဆာ အလန် ဝေါ်လ်တာကိုသာ စီးပွားရေးကိစ္စများအတွက် တိုင်ပင်တော့သည်။ လောဆင်က ဝန်ကြီးချုပ်သည် သူ့ကို ချိုးနှိမ်သည်ဟု ဆိုကာ အောက်တိုဘာလတွင် ရာထူးမှ ထွက်သွားလေသည်။

**ပါတီခေါင်းဆောင်နေရာ စိန်ခေါ်မှု**

သူမအနေဖြင့် ဖြေရာ ဖြစ်ရသည်မှာ မေယာအား ထောက်ခံမဲပေးသူနှင့် မည်သူ့ကိုမှ မဲမပေးဘဲ နေသူ ၆၀ ဦး ရှိခဲ့ခြင်းဖြစ်သည်။ အာဏာလက်ရှိ ဝန်ကြီးချုပ်တစ်ဦးအား ထောက်ခံ မဲမပေးသူ ၆၀ ဦးရှိနေခြင်းမှာ ဆုံးဖြတ်ရာ ဖြစ်သလို သူမ၏ အနေအထားအတွက် သတိထားစရာလည်း ဖြစ်ခဲ့သည်

နိုဝင်ဘာလတွင် မဂ္ဂရက်သက်ချာအား ကွန်ဆာဗေးတစ် ပါတီ ခေါင်းဆောင်အဖြစ်မှ ဖြုတ်ချရန် ဆာ အန်တော်နီမေယာက ကြိုးစားသည်။ ပါတီခေါင်းဆောင်ရာထူးအတွက် ပါဝင် ယှဉ်ပြိုင် အရွေးခံခြင်းဖြစ်သည်။ မေယာသည် ရာထူးကြီး လက်ကိုင်မရှိ မထင်မရှား ပါလီမန်အမတ် တစ်ဦး ဖြစ်သည်။ သူ့ အနေအထားမှာ နာမည်ကြီးများ ယှဉ်ပြိုင်ရာတွင် "ဖျက်ပြီး" အဖြစ် ဝင်ရောက်သည့် အဆင့်သာ ရှိသည်ဟု နားလည်ထားကြသည်။ သို့ဖြင့် မဂ္ဂရက်သက်ချာသည် မေယာအား လွယ်လွယ်နှင့် နိုင်ခဲ့သည်။ သို့သော် သူမအနေဖြင့် ဖြေရာ ဖြစ်ရသည်မှာ မေယာအား ထောက်ခံမဲပေးသူနှင့် မည်သူ့ကိုမှ မဲမပေးဘဲ နေသူ ၆၀ ဦး ရှိခြင်းဖြစ်သည်။ အာဏာလက်ရှိ ဝန်ကြီးချုပ်တစ်ဦးအား ထောက်ခံ မဲမပေးသူ ၆၀ ဦးရှိနေခြင်းမှာ ဆုံးဖြတ်ရာ ဖြစ်သလို သူမ၏ အနေအထားအတွက် သတိထားစရာလည်း ဖြစ်ခဲ့သည်။ သို့သော် မဂ္ဂရက်သက်ချာ နောက်လိုက်များကမူ မရေပတ်သည့် အောင်ပွဲ ဖြစ်သည်ဟု ဆိုကြ၏။ ဝန်ကြီးချုပ်ရာထူးတွင် ၁၀ နှစ်ကြာ တာဝန်ယူခဲ့ပြီး ကွန်ဆာဗေးတစ်ပါတီအမတ် ၃၇၀ ခန့်၏ ထောက်ခံမဲကို ဆက်လက် ရရှိနေခြင်းသည် အောင်မြင်မှုပင် ဖြစ်သည်ဟု ဆိုသည်။

မည်သို့ပင်ရှိစေ သူမအပေါ် လူကြိုက်နည်း

http://myanmarebooksfree.blogspot.com

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



ရေများ ရှိလာသည်ကို ကား ထောက်ခံသူများက မမြင်ကြချေ။ ဆီကာမှ အခွန်အတုတ်များ တိုး၍ ကောက်ခံခြင်း ဖြစ်သည်။ အခွန် တိုးကောက်ခြင်းကို ၁၉၈၉ တွင် စကော့တလန်၌သည်းကောင်း၊ အင်္ဂလန်နှင့် ဝေလ်စ်တွင် ၁၉၉၀ ၌လည်းကောင်း၊ စတင် အကောင်အထည်ဖော်ခဲ့သည်။ စနစ်သစ်အရ အိမ်ထောင်စုများအပေါ် အခွန်စည်းကြပ်မှုကို ဒေသန္တရကောင်စီများက သတ်မှတ်ကြရာ မူလ ခန့်မှန်းထားကြသည်ထက် အလွန်အမင်းများပြား နေခြင်းကြောင့် ကန့်ကွက်မှုများ ပေါ်ပေါက်လာသည်။ လေဘာပါတီမှ အမတ်တစ်ဦး ဖြစ်သော တယ်ရီဖီးလ်စ်သည် မတရားသော အခွန် စည်းကြပ်မှုကို မပေးဆောင်နိုင်ဟု ငြင်းဆိုသဖြင့် ဖမ်းဆီးခံရပြီး ရက် ၆၀ ကြာ ထောင်သွင်း အကျဉ်းချခံခဲ့ရသည်။

ခေါင်းမာသောဝန်ကြီးချုပ် မစ္စက်သက်ချာကလည်း အခွန်စည်းကြပ်မှုစနစ်ကို ပြန်လည်ညှိနှိုင်းမပေးနိုင်ဟု အပြတ်ငြင်းနေသဖြင့် လူအများက တယ်ရီဖီးလ်စ်လမ်းစဉ်လိုက်ကာ အခွန်မပေးရေးလှုပ်ရှားမှုတွင် ပါဝင်လာကြသည်။ အခွန်မပေးသူဦးရေ ၁၈ သန်းအထိ ရှိခဲ့သည်။ အာဏာပိုင်များကလည်း တင်းတင်းကျပ်ကျပ်အရေးယူခဲ့ရာ အဓိကရုဏ်းများဖြစ်ပွားခဲ့သည်။

လန်ဒန်တွင် ၁၉၉၀ မတ်လ ၃၁ ရက်က ပြုလုပ်သောကန့်ကွက်ပွဲမှာ အကြီးကျယ်ဆုံးဖြစ်သည်။ ထရာဖယ်လ်ဂါးရင်းမြင်၌ ကျင်းပသော ယင်းကန့်ကွက်ပွဲသို့ လူပေါင်း ၂၀၀၀၀၀ကျော် တက်ရောက်ခဲ့သည်။ အခွန်ပြဿနာသည် မစ္စက်သက်ချာ နိုင်ငံရေးဘဝသိမ်းရန်အတွက် အရေးကြီးသော အကြောင်းရင်းတစ်ရပ်ဖြစ်ခဲ့သည်။

## ဆက်ဒမ်ဟူစိန်ကို တိုက်ခိုက်ရေး

ဗြိတိန်ဝန်ကြီးချုပ်အဖြစ် မစ္စက်သက်ချာ၏ ပြောင်မြောက်သော နောက်ဆုံးလုပ်ဆောင်ချက်တစ်ရပ်မှာ ဆက်ဒမ်ဟူစိန်၏ စစ်တပ်ကြီးကို ကူဝိတ်နိုင်ငံထဲက မောင်းထုတ်ပစ်ရန် အမေရိကန်သမ္မတ ဂျော့ အိတ်ချ် ဒဗလျူ ဘုရှ်အား တိုက်တွန်းခဲ့ခြင်း ဖြစ်သည်။ အရှေ့အလယ်ပိုင်း ဒေသတွင် အမေရိကန်တပ်များသာချရန် ဘုရှ်သည် တွန့်ဆုတ်နေပုံရ၏။ ထိုအချိန်တွင် မစ္စက်သက်ချာက ဒါဟာ တွန့်ဆုတ်တွန့်ဆုတ်ဖြစ်နေရမယ့်အချိန် မဟုတ်ဘူးဟု ပြောခဲ့ရာ ထိုစကားသည် နာမည်ကျော်သွား၏။

http://myanmarebooksfree.blogspot.com

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

## (၁၄)

# ခေါင်းဆောင်တာဝမှ ဆင်းပေးရချိန်

၁၉၉၀ အောက်တိုဘာလတွင် ကွန်ဆာဗေးတစ်ပါတီ ညီလာခံ ကျင်းပသည်။ ထိုနေ့မတိုင်မီသောကြာသပတေးနေ့တွင် မစ္စက်သက်ချာက ဘဏ္ဍာရေး ဝန်ကြီးအသစ် ဂျွန်မေဂျာအား အတိုးနှုန်းထားများကို ၁ ရာခိုင်နှုန်း လျှော့ချရန် အမိန့်ပေးသည်။ မေဂျာက သူမအား ဖျောင်းဖျဆွေးနွေးသည်။ ငွေကြေး တည်ငြိမ်မှုကိုလိုလားလျှင် ငွေကြေးဖလှယ်မှု ယန္တရားစနစ်တွင် ပူးပေါင်း ပါဝင်ဖို့လိုသည်ဟု ပြောဆိုခြင်းဖြစ်သည်။

ထိုနှစ် ကွန်ဆာဗေးတစ် ပါတီညီလာခံသည် ညီညွတ်ရေးနိုင်ပြသော အသွင်ကို ဆောင်လျက်ရှိသည်။ ထိုညီလာခံကို တက်ရောက်လာသူများအနက် မစ္စက်သက်ချာသည် သီတင်းပတ်အနည်းငယ်တွင်း ဝန်ကြီးချုပ်ရာထူးကို ရှုံးရတော့မည်ဟု တွေးမိသူမရှိသလောက် ရှားပေသည်။

### လျှောကျနောက်ဆုံး ရှိချက်

တက်ကြွကြွ မြင့်လွှမ်းကာလည်း လျှောကျနောက်ဆုံး ရှိချက် ဟူသော စကားအတိုင်း မာဂရက်သက်ချာသည် ဝန်ကြီးချုပ်သက်တမ်း အရှည်ဆုံး ဗြိတိသျှနိုင်ငံရေးသမားအဖြစ် တံခွန်ထူနေခဲ့ရာမှ ကျရှုံးတန်တော့ ကျဆုံး ရလေသည်။

မစ္စက်သက်ချာသည် မိမိသဘောနှင့်မိမိ ရာထူးမှဆင်းပေးခဲ့ခြင်း မဟုတ်။ ပါတီတွင်း မဲခွဲကာ မဲရှုံး၍ ထွက်ပေးခဲ့ရခြင်းဖြစ်သည်။

http://myanmarebooksfree.blogspot.com

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



ရေများ ရှိလာသည်ကို ကား ထောက်ခံသူများက မမြင်ကြချေ။ ဒါဇီကာမှာ အခွန်အကောက်များ တိုး၍ ကောက်ခံခြင်း ဖြစ်သည်။ အခွန် တိုးကောက်ခြင်းကို ၁၉၈၉ တွင် စကော့တလန်၌လည်းကောင်း၊ အင်္ဂလန်နှင့် ဝေးလ်စ်တွင် ၁၉၉၀ ၌လည်းကောင်း စတင် အကောင်အထည်ဖော်ခဲ့သည်။ စနစ်သစ်အရ အိမ်ထောင်စုများအပေါ် အခွန်စည်းကြပ်မှုကို ဒေသန္တရကောင်စီများက သတ်မှတ်ကြရာ မူလ နှုန်းထားကြသည်ထက် အလွန်အမင်းများပြား နေခြင်း ကြောင့် ကန့်ကွက်မှုများ ပေါ်ပေါက်လာသည်။ လေဘာပါတီမှ အမတ်တစ်ဦး ဖြစ်သော တယ်ရီဖီးလ်စ်သည် မတရားသော အခွန် စည်းကြပ်မှုကို မပေးဆောင် နိုင်ဟု ငြင်းဆိုသဖြင့် ဖမ်းဆီးခံရပြီး ရက် ၆၀ ကြာ ထောင်သွင်း အကျဉ်းချခံခဲ့ရသည်။

ခေါင်းပေါ်သောခွန်ကြီးချုပ် မစ္စက်သက်ချာကလည်း အခွန်စည်းကြပ် မှုစနစ်ကို ပြန်လည်ညှိနှိုင်းမပေးနိုင်ဟု အပြတ်ငြင်းနေသဖြင့် လူအများက တယ်ရီဖီးလ်စ်ထံဝင်လိုက်ကာ အခွန်မပေးရေးလှုပ်ရှားမှုတွင် ပါဝင်လာကြသည်။ အခွန်မပေးသူဦးရေ ၁၈ သန်းအထိ ရှိခဲ့သည်။ အာဏာပိုင်များကလည်း တင်းတင်းကျပ်ကျပ်အရေးယူခဲ့ရာ အဓိကရုဏ်းများဖြစ်ပွားခဲ့သည်။

လန်ဒန်တွင် ၁၉၉၀ မတ်လ ၃၁ ရက်က ဖြစ်ပွားသောကန့်ကွက်ပွဲမှာ အကြီးကျယ်ဆုံးဖြစ်သည်။ ထရာဖာလ်ဂါရင်ပြင်၌ ကျင်းပသော ယင်းကန့်ကွက်ပွဲသို့ လူပေါင်း ၂၀၀၀၀၀ကျော် တက်ရောက်ခဲ့သည်။ အခွန်ပြဿနာသည် မစ္စက်သက်ချာ နိုင်ငံရေးဘဝသိမ်းရန်အတွက် အရေးကြီးသော အကြောင်းရင်းတစ်ရပ်ဖြစ်ခဲ့သည်။

## ဆက်ဒမ်ဟူစိန်ကို တိုက်ခိုက်ရေး

ဗြိတိန်ဝန်ကြီးချုပ်အဖြစ် မစ္စက်သက်ချာ၏ ပြောင်မြောက်သော နောက်ဆုံးလုပ်ဆောင်ချက်တစ်ရပ်မှာ ဆက်ဒမ်ဟူစိန်၏ စစ်တပ်ကြီးကို ကူဝိတ်နိုင်ငံထဲက မောင်းထုတ်ပစ်ရန် အမေရိကန်သမ္မတ ဂျော့ ဒဗလျူ ဘုရှ်အား တိုက်တွန်းခဲ့ခြင်း ဖြစ်သည်။ အရှေ့အလယ်ပိုင်း ဒေသတွင် အမေရိကန်တပ်များလာချရန် ဘုရှ်သည် တွန့်ဆုတ်နေပုံရ၏။ ထိုအချိန်တွင် မစ္စက်သက်ချာက ဒါဟာ တွန့်ဆုတ်တွန့်ဆုတ်ဖြစ်နေရမယ့်အချိန် မဟုတ်ဘူးဟု ပြောခဲ့ရာ ထိုစကားသည် နာမည်ကျော်သွား၏။

http://myanmarebooksfree.blogspot.com

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

(၁၄)

## ဓေါင်းဆောင်ဘဝမှ ဆင်းပေးရချိန်

၁၉၉၀ အောက်တိုဘာလတွင် ကွန်ဆာဗေးတစ်ပါတီ ညီလာခံ ကျင်းပသည်။ ထိုနေ့မတိုင်မီသောကြာသပတေးနေ့တွင် မွတ်သက်ချာက ဘဏ္ဍာရေး ဝန်ကြီးအသစ် ဂျွန်မေဂျာအား အတိုးနှုန်းထားများကို ၁ ရာခိုင်နှုန်း လျှော့ချရန် အမိန့်ပေးသည်။ မေဂျာက သူမအား ဖျောင်းဖျသွေးဆောင်နေသည်။ ငွေကြေး တည်ငြိမ်မှုကိုလိုလားလျှင် ငွေကြေးဖလှယ်မှု ယန္တရားစနစ်တွင် ပူးပေါင်း ပါဝင်ဖို့လိုသည်ဟု ပြောဆိုခြင်းဖြစ်သည်။

ထိုနေ့က ကွန်ဆာဗေးတစ် ပါတီညီလာခံသည် ညီညွတ်ရေးနိမိတ်ပြသော အသွင်ကို ဆောင်လျက်ရှိသည်။ ထိုညီလာခံကို တက်ရောက်လာသူများအနက် မွတ်သက်ချာသည် သီတင်းပတ်အနည်းငယ်တွင်း ဝန်ကြီးချုပ်ရာထူးကို စွန့်ရတော့မည်ဟု တွေးမိသူမရှိသလောက် ရှားပေမည်။

### လျှောကျနေတက်ဆုံး ရှိချေ

တက်ကြွကြွကြွ မြင့်လွန်းကလည်း လျှောကျနေတက်ဆုံး ရှိချေ ဟူသော စကားအတိုင်း မာဂရက်သက်ချာသည် ဝန်ကြီးချုပ်သက်တမ်း အရှည်ဆုံး ဗြိတိသျှနိုင်ငံရေးသမားအဖြစ် တံခွန်ထူနေခဲ့ရာမှ ကျချိန်တန်တော့ ကျဆုံးရလေသည်။

မွတ်သက်ချာသည် မိမိသဘောအနိုင်ဖြင့် ရာထူးမှဆင်းပေးခဲ့ခြင်း မဟုတ်။ ပါတီတွင်း မဲခွဲကာ မဲရှုံး၍ ထွက်ပေးခဲ့ရခြင်းဖြစ်သည်။

http://myanmarebooksfree.blogspot.com

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



၁၉၉၀ ပြည့်နှစ်တွင် မန္တက်သက်ချာ၏ ခေါင်းဆောင်မှုကို မကျေနပ်သူများ ပါတီတွင်း အင်အားတိုးများလာသည်။ အဓိကမှာ ဒေသန္တရ အစိုးရ အခွန်အတုတ်များ စည်းကြပ်မှု မူဝါဒကို ဆန့်ကျင်ကြခြင်း ဖြစ် သည်။ ထို့ပြင် မန္တက်သက်ချာ၏ စီးပွားရေးဆိုင်ရာ မူဝါဒများကလည်း အလွဲလွဲ အချော်ချော် ဖြစ်လာသည်ဟုဆိုသည်။ အထူးသဖြင့် အတိုးနှုန်းများကို ၁၅ ရာခိုင်နှုန်းအထိ မြှင့်လိုက်ခြင်းကြောင့် အိမ်ပိုင်ရှင်များနှင့် အရောင်းအဝယ်စီးပွားရေးသမားများ အကျပ်အတည်းတွေ့ကြုံကြသည်။

အရေးကြီးသော အကြောင်းတစ်ချက်မှာ ဥရောပ တိုက်မကြီးရှိ နိုင်ငံများနှင့် ဆက်ဆံရေးမူဝါဒများတွင် ပါတီတွင်း၌ သဘောထားကွဲလွဲမှုများ ရှိခဲ့သည်။

## ရုတ်တရက်ဝန်ကြီးချုပ်နုတ်ထွက်ခြင်း

ဤအခြေအနေတွင် မန္တက်သက်ချာအား ကာလရှည်ကြာ ထောက်ခံခဲ့သူတစ်ဦးဖြစ်သော ဆာဂျော့ဖရီဟောင်းသည် မန္တက်သက်ချာ၏ ဥရောပ မူဝါဒကို ကန့်ကွက်သောအားဖြင့် (၁) နိုဝင်ဘာ (၁၉၉၀) တွင် ရုတ်တရက် ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်သွားသည်။ နောက်နှစ်ပတ်အကြာတွင် ဆာ ဂျက်ဖရီက အောက်လွှတ်တော်တွင် သူနုတ်ထွက်ရခြင်းအကြောင်းကို မိန့်ခွန်းပြော၍ ရှင်းလင်းတင်ပြသည်။ သူက မန္တက်သက်ချာအပေါ် သစ္စာရှိမှုနှင့် မူဝါဒအပေါ် သစ္စာရှိမှုကို ခွဲခြားပြောဆိုပြီး အခြားသူများလည်း သူ့လိုပဲ ဝေဖန်ကြပါဟု နှိုးဆော်သွားသည်။

များမကြာမီ ကွန်ဆာဗေးတစ်ပါတီခေါင်းဆောင်များ အစည်းအဝေးပြုလုပ်ရာ မန္တက်သက်ချာ၏ လုပ်ဖော်ကိုင်ဖက်တစ်ဦးဖြစ်သော မိုက်ကယ်ဟေးဆယ်လ်တိုင်းက ပါတီခေါင်းဆောင်နေရာအတွက် သူမနှင့် ယှဉ်ပြိုင်အရွေးခံလေသည်။ ပထမအကြိမ် မဲခွဲရာတွင် ဟေးဆယ်လ်တိုင်းသည် လုံလောက်သောမဲရရှိ၍ ဒုတိယအကြိမ်မဲခွဲရန် အချိန်သတ်မှတ်ကြသည်။

အခြေအနေကို မှန်းဆနိုင်ပြီဖြစ်သော မန္တက်သက်ချာသည် ဝန်ကြီးအဖွဲ့မှ သူမ၏လူယုံများနှင့်တိုင်ပင်ပြီးနောက် ဒုတိယအကြော့မဲခွဲရာ၌ သူမ မပါဝင်လိုတော့ကြောင်း ပါတီသို့ တင်ပြလိုက်သည်။ ၂၂ နိုဝင်ဘာ နံနက် ၉း၃၀ နာရီတွင် မန္တက်သက်ချာက ဝန်ကြီးအဖွဲ့သို့ တရားဝင်တင်ပြပြီး နောက် ရာထူးမှနုတ်ထွက်ကြောင်း ထုတ်ပြန်ချက်ကို ကြေညာလိုက်သည်။

http://myanmarebooksfree.blogspot.com

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



"ကျွန်မရဲ့ လုပ်ဖော်ကိုင်ဖက်များနဲ့ ကျယ်ကျယ်ပြန့်ပြန့် တိုင်ပင် ဆွေးနွေးပြီး ပါတီတွင်းညီညွတ်ရေးနဲ့ လာမယ့် အထွေထွေ ရွေးကောက်ပွဲမှာ ကျွန်မတို့ပါတီ ဆက်လက် အောင်နိုင်ရေးအတွက် ခုလို ဆုံးဖြတ်ခဲ့ပါတယ်။ ဒီမှသာ ပါတီအနေနဲ့ နောက်ထပ် ခေါင်းဆောင် အသစ် တစ်ယောက် ရွေးချယ် နိုင်မှာပါ။ ကက်ဘိနက်ထဲမှာရော ပြင်ပမှာပါ ကျွန်မကို အားပေး ထောက်ခံခဲ့ကြသူတွေကို ကျွန်မ ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်"

ဟု သူမ၏ကြေညာချက်၌ ပါရှိသည်။

ထို အတောအတွင်း ပါလီမန်တွင် အတိုက်အခံ လေဘာပါတီ ခေါင်းဆောင် နေးလ်ကင်းနော့က အစိုးရအဖွဲ့ကို အယုံအကြည် မရှိ အဆိုတင်သွင်းသည်။ ထိုအခွင့်အရေးကိုယူ၍ မစ္စက်သက်ချာက သူမနုတ်ထွက်သောနေ့တွင် ဗြိတိသျှ၏ ဥရောပမူဝါဒကို ရှင်းရှင်းလင်းလင်း ထပ်မံပြောကြားလိုက်သည်။

"ဥရောပ ငွေကြေးစနစ် တစ်ခုတည်း ထားရှိဆိုတာ ဥရောပရဲ့ နိုင်ငံရေး ပြဿနာပဲ။ အဲဒါဟာ ဖက်ဒရယ် ဥရောပ ပြည်ထောင်စု အစီအစဉ်ကို နောက်ဖေးပေါက်က တင်လာတာ ဖြစ်တယ်။ အခု အမတ်မင်းတို့အဆိုပြုချက်ကို ကျွန်မ ငြင်းပါမယ်။ ကျွန်မတို့ အခု ဘယ်ကိုသွားကြမလဲ။ ကျွန်မကတော့ လက်ရှိရပ်တည်ချက်ကိုပဲ သဘော ကျတယ်" ဟု ပြောကြားလိုက်သည်။

"ဥရောပ ငွေကြေးစနစ် တစ်ခုတည်း ထားရှိဆိုတာ ဥရောပရဲ့ နိုင်ငံရေး ပြဿနာပဲ။ အဲဒါဟာ ဖက်ဒရယ် ဥရောပ ပြည်ထောင်စု အစီအစဉ်ကို နောက်ဖေးပေါက်က တင်လာတာ ဖြစ်တယ်"

ထို့နောက် ပါတီခေါင်းဆောင် ရွေးချယ်မှုဘက်သို့ ပြန်လှည့်ကြသည်။ ဗြိတိသျှ နိုင်ငံရေးစနစ်မှာ ရွေးကောက်ပွဲတွင် အမတ်

http://myanmarebooksfree.blogspot.com

ဦးရေအများဆုံးရသော ပါတီက အစိုးရဖွဲ့ရသည်။ ယင်းပါတီ၏ ခေါင်းဆောင်က ဝန်ကြီးချုပ် ဖြစ်သည်။ မွတ်သက်ချာသည် ဝန်ကြီးချုပ်အဖြစ်မှ နုတ်ထွက်ခြင်းနှင့် တစ်ချိန်တည်းတွင် ပါတီခေါင်းဆောင်သစ်ကို တာဝန်လွှဲရပေမည်။

## ဆက်ခံသူရွေးချယ်ခြင်း

မွတ်သက်ချာသည် ခေါင်းဆောင်နေရာမှဆင်းပေးပြီး ခေါင်းရှောင်သွားလိုသူ မဟုတ်။ သူမစိတ်တိုင်းကျ ခေါင်းဆောင်သစ်တစ်ယောက်ကို ဆန္ဒပြုကာ တင်မြှောက်ခဲ့သေးသည်။ စိတ်တိုင်းကျဟုဆိုသော်လည်း မွတ်သက်ချာကဲ့သို့သော ခေါင်းဆောင်တစ်ယောက်အနေဖြင့် ရနိုင်နိုင်သည့် စိတ်တိုင်းကျမှုကား မဖြစ်နိုင်။ သို့ဖြင့် ဂျွန်မေဂျာသည် မွတ်သက်ချာ၏ ထောက်ခံမှုဖြင့် "အနုတော့မှာ လူရောချ" ဖြစ်ကာ ယှဉ်ပြိုင်အရွေးခံသောအခါ အရွေးချယ်ခံခဲ့ရလေသည်။ ဂျွန်မေဂျာသည် ကွန်ဆာဗေးတစ် ပါတီခေါင်းဆောင်သစ်ဖြစ်ပြီးသည်နှင့် အလိုအလျောက် ဝန်ကြီးချုပ်ရာထူးကို ဆက်ခံရသည်။ ဘုရင်မကြီးက ဝန်ကြီးချုပ်အဖြစ် ခန့်အပ် ကြောင်း တရားဝင်ကြေညာလိုက်သည်။

မွတ်သက်ချာ ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ပြီး ပုံမှန်မှန်းအချိန် မှာပင် "မိုရီ" စနည်းနာအဖွဲ့က လူထုဆန္ဒသဘောထားကို စနည်းနာ ကောက်ခံကြည့်ရာ ၅၂% က မွတ်သက်ချာသည် သူမ၏တာဝန်သက်တမ်းတွင် တိုင်းပြည်အတွက် ကောင်းရာကောင်းကြောင်းတွေ လုပ်သွားခဲ့သည်ဟု ယုံကြည်ကြောင်း ဖြေကြားသည်။ ၄၈% ကမူ မွတ်သက်ချာသည် အတော်ပင်ဆိုးဝါးခဲ့သည်ဟု ယုံကြည်ကြောင်း ဖြေကြားသည်။

မွတ်သက်ချာသည် ဝန်ကြီးချုပ်အဖြစ်မှ နုတ်ထွက်ခဲ့သော်လည်း သူမ၏ မဲဆန္ဒနယ်အတွက် လွှတ်တော်အမတ်အဖြစ်ကား ဆက်လက် တည်ရှိနေသေး သည်။ ၁၉၉၂ ရွေးကောက်ပွဲကျမှ ဆက်လက် အရွေးမခံတော့ဘဲ အနားယူ လိုက်လေသည်။ ထိုအတောအတွင်း ပါလီမန်တွင် ပြောဆိုစရာရှိမှ လိုအပ်သော အကြောင်းကိစ္စများရှိလာပါက တာဝန်ကျေစွာ ပါဝင်ဆွေးနွေး ပြောဆိုသည်။ အခြားလွှတ်တော်အမတ်များကလည်း သူမအား လေးလေးစားစား တန်ဖိုးထားဆက်ဆံကြလေသည်။ ရာထူးမှ ဆင်းပေးပြီး နောက်တစ်နှစ်တွင် ကွန်ဆာဗေးတစ် ပါတီ နှစ်ပတ်လည် ညီလာခံ ကျင်းပရာ မွတ် သက်ချာ တက်ရောက်သည်။ ညီလာခံ ခန်းမထဲသို့ မွတ်သက်ချာ ဝင်ရောက် လာချိန်တွင်

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984
http://myanmarebooksfree.blogspot.com

ကိုယ်စား လှယ်အားလုံး မတ်တင် ရပ်ကာ ထောက်ခံပြကာမှ ကြိုဆိုခဲ့ကြ လေသည်။

၁၉၉၂ တွင် မစ္စက်သက်ချာအား အယ်လိဇဘက်ဘုရင်မကြီးက လင်ကွန်းရှိုင်းယား ခရိုင်ရှိ ကက်စတီဗင်နယ်စား ဟူသော ဘွဲ့ ချီးမြှင့်၍ သူကောင်းပြုသည်။ သူမရရှိသော ဘွဲ့မှာ မျိုးရိုးစဉ်ဆက် ဘွဲ့ခံနိုင်သော အခွင့်အရေး မရှိချေ။ ဟယ်ရိုးလ် မက်မီလန်အား ချီးမြှင့်ရန် ၁၉၈၄ ခုနှစ်က သူမက ထောက်ခံခဲ့သော ဘွဲ့မှာ မျိုးရိုးစဉ်ဆက် ခံယူခွင့်ရှိသည်။ မက်မီလန်သည် အသက် ၉၀ ပြည့်သည့် ၁၉၈၄ ခုနှစ်တွင် စတော့တလန် နယ်စားမင်း ဘွဲ့ ရရှိခဲ့သည်။

မစ္စက်သက်ချာသည် ဗြိတိသျှဝန်ကြီးချုပ် မဟုတ်တော့သော်လည်း ကမ္ဘာ့ရေးရာများတွင် သူမ၏သဘောထားအမြင်များကို အများက တလေးတစား နားထောင်လေ့ရှိကြသည်။ ၁၉၉၂ ဩဂုတ်လတွင် မစ္စက်သက်ချာသည် နေတိုးအဖွဲ့ အနေဖြင့် ဆားဘီးယားတို့အား ဟန့်တားရန် သင့်ပြီဖြစ်ကြောင်း နှိုးဆော်တိုက်တွန်းသည်။ ဘော့စနီးယားတွင် လူမျိုးသန့်စင်ရေး စစ်ဆင်သည် ဟုဆိုကာ ဂိုရာဇ်ဒ်နှင့် ဆာရာယေဗိုတို့အား ဆားဘီးယား တို့က ထိုးနက် တိုက်ခိုက်နေခြင်းကို မစ္စက် သက်ချာက နာဇီတို့၏လုပ်ရပ်များနှင့် တစ်တန်း တည်း ထား၍ ကန့်ကွက်ရှုတ်ချခဲ့သည်။ ဘော့စနီးယားတွင် "ဟိုလိုကော့စ်" ဧရာမအကြီး ဖြစ်ပေါ်လာနိုင်သည်ဟု သူမက သတိပေးခဲ့သည်။ မစ္စက်သက်ချာ၏ သတိပေးချက်ထွက်လာပြီး နောက် ၁၉၉၃ ဧပြီလတွင် ဆရီဗရီနီကာဒေသ၌ [illegible] အစုလိုက်အပြုံလိုက် လူသတ်ပွဲကြီး

ဘော့စနီးယားတွင် လူမျိုးသန့်စင်ရေး စစ်ဆင်သည် ဟုဆိုကာ ဂိုရာဇ်ဒ်နှင့် ဆာရာယေဗိုတို့အား ဆားဘီးယား တို့က ထိုးနက် တိုက်ခိုက်နေခြင်းကို မစ္စက်သက်ချာက နာဇီတို့၏လုပ်ရပ်များနှင့် တစ်တန်းတည်း ထား၍ ကန့်ကွက် ရှုတ်ချခဲ့သည်။ ဘော့စနီးယားတွင် "ဟိုလိုကော့စ်" ဧရာမအကြီး ဖြစ်ပေါ်လာ နိုင်သည်ဟု သူမက သတိပေးခဲ့သည်

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

http://myanmarebooksfree.blogspot.com

ဖြစ်ပွားခဲ့လေသည်။

မစ္စက်သက်ချာ ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ပြီး ချက်ချင်းဆိုပင် ဧလီဇဘက်ဘုရင်မကြီးက သူမအား အင်္ဂလန် နိုင်ငံ၏ အမြင့်ဆုံးဘွဲ့ထူးဂုဏ်ထူးတစ်ခု ဖြစ်သော Order of Merit ဘွဲ့ကို အပ်နှင်းသည်။

ဆက်လက်၍ မစ္စက်သက်ချာ၏ ခင်ပွန်း ဒင်းနစ်သက်ချာကို ၁၉၉၁ တွင် ဘယ်ရွန်နက်ဘွဲ့ (baronetcy) ချီးမြှင့်သည်။ (သူတို့၏သား မတ်ခ်သည် ဘယ်ရွန်နက်ဘွဲ့ ကို ဆက်ခံခွင့်ရှိသည်ဟု သတ်မှတ်သည်) ယင်းသည် ၁၉၆၄ မှစ၍ ဘယ်ရွန်နက်ဘွဲ့ ကို ပထမဆုံး ဖန်တီးပေးခြင်းဖြစ်သည်။

၁၉၉၅ တွင် ဘုရင်မကြီးက ဗြိတိန်နိုင်ငံ၏ အမြင့်ဆုံး မြင့်မြတ်စိတ်ထားဘွဲ့ (Order of Chivalry) ကို မစ္စက်သက်ချာအား ချီးမြှင့်ပြန်သည်။

ရိုင် ၁၉၉၂ တွင် မစ္စက်သက်ချာအား ဖိလစ်မောရစ်တိုဘက်ကိုကုမ္ပဏီ (ယခု အော်လ်ထရီးယားဂရုပ်) က ပထမ နိုင်ငံရေးအတိုင်ပင်ခံအဖြစ် ငှားရမ်းသည်။ လစာမှာ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၂၅၀၀၀၀ နှင့် မစ္စက်သက်ချာ ဖောင်ဒေးရှင်းအတွက် ဒေါ်လာ ၂၅၀၀၀၀ ထည့်ဝင်ခြင်းဖြစ်သည်။

၁၉၉၃ မှ ၂၀၀၀ ပြည့်နှစ်အထိ သူမသည် အမေရိကန်ပြည်ထောင်စု ဗာဂျီးနီးယားပြည်နယ် ဝီလျံနှင့် မေရီ ကောလိပ်၏ ချန်ဆယ်လာရာထူးကို ထမ်းဆောင်ခဲ့ရသည်။ ထိုကောလိပ်သည် ၁၆၉၃ တွင် အင်္ဂလန်ဘုရင့်ပဋိညာဉ် စာချုပ်ဖြင့် တည်ထောင်ခဲ့ခြင်းဖြစ်သည်။ မစ္စက်သက်ချာသည် ဗြိတိန်၏ တစ်ခု တည်းသော ပုဂ္ဂလိကတက္ကသိုလ်ဖြစ်သည့် ဘက်ကင်ဟမ်တက္ကသိုလ်၏ ချန်ဆယ်လာ အဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့ရသည်။ ထိုတာဝန်မှ ၁၉၉၈ တွင် အနားယူခဲ့သည်။

မစ္စက်သက်ချာသည် သူမ၏ တစ်သက်တာမှတ်တမ်းကို အတွဲနှစ်တွဲရေးခဲ့သည်။ "အာဏာသို့သွားရာလမ်း" နှင့် "ဒေါင်းနင်းလမ်းနှစ်များ" (The Path to Power and the Downing Street Years) ဟူ၍ဖြစ်သည်။

ဒေါင်းနင်းလမ်းနှစ်များကို ၁၉၉၃ တွင် ဘီဘီစီက ရုပ်သံထွက်တင်ဆက်ရာ မစ္စက်သက်ချာက သူမအား အစိုးရအဖွဲ့က နုတ်ထွက်ရသည်အထိ သူမ၏ နောက်လိုက်များက ပူးပေါင်းကြံစည်ခဲ့ကြ သည်ကို မကျေမချမ်း ပြန်ပြောင်းပြော ကြားသွားသည်။ "သကာတုံး အကြံဆင် ထားတဲ့မျက်နှာတွေနဲ့ သစ္စာဖောက်တာ

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



ကို ခံလိုက်ရတာ" ဟု သူမက သုံးနှုန်း ပြောဆိုခဲ့သည်။

မစ္စက်သက်ချာသည် သူမ၏ ရာထူးတွင် ဆက်ခံသော ဂျွန်မေဂျာနှင့် အစိုးရ အဖွဲ့အား အများရှေ့မှောက်တွင် ထောက်ခံ စကားပြောသော်လည်း ကွယ်ရာတွင်မူ ဂျွန်မေဂျာ၏ မူဝါဒများကို မနှစ်သက်ကြောင်း ပြောလေ့ရှိရာ သတင်းစာများက သတင်းရသွားပြီး ဖွင့်ချခဲ့ကြသည်။

မစ္စက်သက်ချာသည် ဝန်ကြီးချုပ် ဂျွန် မေဂျာ၏ မူဝါဒများနောက် အခွန်အတုတ် တိုး ကောက်ပြီး အများပြည်သူ ဆိုင်ရာ လုပ်ငန်းများ အတွက် ပိုမိုသုံးစွဲခြင်းကို မကြိုက်ချေ။ ထို့ပြင် ဂျွန်မေဂျာက ဥရောပ ပေါင်းစည်းရေး အပေါ် ပိုလား ထောက်ခံသည့် သဘောထား ပြောဆို သည်ကိုလည်း၊ မကျေမနပ် ဝေဖန်တိုက်ခိုက် လေသည်။

မစ္စက်သက်ချာသည် သူမနှင့် ဝါဒ မတူ လျှင် တစ်ပါတီတည်းမှ လူကိုပင် ဘဝင်မကျ နိုင်သော်လည်း သူမနှင့် အယူအဆတူလျှင်ကား ဆန့်ကျင်ဘက်ပါတီမှ ဖြစ်စေကာမူ ထောက်ခံ စကား ပြောနိုင်လေသည်။

၁၉၉၄ တွင် လေဘာပါတီ၌ တိုနီ ဘလဲ ခေါင်းဆောင်ဖြစ်လာပြီး မေ ၁၉၉၅ ၌ ပြုလုပ်သော မစ္စက်သက်ချာ၏ ဆင်တာချာတစ်ခုတွင် သူမက "ဂိတ်စကဲလ် နောက်ပိုင်းမှာ လေဘာ ခန့်ညားစရာ ခေါင်းဆောင် တစ်ယောက် ပေါ်လာတာပဲ" ဟု မှတ်ချက်ပေးသည်။

"လေဘာ ရှေ့တန်းခုံက လူတွေဆီမှာ

ဒေါင်းနင်းထေင်း နှစ်များကို ၁၉၉၃ တွင် ဘီဘီစီက ရုပ်သံထုတ်လွှင့်တင်ဆက်ရာ မစ္စက်သက်ချာက သူမအား အစိုးရအဖွဲ့မှ နုတ်ထွက်ရသည့်အထိ သူမ၏ နောက်လိုက်များက ပုန်ကန်ကြခဲ့ကြ သည်ကို မကျေမချမ်း ပြန်ပြောင်းပြော ကြားသွားသည်။ "သင်္ကာမှုံး အမြီးဆင် တားတဲ့ မျက်နှာတွေနဲ့ သစ္စာဖောက်တာကို ခံလိုက်ရတာ" ဟု သူမက သုံးနှုန်း ပြောဆိုခဲ့သည်

http://myanmarebooksfree.blogspot.com

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



ဆိုရှယ်လစ်ဝါဒကို တွေ့နေရပေမဲ့ မစ္စတာဘလဲဒီမှာ မတွေ့ရဘူး"

ဟူ၍လည်း သူမက ပြောကြားခဲ့သည်။

တိုနီဘလဲ ဦးဆောင်သော လေဘာပါတီသည် ကွန်ဆာဗေးတစ်များကို ရွေးကောက်ပွဲတွင် အနိုင်ရပြီး ၁၉၉၇ တွင် မစ္စတာဘလဲ ဝန်ကြီးချုပ်ဖြစ်လာသည်။ သူသည် ၂၀၀၇ ခုထိ (၁၀)နှစ်ကြာမျှ ဝန်ကြီးချုပ်လုပ်သွားခဲ့ရာ မစ္စက်သက်ချာ လမ်းစဉ်ကို လိုက်ခဲ့သူဟူ၍ အဝေဖန်ခံရသည်အထိ လုပ်ရပ်များ တူညီခဲ့လေသည်။

ကွန်ဆာဗေးတစ်များ ရွေးကောက် ပွဲရှုံးပြီးနောက် ခေါင်းဆောင်အပြောင်းအလဲလုပ်ရန် ရွေးချယ်ကြသောအခါ မစ္စက်သက်ချာသည် ဝီလျံဟိတ်ကို ထောက်ခံခဲ့သည်။ ဂျွန်ရက်ဝုဒ်နှင့် မဟာ ဗိတ်၌ ကက်နက်ကလပ်စ်စ်ရောက်ယှဉ်ပြိုင်သည်ကို ဟိတ်အားထောက်ခံ၍ မစ္စက်သက်ချာက အားစမ်းခြင်းဖြစ်သည်။ အောက်လွှတ်တော် ထက်မက်ရှည်ဆောင် သို့ပင် မစ္စက်သက်ချာသွားရောက်၍ ဟိတ် ကို မဲပေးရန် ကွန်ဆာဗေးတစ်အမတ်များ အား တိုက်တွန်းခဲ့သည်ဟု ဆိုသည်။

၁၉၉၈ တွင် မစ္စက်သက်ချာသည် ချီလီနိုင်ငံ အာဏာရှင်ဟောင်း ဩဂတ် စတို ပီနိုချေးထံ သွားရောက်တွေ့ဆုံရာ ကမ္ဘာ့သတင်းကြီး ဖြစ်သွားလေသည်။

မစ္စက်သက်ချာသည် ဟစ်တလာ လက်သစ်ဟူ၍ တံဆိပ်ကပ်ခံရသော ပီနိုချေးအား သွားရောက်တွေ့ဆုံခြင်းအတွက် အများ၏ ဝေဖန်ရှုတ်ချခံရမည်ကို တွက်ဆထားပြီးဖြစ်သည်။ သို့ရာတွင် ခေါင်းမာသော သံမဏိဝီလုပ်ချင်သည်ကို ဖြစ်အောင် လုပ်ခဲ့သည်။ ပီနိုချေးသည် ဖော့ကလန်စစ်ပွဲတွင် ဗြိတိန်ဘက်က အပြတ်ရပ်တည်ကူညီခဲ့သည့် မိတ်ဆွေကောင်းဖြစ်ကြောင်း သူမက ပြောကြားသည်။ ပီနိုချေးအား ထောက်ခံကြောင်းနှင့် မိတ်ဆွေအဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ မစ္စက်သက်ချာနှင့် ပီနိုချေ နှစ်ဦး စလုံးသည် နိုင်ငံရေးစင်တာနေရာ နယ်စေသင်းဝင်များလည်းဖြစ်ကြသည်။ ထို့ကြောင့်လည်း ယခုလို တွေ့ဆုံအားပေးခဲ့ခြင်းဖြစ်သည်ဟု ထင်မြင်ချက်ပေးကြသည်။

http://myanmarebooksfree.blogspot.com

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

(၁၅)

# အာဏာမရှိသော်လည်း ဩဇာရှိသူ

မစ္စစ်သက်ချာသည် ၁၉၉၃ ခုတွင် ကိန်းဘရစ်တက္ကသိုလ်သို့ ဒေါ်လာ ၂၀၀၀၀၀ (နှစ်သိန်း) လှူဒါန်းသည်။ စွန့်ထွင်ဦးစီးမှုစီးပွားရေးလုပ်ငန်းပညာ လေ့လာရေးအတွက် မာဂရက်သက်ချာ ထောက်ပံ့ကြေးအဖြစ် လှူဒါန်းခြင်းဖြစ်သည်။ ထို့အတူပင် ကိန်းဘရစ်ရှိ ချာချီလ်ကောလိပ်သို့လည်း သူမ၏ ပုဂ္ဂိုလ်ရေး စာရွက်စာတမ်းများကို လှူဒါန်းခဲ့သည်။

၂၀၀၁ တွင် ကွန်ဆာဗေးတစ်ပါတီ၏ အထွေထွေရွေးကောက်ပွဲ အတွက် လှုံ့ဆော်ကြရာ၌ မစ္စစ်သက်ချာသည် တက်ကြွစွာ ပါဝင်ခဲ့သေးသည်။ မကြာမီ ကွန်ဆာဗေးတစ်ပါတီ ခေါင်းဆောင်ရွေးပွဲ ပြုလုပ်ရာ လေဒီသက်ချာသည် ဒန်ကန်စမစ်အား ထောက်ခံအားပေးသည်။ အများကြိုက်ပုဂ္ဂိုလ်တစ်ဦးဖြစ်သော ကင်နက်ကလပ်ကို လေဒီသက်ချာက သဘောမကျချေ။ ကလပ်သည် အစိုးရ၏ အခန်းကဏ္ဍနှင့်စပ်လျဉ်း၍ ခေတ်နောက်ပြန်ဆွဲ အယူအဆရှိသူဟု သူမက ဝေဖန်သည်။ ထို့ပြင် ဥရောပပေါင်းစည်းရေးဘက်ကိုလည်း အားသန်လွန်းသည်ဟု ထောက်ပြသည်။

၂၀၀၂ တွင် မစ္စစ်သက်ချာ၏ စာအုပ်တစ်အုပ် ထုတ်ဝေသည်။ "နိုင်ငံအုပ်ချုပ်မှု ပြောင်းလဲနေသော ကမ္ဘာကြီးအတွက် မဟာဗျူဟာများ" (Statecraft: Strategies for a Changing World) ဖြစ်သည်။ ၁၉၉၀ တွင် သူမ အနားယူပြီးချိန်မှစ၍ နိုင်ငံတကာဆက်ဆံရေးများအပေါ် သူမ၏

http://myanmarebooksfree.blogspot.com

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



ရှုမြင်စဉ်းစားပုံများကို ရေးသားထားခြင်းဖြစ်သည်။

အီးယူခေါ် ဥရောပသမဂ္ဂနှင့်ပတ်သက်၍ ရေးသားသော အခန်းများမှာမူ အငြင်းပွားစရာများစွာပါရှိသည်ဟု ဆိုသည်။ မဂ္ဂရက်သက်ချာက အီးယူတွင် ဗြိတိန်အဖွဲ့ဝင်အဖြစ်ပါဝင်ရေးကို ပြန်လည်ညှိနှိုင်းဖို့ လိုသည်။ ဗြိတိန်၏ အချုပ်အခြာအာဏာကို ထိန်းသိမ်းစောင့်ရှောက်ရမည်။ သို့မဟုတ်ပါက ဗြိတိန်သည် အီးယူမှထွက်ပြီး နက်ဖ်တာအဖွဲ့ဝင် ဝင်သင့်သည်ဟု ရေးသားခဲ့သည်။

စာအုပ်အဖြစ် မထွက်မီ လန်ဒန်တိုင်းမ်သတင်းစာကြီးတွင် အခန်းဆက်ရေးသားခဲ့ခြင်းဖြစ်ရာ ဥရောပနှင့်ပတ်သက်သော အခန်းများရေးသားနေသည့် ၁၈ မတ် တနင်္လာနေ့မှ ၂၂ မတ် သောကြာနေ့အထိ ရက်များအတွင်း နိုင်ငံရေးရပ်ကွက်များတွင် ပွက်လောရိုက်နေခဲ့သည်။ ထိုဆောင်းပါးများ ရေးနေစဉ် မဂ္ဂရက်သက်ချာသည် မကြာခဏ လေဖြတ်သလို ဖြစ်လာသဖြင့် ဆရာဝန်များက မိန့်ခွန်းများမပြောဘဲ အနားယူနေရန် တားမြစ်ထားခဲ့ရသည်။

မဂ္ဂရက်သက်ချာသည် ၂၆ ဇွန် ၂၀၀၃ တွင် ခင်ပွန်းသည် ကွယ်လွန်သွား၍ မုဆိုးမ ဖြစ်ခဲ့သည်။

မဂ္ဂရက်သက်ချာနှင့် အယူအဆတူ မိတ်ဆွေရင်းချာဖြစ်သော အမေရိကန်သမ္မတဟောင်း ရော်နယ်ရေဂင်သည်လည်း ကွယ်လွန်သွားရာ ၁၁ ဇွန် ၂၀၀၄ တွင် ဝါရှင်တန်ဒီစီ အမျိုးသားဘုရားရှိခိုးကျောင်းကြီး၌ ကျင်းပသော ဈာပနအခမ်းအနားသို့ သူမကိုယ်တိုင် တက်ရောက်ခဲ့သည်။ ထို့ပြင် ရော်နယ်ရေဂင်အား ဂုဏ်ပြုစကားကို ဗီဒီယိုတိပ်ဖြင့် ပြော၍ ပေးပို့ခဲ့သည်။

တိုင်းရေးပြည်ရေးနှင့် ဝင်လျှင်း၍ ပြောစရာဆိုစရာရှိလာလျှင် မဂ္ဂရက်သက်ချာသည် သူမ၏ထင်မြင်ချက်ကို ပွင့်ပွင့်လင်းလင်း ထုတ်ပြောနေဆဲဖြစ်သည်။ ဗြိတိသျှအစိုးရက နိုင်ငံသားမှတ်ပုံတင်ကတ်များထုတ်ပေးရန် စီစဉ်နေသည်ဆိုသောသတင်း ထွက်ပေါ်လာချိန်တွင် မဂ္ဂရက်သက်ချာက ဆန့်ကျင်ကန့်ကွက်ကြောင်း ထုတ်ဖော်ပြောဆိုသည်။ ဒီဇင်ဘာ ၂၀၀၄ တွင် ကွန်ဆာဗေးတစ်ပါတီမှ လွှတ်တော်အမတ်များနှင့် အထွတ်သမော တွေ့ဆုံရာ၌ မဂ္ဂရက်သက်ချာက အိုင်စီကတ်များထားရှိသည့်စနစ်သည် ဂျာမန်တွေရဲ့စနစ် ဖြစ်ကြောင်း၊ ဗြိတိန်နိုင်ငံနှင့် လုံးဝ မသက်ဆိုင်ကြောင်း ပြောကြားခဲ့သည်။

၁၃ အောက်တိုဘာ ၂၀၀၅ တွင် မဂ္ဂရက်သက်ချာ အသက် ၈၀

http://myanmarebooksfree.blogspot.com

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



ပြည်သည်၊ သူမ၏မွေးနေ့ပွဲကို ဟိုက်ပတ် ပန်းခြံကြီးထဲရှိ မန်ဓါရင်းအိုရီယင်တယ်ဟိုတယ်၌ ကြီးကြီးကျယ်ကျယ် ကျင်းပသည်။ ဆယ်လီဗေးတက် ဘုရင်မကြီးကိုယ်တိုင် ကြွလာသော် အီဒင်ဘာရာ မြို့စားကြီးနှင့်အတူ တက်ရောက်ချီးမြှင့်ခဲ့သည်။

ထိုမွေးနေ့အခမ်းအနားတွင် ဂျက်ဖရီ ဟောင်း (ယခု အေဘီရာဗွန်မှ လော့ဒ် ဟောင်း) က မဂ္ဂက်သက်ချာ၏ နိုင်ငံရေးအရ စွမ်းဆောင်ချက်များကို ဂုဏ်ပြု ပြောကြားသွားသည်၊ "သူမရဲ့အောင်မြင်မှုဟာ တစ်ပါတီတည်း အတွက်သာမက နှစ်ပါတီလုံးအတွက် ဖြစ်ခဲ့တယ်၊ လေဘာပါတီ အာဏာရလာတော့လည်း သက်ချာဝါဒထဲက အတော်များများကို အပြောင်းအလဲ မရှိ ဆက်ပြီး လက်ခံကျင့်သုံးကြရတယ်" ဟု ပြောကြားခြင်းဖြစ်သည်။

"သူမရဲ့အောင်မြင်မှုဟာ တစ်ပါတီတည်း အတွက်သာမက နှစ်ပါတီလုံး အတွက်ဖြစ်ခဲ့တယ်၊ လေဘာပါတီအာဏာ ရလာတော့လည်း သက်ချာဝါဒထဲက အတော်များများကို အပြောင်းအလဲ မရှိ ဆက်ပြီး လက်ခံကျင့်သုံး ကြရတယ်"

စက်တင်ဘာ ၂၀၀၆ တွင် မဂ္ဂက်သက်ချာသည် အမေရိကန်ပြည်ထောင်စုသို့ သွားရောက်ကာ ဝါရှင်တန်ဒီစီ၌ ကျင်းပသည့် ၉/၁၁ အကြမ်းဖက်တိုက်ခိုက်ခံရမှု ငါးနှစ်မြောက် အထိမ်းအမှတ်ပွဲသို့ တက်ရောက်ခဲ့သည်။ သူမသည် အမေရိကန် ဒုသမ္မတ ဒစ်ချေနီ၏ ဧည့်သည်တော်အဖြစ် သွားရောက်ခဲ့ခြင်းဖြစ်သည်။ မဂ္ဂက်သက်ချာသည် သူမလိုပင် ထက်မြက်သော အမျိုးသမီးတစ်ဦးဖြစ်သူ နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ်နှင့် တွေ့ဆုံ စကားပြောခဲ့သေးသည်။

ဧပြီ ၂၀၀၆ ကလည်း မဂ္ဂက်သက်ချာသည် အမေရိကန် နိုင်ငံခြားရေး ဝန်ကြီးဟောင်းတစ်ဦးဖြစ်သော ကက်စပါဝိုင်ဘာဂါ၏

http://myanmarebooksfree.blogspot.com

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



ရှာပနကို သွားရောက်ခဲ့သေးသည်။

မစ္စက်သက်ချာသည် သူမကို ထောက်ခံသူများရော ကန့်ကွက်သူများပါ စာလေးစားနက်လေးအခြင်းခံရသူဖြစ်သည်။ မစ္စက်သက်ချာ ရာထူး မှ နုတ်ထွက်ခဲ့ချိန်ကို လူတွေက မှတ်မိနေကြသည်။ အဲသည့်သတင်း ကြားလိုက်ရစဉ်က မိမိ ဘယ်မှာရှိသည် ဘာလုပ်နေသည် ဘယ်လို တုန်လှုပ်မိခဲ့သည် စသည်တို့ကို မှတ်မိနေကြသည်။

၁၉၇၀ နှစ်များတွင် ဥရောပတိုက်၏ လူမမာကြီးဟုသုံးနှုန်း ခေါ်ဆို ခံရသည်အထိ ကျဆင်းနေသော ဗြိတိသျှစီးပွားရေးကို မစ္စက်သက်ချာက ဆယ်တင်ပေးခဲ့သည်ဟု ဗြိတိသျှလူမျိုးတချို့က ယခုထိ ယုံကြည်နေကြဆဲ ဖြစ်သည်။ တချို့ကလည်း သူမသည် သက်သာချောင်ချိရေး ထောက်ပံ့ကြေး စနစ်ကို ဖျက်စီးစေခဲ့သည်ဟုလည်းကောင်း၊ ယူကေနိုင်ငံ၏ ကုန်ချော ထုတ်လုပ်မှုအခြေခံများကို ဖျက်ဆီးခဲ့သည်ဟုလည်းကောင်း၊ သူမ၏ မူဝါဒများကြောင့် သန်းပေါင်းများစွာသော အလုပ်သမားများ ကာလ ရှည်ကြာ အလုပ်လက်မဲ့ဖြစ်ခဲ့ကြရသည်ဟုလည်းကောင်း စွပ်စွဲအပြစ် တင်ကြသည်။

စီးပွားရေးလုပ်ငန်းများအား ပုဂ္ဂလိကပြုရေးနှင့် လွတ်လပ်ဈေးကွက် စနစ်တိုးရေးကို ထောက်ခံသူများကမူ မစ္စက်သက်ချာ၏ မူဝါဒများကြောင့် ၁၉၈၀ နှစ်များ ခါးလယ်ပိုင်းနောက်တွင် ဗြိတိသျှစီးပွားရေး ပြန်လည် ဦးမော့လာခြင်းဖြစ်ကြောင်း ယခုအခါ အလုပ်လက်မဲ့ ရာခိုင်နှုန်း လျော့ နည်းလာပြီး ဗြိတိသျှစီးပွားရေး တိုးတက်လာခြင်းမှာလည်း မစ္စက်သက်ချာ ကျေးဇူးပင်ဖြစ်ကြောင်း ပြောဆိုကြသည်။

သူမအား ဝေဖန်သူများကမူ ၁၉၈၀ နှစ်များတွင် ဗြိတိသျှ စီးပွား ရေး ပြန်ကောင်းလာခြင်းမှာ တစ်ကမ္ဘာလုံး စီးပွားရေးများ နလန်ထလာ ချိန်နှင့် အတူတူဖြစ်ကြောင်း၊ ဗြိတိန်အဖို့ မြောက်ပင်လယ်ရေနံများအတွက် ရရှိသော အခွန်ငွေများနှင့်ပင် အတော်ဟန်ကျခဲ့ကြောင်း ပြောကြသည်။

မည်သို့ပင်ဖြစ်စေ၊ မစ္စက်သက်ချာသည် အာဏာရှိစဉ်ရော မရှိတော့ ချိန်တွင်ပါ ပြဿနာရှိနေသည်မှာ အမှန်ပင်ဖြစ်သည်။

**အာဏာ၏ရှိန် မြင့်အမျိုးမျိုး**

မဂရက်သက်ချာအပေါ် ဗြိတိသျှလူထု၏အမြင်မှာ အမျိုးမျိုး

http://myanmarebooksfree.blogspot.com

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



ကွဲပြားခြားနားသည်။ မစ္စက်သက်ချာ၏ နိုင်ငံရေးဦးဆောင်မှုနှင့် စပ်လျဉ်း၍ သူမအား လိုလားသူနှင့် မလိုလားသူများမှာ အစွန်းနှစ်ဖက် ဖြစ်၍ နေသည်။ ၂၀၀၂ ခုနှစ်တွင် "အကြီးမြတ်ဆုံး ဗြိတိသျှနိုင်ငံသား ၁၀၀" စာရင်းကောက်ခဲ့ရာ မစ္စက်သက်ချာသည် နံပါတ် ၁၆ ရခဲ့သည်။ သက်ရှိ ထင်ရှားရှိနေသူများတွင် ထိပ်ဆုံးဖြစ်သည်။ နံပါတ် ၁၅ အထိမှာ ကွယ်လွန်ပြီးသူများချည်း ဖြစ်သည်။ သို့သော် ၂၀၀၃ ခုနှစ်၌ "အဆိုးဝါးဆုံး ဗြိတိသျှလူမျိုး ၁၀၀" စာရင်းကောက်သောအခါ မစ္စက်သက်ချာသည် နံပါတ် ၃ နေရာရခဲ့ပြန်သည်။ သူမထက် ရှေ့နေရာရသူမှာ ထိုစဉ်က တည်ဆဲ လေဘာဝန်ကြီးချုပ် တိုနီဘလဲ ဖြစ်၏။

"ကွန်ဆာဗေးတစ် ပါတီမှာ လိုနေတာက မစ္စတာဘလဲကို အနိုင်ယူနိုင်မယ့် ခေါင်းဆောင် မဟုတ်ဘူး။ မစ္စတာဘလဲ ကဲ့သို့သော ခေါင်းဆောင်မျိုးကို လိုနေတာ"

မည်သို့ရှိစေ မာဂရက်သက်ချာသည် ၂၀ ရာစုတွင် ကမ္ဘာ့အရေးပါဆုံးအမျိုးသမီးတစ်ယောက် ဖြစ်ခဲ့သည်ကိုကား အားလုံးက ထောက်ခံကြသည်။ သူမလိုပင် ဝန်ကြီးချုပ်သုံးကြိမ် ဆက်တိုက်ဖြစ်ခဲ့သော လေဘာပါတီခေါင်းဆောင် တိုနီဘလဲက သူသည် မစ္စက်သက်ချာ၏ စီးပွားရေးပေါ်လစီများထဲက အများစုကို ဆက်လက်အကောင်အထည် ဖော်ခဲ့ပါသည်ဟု ထုတ်ဖော်ဝန်ခံခဲ့သည်။

မစ္စက်သက်ချာကလည်း တိုနီဘလဲကို အထင်ကြီးလေးစားသည်။ ကွန်ဆာဗေးတစ်ပါတီ ခေါင်းဆောင် ရွေးပွဲတစ်ခုတွင် မစ္စက်သက်ချာက "ကွန်ဆာဗေးတစ် ပါတီမှာ လိုနေတာက မစ္စတာဘလဲကို အနိုင်ယူနိုင်မယ့် ခေါင်းဆောင် မဟုတ်ဘူး။ မစ္စတာဘလဲကဲ့သို့သော ခေါင်းဆောင်မျိုးကို လိုနေတာ" ဟု အတိအလင်း ပြောဆိုခဲ့သည်။

http://myanmarebooksfree.blogspot.com

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



## မကျေမချမ်းနိုင်သူများ

စကော့တလန်၊ ဝေးလ်စ်၊ မြောက်ပိုင်းအိုင်ယာလန်၊ အင်္ဂလန်မြောက်ပိုင်းရှိ သတ္တုတွင်းနယ်မြေဟောင်းများမှ ဒုက္ခခံစားခဲ့ရသူများက သူမအား မကျေမချမ်းနိုင်ကြသေး။ မစ္စက်သက်ချာလက်ထက်က သတ္တုတွင်းအလုပ်သမားသပိတ်ကို မညှာမတာ နှိမ်နင်းခဲ့၍ ဘဝပျက်ခဲ့ရသူများမှာ ရှိခဲ့သည်။ သူမ၏ အစိုးရမူဝါဒပြောင်း နိုင်ကွပ်မှုများကြောင့် အစဉ်အလာရှိသော အကြီးစား စက်မှုလုပ်ငန်းများ ကျဆင်းခဲ့သည်။ ဝန်ဆောင်မှုလုပ်ငန်းများကသာ တိုးတက်ကြီးမားခဲ့လေသည်။

သတ္တုတွင်းလုပ်ငန်းများနှင့် စက်မှုလုပ်ငန်းများနှင့် ‘သက်ဆိုင်သည့် အသိုင်းအဝိုင်းများက မာဂရက်သက်ချာအား ဆန့်ကျင်ခဲ့ကြခြင်းသည် ၁၉၈၇ ခု ရွေးကောက်ပွဲတွင် ပေါ်လွင်ခဲ့သည်။ သူမဦးဆောင်သော ကွန်ဆာဗေးတစ်ပါတီသည် အင်္ဂလန်တောင်ပိုင်းနှင့် ကျေးလက်ဒေသလယ်သမား အများစုနေထိုင်သော မဲဆန္ဒနယ်များတွင် အနိုင်ရသော်လည်း ကျန်နယ်မြေများတွင် ရှုံးနိမ့်ခဲ့သည်။

မစ္စက်သက်ချာ၏ လယ်ယာစိုက်ပျိုးရေးဆိုင်ရာ မူဝါဒအရ ဗြိတိသျှ လယ်ယာကဏ္ဍသည် အစိုးရအထောက်အပံ့ အများဆုံး ရရှိသည်။ သို့သော် အခြား မအောင်မြင်သော စီးပွားရေးကဏ္ဍများသည် လယ်ယာ ကဏ္ဍလို အစိုးရအထောက်အပံ့ မရရှိခဲ့ချေ။ ထို့ကြောင့် စကော့တလန်နှင့် ဝေးလ်စ်နယ်တို့သည် အင်္ဂလိပ်နယ်များနှင့် ပို၍ စိတ်ဝမ်းကွဲခဲ့ကြသည်။ သို့ဖြင့် ယင်းမှ အာဏာကို အောက်လက်သို့ ခွဲဝေကျင်းသုံးခွင့်ပြုရေး တောင်းဆိုမှုများ ပို၍ ကြီးမားလာသည်။

## ပြည်ပအမြင်အမျိုးမျိုး

ပြည်ပအမြင်များသည်လည်း မစ္စက်သက်ချာနှင့် ပတ်သက်၍ အမျိုးမျိုးရှိခဲ့သည်။ လက်ဝဲသမားများက မာဂရက်သက်ချာသည် လူမှုလှုပ်ရှားမှုများကို အင်အားသုံး၍ ဖြိုခွင်းသူဟု မြင်ကြသည်။ သူမသည် အလုပ်သမားလူတန်းစား၏ အကျိုးစီးပွားကို မငဲ့ကွက်ဘဲ လူချမ်းသာများ အကျိုး ရှိစေမည့် လုပ်ငန်းပြုပြင်ရေးများကို ပြုလုပ်ခဲ့သည်ဟု ပြစ်တင်ဝေဖန်ကြသည်။ သူမ၏ဆိုက်လက်ကျွဆာနှင့် ပတ်သက်၍လည်း သရော်လှောင်ပြောင်သည့် ကာတွန်းရုပ်ပြောင်များ ထွက်ပေါ်

http://myanmarebooksfree.blogspot.com

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



ခဲ့သည်။ မြင်သစ်အဆိုတော် ရေးနေကာမှ မှောက်သက်ချာကို သီချင်းစပ်ဆိုရှင် သရော်ခဲ့သည်။ သီချင်းအမည်မှာ "မှေသက်ချာ" ဟူ၍ဖြစ်သည်။ သီချင်းစာသားတွင် ယောက်ျားတို့ဆီမှာ ရှိသမျှ မကောင်းသော အမှုအကျင့်အားလုံးကို မိန်းမတွေဆီမှာ မတွေ့ရလို့ မိန်းမများကို ချီးကျူးဂုဏ်ပြုပါကြောင်း သို့ပေမဲ့ မှောက်သက်ချာ ကတော့ ချွင်းချက်ဖြစ်ကြောင်း သူမဆီမှာ ယောက်ျားတွေရဲ့ မကောင်းတဲ့ ဂုဏ်ရည်အားလုံး ရှိနေပြီ မိန်းမတွေဆီက မကောင်းတာ မှန်သမျှလည်း ရှိနေကြောင်း ဟူ၍ ရေးစပ်ထားလေသည်။

ယောက်ျားတို့ဆီမှာ
ရှိသမျှ
မကောင်းသော
အမှုအကျင့်
အားလုံးကို
မိန်းမတွေဆီမှာ
မတွေ့ရလို့
မိန်းမများကို
ချီးကျူး
ဂုဏ်ပြုပါကြောင်း။
သို့ပေမဲ့
မှောက်သက်ချာ
ကတော့ ချွင်းချက်
ဖြစ်ကြောင်း။
သူမဆီမှာ
ယောက်ျားတွေရဲ့
မကောင်းတဲ့
ဂုဏ်ရည်အားလုံး
ရှိနေပြီ
မိန်းမတွေဆီက
မကောင်းတာ
မှန်သမျှလည်း
ရှိနေကြောင်း ဟူ၍

**နေရာတကာ အစိုးရတာဝန်မယူတတ်**

မှောက်သက်ချာကို မထိုက်တန်သူများက သူမ၏ ပြောကြားချက်တစ်ခု မှ ဝါကျငယ် တစ်ခုတည်းကို ခွဲထုတ်ယူပြီး "လူ့အဖွဲ့အစည်းမှာ ဒါမျိုး မရှိဘူး" ဟု သူမက ပြောသည်ဟု ဆိုလေ့ ရှိသည်။

မှောက်သက်ချာသည် အမျိုးသမီး မဂ္ဂဇင်းတစ်စောင်၏ သတင်းထောက် ဆော်ဂယ်စ်ကေးနှင့် ၂၃ စက်တင်ဘာ ၁၉၈၇ က တွေ့ဆုံရာတွင် နာကျိုးကိုင်း လူ့အဖွဲ့အစည်းကို တာဝန်လာ ပုံချသူများအား လူ့အဖွဲ့အစည်းက တာဝန်မယူနိုင်ကြောင်း ပြောခဲ့ခြင်းဖြစ်သည်။ "ဒီမှာ ပြဿနာတွေဖြစ်နေတယ်။ အစိုးရက ဖြေရှင်းပေးပါ။ ဒီမှာ အိုးအိမ်မရှိဘူး။ အစိုးရက ပေးနိုင် အိမ်ပေးပါ။ သည်လိုမျိုးတွေ လာပြောနေလို့ ဘယ်ဖြစ်မလဲ။ လူ့အဖွဲ့အစည်းမှာ ဒါမျိုးတွေ မရှိဘူး" ဟု သူမက ပြောခဲ့ခြင်းဖြစ်သည်။

စီးပွားရေးနှင့် နိုင်ငံရေး လက်ယာအုပ်စုများကမူ မှောက်သက်ချာ၏ ရဲရင့်ပြတ်သားမှုများကို

http://myanmarebooksfree.blogspot.com

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



ခိုးကျူးကြသည်။ ပြဿနာကြီးမားသော အလုပ်သမား သမဂ္ဂများကို ထိန်းကိုင် ရန်ဆိုင်ခဲ့ခြင်းသည် နိုင်ငံရေးအရ အလွန် အန္တရာယ်ကြီးသည်။ မက္ကဆက်ချာက ပုံဝှံစားစား ရင်ဆိုင်ကာ အလျှော့မပေးဘဲ တင်းခံနေခဲ့၏။ ထို့ပြင် အန္တရာယ် ကြီးမားသော စီးပွားရေးဆိုင်ရာ ချုပ်ချယ်ကန့်သတ်မှုများကိုလည်း မက္ကဆက်ချာက ရဲရဲကြီး ဖယ်ရှားခဲ့သည်။ သို့ဖြင့် နိုင်ငံရေးနှင့် စီးပွားရေးတွင် "သက်ချာဝါဒ" ဟူသော အသုံးအနှုန်းပင် ပေါ်ပေါက်လာသည်။

## ဆိုင်ဘာဆေးစ် ရန်သူတော်ကြီး

ဆိုင်ရစ်တာမျိုးသားရေးဝါဒီများကလှ မက္ကဆက်ချာအား ရန်သူအဖြစ် တစ်လျှောက်လုံး ပစ်မှတ်ထားခဲ့ကြသည်။ သူမသည် ဆိုင်ဘာဆေး ခေါ် ဆိုင်ရစ် ရိုပတ်ဗလီကင် ထပ်မတော်နှင့် ရေစပ်ဆွေးနွေးရေးကို လုံးဝ ပယ်ချခဲ့သည်။ ဖမ်းဆီးရမိသော ဆိုင်ဘာဆေးများအား နိုင်ငံရေး အကျဉ်းသားများဟု မသတ်မှတ်ဘဲ အကြမ်းဖက်ရာဇဝတ်သားများဟူ၍သာ သဘောထားခဲ့သည်။ မက္ကဆက်ချာ၏ တင်းမာမှုကို တုံ့ပြန်သောအားဖြင့် ဆိုင်ဘာဆေးများကလည်း ပြန်လည်၍ အကြမ်းဖက်နည်းသုံးခဲ့ကြရာ လော့ဒ်မောင့်ဘက်တန်သည်ပင် ဆိုင်ဘာဆေးတို့၏ ဗုံးခွဲလုပ်ကြံမှု၌ သေဆုံးခဲ့ရသည်။

မက္ကဆက်ချာသည် ဆိုင်ဘာဆေးနှင့် မဆွေးနွေးတော့ဟု သဘောထားပြတ်သော်လည်း မြောက်ပိုင်းဆိုင်ယာလန်ပြဿနာ ဖြေရှင်းရေးအတွက် အင်္ဂလိပ်-ဆိုင်းရစ် သဘောတူညီချက်ရှိအောင် ဆိုင်ယာလန် သမ္မတနိုင်ငံနှင့် ဆွေးနွေးခဲ့သည်။ သူမ၏သဘောထားမှာ တရားဝင် အစိုးရဖြစ်သော ဆိုင်ယာလန်အစိုးရနှင့်သာ စကားပြောမည်။ သောင်းကျန်းသူများနှင့် မဆွေးနွေးနိုင်ဟူ၍ ဖြစ်သည်။

(မက္ကဆက်ချာတို့၏ ကွန်ဆာဗေးတစ်ပါတီ အာဏာမဲ့သွားပြီး လေဘာပါတီအာဏာရလာချိန်တွင် ဆိုင်ဘာဆေးနှင့် အကျေအလည် ဆွေးနွေးနိုင်ခဲ့၍ မြောက်ပိုင်းဆိုင်ယာလန် ငြိမ်းချမ်းရေးလမ်းစ ပေါ်နေပြီ ဖြစ်သည်။ မြန်မာပြန်သူ)

http://myanmarebooksfree.blogspot.com

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

# (၁၆)

# အငြိမ်းစားဘဝ ပုံရိပ်အပိုင်းအစများ

## ကျန်းမာရေး ချွတ်ယွင်းလာခြင်း

မစ္စက်သက်ချာသည် တစ်သက်တာ ကျန်းမာရေးကောင်းခဲ့သည်ဟု ဆိုနိုင်သော်လည်း ၂၀၀၂ ခုနှစ်၌ ကျန်းမာရေးကို ပို၍ သတိထားစရာဖြစ်လာသည်။ အသေးစားလေဖြတ်မှုများ မကြာခဏရှိလာ၍ ဆရာဝန်များက သူမအနေဖြင့် လူထုပရိသတ်အား မိန့်ခွန်းပြောကြားခြင်းများ မပြုလုပ်ရန် တားမြစ်ခဲ့လေသည်။

သူမ၏ ပြန်ကြားရေးမှူး ဘားနတ် အင်ဂျမ်က မစ္စက်သက်ချာသည် လေဖြတ်ခံခဲ့ရ၍ ရံဖန်ရံခါ သတိချွတ်ယွင်းနေတတ်သည်ဟု ပြောသည်။

၇ မတ် ၂၀၀၈ နေ့တွင် မစ္စက် သက်ချာ ကျန်းမာရေးမကောင်း၍ လန်ဒန်မြို့ အလယ်ပိုင်းရှိ စိန့်သောမတ်ဆေးရုံကြီးသို့ အတွင်းလူနာအဖြစ် တက်ရောက် ကုသခံခဲ့ရသည်။ ဗြိတိသျှ အထက်လွှတ်တော်အမတ်များ၊ ညစာစားပွဲတစ်ပွဲသို့ တက်ရောက်နေစဉ် မစ္စက်သက်ချာ နေမကောင်းဖြစ်လာ၍ ချက်ချင်းဆေးရုံတင်ရခြင်းဖြစ်သည်။

ထိုမတိုင်မီက မစ္စက်သက်ချာသည် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီတွင် ကျင်းပသော ၉/၁၁ တိုက်ခိုက်ခံမှု ငါးနှစ်မြောက် နှစ်ပတ်လည် နေ့အထိမ်းအမှတ်ပွဲသို့ပင် သွားရောက်ခဲ့သေးသည်။ အမေရိကန်ဒုတိယသမ္မတ

http://myanmarebooksfree.blogspot.com

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



ဖစ်ချေနီနှင့် ဝန်း လင်းချေနီတို့နှင့် ဓာတ်ပုံတွဲရိုက်ခဲ့သည်။

ထို့ပြင် သူမသည် ၁၂ စက်တင် ဘာ ၂၀၀၆ တွင် အမေရိကန် ကာကွယ်ရေးဝန်ကြီးဟောင်း ဒေါ်နယ်ရမ်စဖဲလ်နှင့် ပူးတွဲစစ်ဦးစီးချုပ်များ၏ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ပီတာပေ့စ်တို့နှင့် တွေ့ဆုံခဲ့သည်။ ထိုသူများသည် မျက်သက်ချာကို ပုဂ္ဂိုလ်ရေးအရ လေးစားခဲ့ကြပြီး သူမလိုပင် ပြဿနာရပ်များကို ခါးကြပ်ကြပ်ကိုင်တွယ်လိုသူများဖြစ်သည်ဟု နားလည်ကြခဲ့ကြသည်။

## ခင်ပွန်းကောင်းတစ်ယောက်

လေဒီသက်ချာသည် ၂၆ ဇွန် ၂၀၀၃ တွင် ခင်ပွန်းသည် ဆာ ဒင်းနစ်သက်ချာ ကွယ်လွန်သွား၍ မုဆိုးမဖြစ်ခဲ့သည်။ ၃ ဇူလိုင်တွင် ရှိုင်ယယ်လ်ဆေးရုံ၌ ဈာပနအခမ်းအနားပြုလုပ်ရာ သားသမီးများဖြစ်သော မတ်နှင့် ကယ်ရိုလင်တို့နှင့်အတူ လေဒီသက်ချာတက်ရောက်ပြီး ခင်ပွန်းအား ဂုဏ်ပြုမိန့်ခွန်းပြောကြားသည်။ "ဝန်ကြီးချုပ် ဖြစ်ရတာ အင်မတန် အထီးကျန် နိုင်ပါတယ်။ တကယ်တမ်း စဉ်းစားကြည့်တော့လည်း အလုပ်သဘောတကိုက အထီးကျန်ဖြစ်ရမှာပဲပေါ့။ လူတွေကြားထဲကနေ ဦးဆောင်မှုပေးလို့ မရတာ။ သို့ပေမဲ့ ကျွန်မဘေးမှာ ဒင်းနစ်ရှိနေခဲ့လို့ ကျွန်မဟာ ဘယ်တော့မှ အထီးကျန် ဖြစ်နေတယ်လို့ မခံစား မိခဲ့ဘူး။ သူဟာ ယောက်ျားကောင်းတစ်ယောက်၊ ခင်ပွန်းကောင်းတစ်ယောက်၊ မိတ်ဆွေကောင်း တစ်ယောက်ပါ။"

## ကွယ်လွန်သူများအတွက် ဝမ်းနည်းခြင်း

၁၁ ဇွန် ၂၀၀၄ တွင် မျက်သက်ချာ ဝါရှင်တန်ဒီစီ အမျိုးသားဘုရားရှိခိုးကျောင်းကြီး၌ ကျင်းပသော အမေရိကန် သမ္မတဟောင်း ရေဂင်၏ ဈာပနသို့ ကိုယ်တိုင် တက်ရောက် ခဲ့သည်။ လေဖြတ် ဝေဒနာရသည့် အထိမြင့် သတိလက်လွတ်ဖြစ်နေတတ်ခြင်းကြောင့် သူမ၏ ဂုဏ်ပြုမိန့်ခွန်းကို လ အတော်ကြာကြာကတည်းက ကြိုတင် အသံသွင်းထားခဲ့သည်။ ထို့နောက် ကယ်လီဖိုးနီးယားသို့ ရေဂင်၏ နောက်လိုက်များနှင့်အတူလိုက်သွားကာ ရေဂင် အား အမှတ်တရဂုဏ်ပြုပွဲသို့ တက်ရောက်သည်။

၁၂ နိုဝင်ဘာ ၂၀၀၆ တွင် သူမသည် လန်ဒန်မြို့ စီနိုတပ်ဖ်တွင် ကျင်းပသော အမှတ်တရနေ့သို့ တက်ရောက်လာရာ ဝန်ကြီးချုပ်ဟောင်း

http://myanmarebooksfree.blogspot.com

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



ဂျွန်မေဂျာ၏ လက်မောင်းကို မှီတွယ်၍ လိုက်ပါလာသည်ကို တွေ့ကြရသည်။ ဂျွန်မေဂျာသည် သူမ၏ တစ်သက်တာမှတ်တမ်းတွင် နှိမ့်ချ ရေးသားခြင်း ခံခဲ့ရသူဖြစ်သည်။

တစ်ပတ်အကြာတွင် မစ္စက် သက်ချာသည် သူမ၏ မိတ်ဆွေရင်းချာလည်းဖြစ်၊ စီးပွားရေး ပညာရှင် ဆရာကြီးလည်းဖြစ်သူ မီလ်တန် ဖရိုက်မင်း ကွယ်လွန်ခြင်းအတွက် အလွန်စိတ်ထိခိုက်မိကြောင်း ဖော်ပြသည့် ဝမ်းနည်းသဝဏ်လွှာ ပေးပို့ခဲ့သည်။

## ဗိုလ်ချုပ်ကြီး ပီနိုချေးအတွက်

တစ်ဖန် ၁၀ ဒီဇင်ဘာ ၂၀၀၆ တွင် ချီလီ နိုင်ငံ အာဏာရှင်ဟောင်း ဗိုလ်ချုပ်ကြီး ပီနိုချေး ကွယ်လွန်ခြင်းအတွက် လှိုက်လှဲစွာ ဝမ်းနည်း ရပါသည် ဟူသော သဝဏ်လွှာကို မစ္စက်သက်ချာက ထုတ်ပြန်ကြေညာခဲ့လေသည်။

## သံလေဒီ၏ ကြေးရုပ်တု

၂၁ ဖေဖော်ဝါရီ ၂၀၀၇ တွင် ဗြိတိသျှ လွှတ်တော်အဆောက်အအုံ၌ လေဒီသက်ချာ ကြေးရုပ်တု ဖွင့်ပွဲပြုလုပ်ခဲ့သည်။ မစ္စက်သက်ချာ သည် ဖွင့်ပွဲကျင်းပရာ အောက်လွှတ်တော် အမတ်များ စည်းဝေးခန်းဆောင်၌ ရှားရှားပါးပါး မိန့်ခွန်းတိုတို တစ်ခု ပြောကြားသွားသည်။ “ကျွန်မအနေနဲ့တော့ သံနဲ့ ရုပ်တုလုပ်ချင်တာပေါ့။ ဒါပေမယ့် ကြေးရုပ်တုပဲ ကောင်းပါတယ်လေ။ ကြေးဆိုတော့ သံချေး မတက် ဘူးပေါ့။ ပြီးတော့ သည်တစ်ခါ လည်ပင်းသည်း မပြတ်နိုင်တော့ဘူးလို့ ကျွန်မမျှော်လင့်တယ်” ဟု ပြက်လုံးထုတ်သွားလေသည်။

“ကျွန်မအနေနဲ့တော့ သံနဲ့ရုပ်တု လုပ်ချင်တာပေါ့။ ဒါပေမယ့် ကြေးရုပ်တုပဲ ကောင်းပါတယ်လေ။ ကြေးဆိုတော့ သံချေးမတက်ဘူး ပေါ့။ ပြီးတော့ သည်တစ်ခါ လည်ပင်းသည်း မပြတ်နိုင်တော့ဘူးလို့ ကျွန်မမျှော်လင့် တယ်”

http://myanmarebooksfree.blogspot.com

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



(သည့်အရေးက မဂ္ဂရက်သက်ချာ ရုပ်တု တစ်ခုကို ကျောက်သားဖြင့် ထုလုပ်ခဲ့မှုသည်။ ထိုကျောက်ရုပ်တုသည် ဖေမှာပြည်သူ့အား ပြသထားစဉ် သူမအား ဆန့်ကျင်သူ တစ်ယောက်တစ်ဦး၏ ရိုက်ခတ်တိုက်ခိုက်ခြင်း ခံရပြီး လည်ပင်းပြတ်သွားခဲ့၏။ စာမျက်နှာ ၁၃၆-၅)

## ဝန်ကြီးချုပ်ရွေးခံပွဲနှင့် ဂယောက်

၁၃ ဇက်တင်ဘာ ၂၀၀၇ တွင် လေဒီသက်ချာအား လက်ရှိဝန်ကြီးချုပ် ဂေါ်ဒင်ဘရောင်းနှင့် ဇနီး ဆာရာက အမှတ် ၁၀ ဒေါင်းနင်းလမ်းသို့ ဖိတ်ကြား၍ လက်ဖက်ရည်ပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ဂေါ်ဒင်ဘရောင်းက လေဒီသက်ချာအား ယုံကြည်ချက်ခိုင်မာသော နိုင်ငံရေးသမားဟု ရည်ညွှန်းပြောကြားပြီး သူ (ဘရောင်း) သည်လည်း သူမလိုပင် ယုံကြည်ချက်ခိုင်မာသော နိုင်ငံရေးသမားပါပဲ ဟု ပြောသွားခဲ့ရာ ဝေဖန်မှုများ ခံခဲ့ရသည်။

ဒေလီမေးလ်က ဂေါ်ဒင်ဘရောင်းသည် ကျွန်ုပ်တို့၏ အကြီးကျယ်ဆုံး ဝန်ကြီးချုပ်၏ ခြေရာတွင် မျက်နှာလိုမျက်နှာရ လုပ်နေကြောင်း သို့သော် သူသည် မာဂရက်သက်ချာ မဟုတ်ကြောင်း၊ မာဂရက်သက်ချာသည် ဘယ်တော့မှ ပင်စင် ရုံပုံငွေများကို ဖျက်ဆီးဖျက်ဆီးမပြုခဲ့ကြောင်း၊ အသေးစားလုပ်ငန်းကလေးများ ကိုလည်း ထိုးမကျွေးခဲ့ကြောင်း၊ ကျွန်ုပ်တို့သည် မာဂရက်သက်ချာက တိုင်းပြည်ကို ကယ်တင်နေချိန်တွင် သူမ၏နောက်က ထောက်ခံအားပေးခဲ့ကြကြောင်း စသည် ဖြင့် ဘရောင်းအား တိုက်ခိုက်ပြောကြားခဲ့လေသည်။

မစ္စတာဘရောင်း၏ ပြောရေးဆိုခွင့်ရှိသူက ဝန်ကြီးချုပ်သည် ဝန်ကြီးချုပ် ဟောင်းများကို လက်ဖက်ရည်ပွဲဖိတ်ကြား ဧည့်ခံသည်မှာ ထုံးတမ်းစဉ်လာပင်ဖြစ် ကြောင်း၊ လုပ်ရိုးလုပ်စဉ်မဟုတ်သည်ကို ပြုလုပ်ခြင်း မဟုတ်ကြောင်း ဖြေရှင်းလေ သည်။

၃၀ ဇန်နဝါရီ ၂၀၀၈ တွင် လေဒီ သက်ချာသည် လက်ရှိ တိုရီပါတီခေါင်း ဆောင် ဒေးဗစ်ကင်မရွန်းနှင့် တွေ့ဆုံခဲ့သည်။ လန်ဒန်မြို့ ဂီလ်ဟောလ်၌ သူမ အား တစ်သက်တာစွမ်းဆောင်ဆု ချီးမြှင့်ပွဲ ကျင်းပရာသို့ ကွန်ဆာဗေးတစ်ပါတီ လက်ရှိခေါင်းဆောင် တက်ရောက်လာစဉ် တွေ့ဆုံကြခြင်းဖြစ်သည်။

http://myanmarebooksfree.blogspot.com

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



**ဆက်ဒမ်ဟူစိန်ကို**
**မည်သို့ ထူမံ့သနည်း**

၁၉၉၆ ခုနှစ်တွင် အီရတ်နိုင်ငံသို့ လက်နက်ရောင်းချမှုကိစ္စ စကော့ စုံစမ်းရေးအဖွဲ့ (Scott Inquiry) က ဆက်ဒမ် ဟူစိန်နှင့် မာဂရက်သက်ချာ အစိုးရ၏ ဆက်ဆံရေး မှတ်တမ်းများကို စုံစမ်းစစ်ဆေးသည်။

စုံစမ်းရေးအဖွဲ့သည် ဝှိုက်ဟောလ်ငွေများ (Whitehall money) ပေါ် ပေါင်ငွေ သန်း ၁၀၀၀ ကို အီရန်နှင့် အရောင်းအဝယ်လုပ်သည့် ဗြိတိသျှ စက်ကုန်ထုတ်ငန်းရှင်များထံ အတိုးနည်း ချေးငွေများအဖြစ် ထုတ်ချေးခဲ့ကြောင်း ဖော်ထုတ် တွေ့ရှိခဲ့သည်။

အီရန်-အီရတ်စစ်ပွဲအတွင်း ဂျော်ဒန်နိုင်ငံသို့ ဗြိတိန်မှ တင့်ကား အစိတ်အပိုင်း ပစ္စည်းများ တင်ပို့ ရောင်းချခဲ့သည်။ ထိုပစ္စည်းများသည် ဂျော်ဒန်က တစ်ဆင့် အီရတ်သို့ရောက်သွားသည်။ ထိုတင့်ကား ပစ္စည်းများ ရောင်းချခဲ့သည့် အထောက်အထား စာရွက်စာတမ်းများကို တာဝန်ရှိသူများက ဖျက်ဆီး တော့ပြီးဖြစ်သည်ကို တရားသူကြီးက စစ်ဆေး သိရှိသွားသည်။

အီရတ် လက်နက် ခဲယမ်း စက်ရုံများ တွင် အသုံးပြုသော စက်ယန္တရားနှင့် ကိရိယာများကို ဗြိတိသျှ ပုဂ္ဂလိက ကုမ္ပဏီများက တင်ပို့ရောင်းချ ကြသည်။ မာဂရက်သက်ချာ၏ ဝန်ကြီးများက ထိုပစ္စည်းများ တင်ပို့ရေး အခွင့်ပြုအောင် စည်းမျဉ်း စည်းကမ်းများကို လျှို့ဝှက်စွာ လျှော့ပေါ့ပေးခဲ့ကြ ကြောင်းလည်း တွေ့ရှိသည်။ ဗြိတိသျှကုမ္ပဏီ Racal သည် ဆက်ဒမ်ဟူစိန်၏ စစ်တပ်ကို ခေတ်မီအောင်ပြု

ဂေါ်ဒင်ဘရောင်းက လေဒီသက်ချာအား ယုံကြည်ချက် ခိုင်မာသော နိုင်ငံရေးသမားဟု ရည်ညွှန်း ပြောကြားပြီး သူသည်လည်း သူမလိုပင် ယုံကြည်ချက် ခိုင်မာသော နိုင်ငံရေးသမားပါပဲ ဟု ပြောသွားခဲ့ရာ ဝေဖန်မှုများ ခံခဲ့ရသည်

http://myanmarebooksfree.blogspot.com

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



ကိန်းယာဖြစ်သော ဂျပ္ပာ ဗွီ ဗေ့ဒီယိုများ တင်ပို့ ရောင်းချခဲ့သည်။

ဆက်ခစ်ဟွန်နီနံသည် ဗြိတိသျှ သတင်းစာ ဆရာ ဟာဝေါ်ဘာရော့ကို သတ်ပစ်သည်။ ထိုနောက် ပိုင်းမှသည် မွတ်သက်ချာအစိုးရက ဆက်ခစ် ဟွန်နီအေး အာမခံချက်ပုံငွေများ ဆက်လက်ထုတ်ပေးနေခဲ့သည်။ အတိုက်အခံများနှင့် သတင်းစာများက ဝေဖန်သောအခါ ဗြိတိသျှလုပ်ငန်းများကို မထိခိုက်စေလို၍ မိတ်ဝတ်မပျက် ဆက်လက်ဆက်ဆံနေခြင်းဖြစ်သည် ဟု ပြောသည်။

## လူထုသက်သာစနစ်ဖျက်ပစ်

လေဘာပါတီခေါင်းဆောင် တိုနီဘလဲသည် မဂ်ရက်သက်ချာ၏ ထမ်းစဉ်အရေးတော်ပုံများကို ဆင်တူယိုးမှားတိုက်ခိုက်သကဲ့သို့ ၁၉၅၀ နှစ်များကစ၍ ကွန်ဆာဗေးတစ်ပါတီသည် ယခင် လေဘာအစိုးရများက ကျင့်သုံးခဲ့သော ပြည်တော်သာစနစ်ခေါ် သက်သာချောင်ချိရေးစနစ် welfare state (တစ်နည်းအားဖြင့်) အစိုးရက လူမှုရေးကိစ္စများတွင် ကုန်ကျစရိတ်များ၊ နိုက်ထုတ်ကျခံသည့်စနစ်အား ဆက်ခံကျင့်သုံးခဲ့သည်။ ဝန်ကြီးချုပ် အက်ဒွပ်ဟီးသ် လက်ထက်အထိ ဖြစ်သည်။ သို့သော် မွတ်သက်ချာ ဝန်ကြီးချုပ်ဖြစ်လာသောအခါ ယင်းစနစ်ကို အများကြီး လျှော့ချပစ်သည်။

လေဘာဝန်ကြီးချုပ်ဟောင်း ဘလဲကမူ မွတ်သက်ချာဖျက်ပစ်ခဲ့သော လူထုသက်သာချောင်ချိရေးစနစ်ကို သည်အတိုင်းထားသည်။ ပြန်လည် အသက်သွင်းခြင်း မပြုချေ။ ထို့ပြင် အစိုးရပိုင် စီးပွားရေးလုပ်ငန်းများကို မွတ်သက်ချာက ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲသွင်းခဲ့သည်ကိုလည်း ဘလဲက ပြန်လည်ပြောင်းလဲခြင်း မပြုချေ။

## အလုပ်သမားသမဂ္ဂများကို နှိပ်ကွပ်မှု

အလုပ်သမားသမဂ္ဂများကို မွတ်သက်ချာကိုင်တွယ်နှိမ်ကွပ်ပုံ ခြိမ့်မှုလည်း ယနေ့တိုင် ပြောစမှတ်ဖြစ်ခဲ့သည်။ ၁၉၈၄–၈၅ တွင် ဖြစ်ပွားခဲ့သော သတ္တုတွင်း အလုပ်သမားသပိတ်ကို မွတ်သက်ချာအစိုးရက ဖြိုခွဲခြင်းကြောင့် အလုပ်သမား သမဂ္ဂများ၏ အခန်းကဏ္ဍသည် ပြန်လည် နာလန်မထူသလောက် ဖြစ်ခဲ့သည်။ ၁၉၇၀ နှစ်များအထိ ဗြိတိန်တွင် အလုပ်သမားသမဂ္ဂများ တန်ခိုးထွားနေခဲ့ပြီး နိုင်ငံရေးဩဇာလည်း ကြီးမားခဲ့ရာမှ မွတ်သက်ချာ လက်ထက်တွင် မှေးမှိန်

http://myanmarebooksfree.blogspot.com

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



သွားခဲ့သည်။ အလုပ်သမားသမဂ္ဂများ၏ အဖွဲ့ဝင် အင်အားလည်း များစွာ ကျဆင်း သွားသည်။

တိုနီဘလဲ ဦးဆောင်သော လေဘာပါတီ အစိုးရလက်ထက်တွင် အလုပ်သမားရေးရာများကို ပြန်လည်ပြုပြင်ပေးခဲ့သော်လည်း သမဂ္ဂများသည် ယခင်ဩဇာမျိုးကိုကား ပြန်လည်မရရှိတော့ချေ။

မစ္စက်သက်ချာသည် ဝန်ကြီးချုပ် အဖြစ်မှကော ပါတီခေါင်းဆောင် အဖြစ်ကပါ နုတ်ထွက်ခဲ့သော်လည်း ဆက်လက်၍ ဩဇာကြီး နေသေးသည်မှာ သူမနောက် တက်ရောက်ခဲ့သော အာဏာရချိန်နှင့် အာဏာမဲ့ချိန် တို့ရှိပါတီ ခေါင်းဆောင်များ၏ အားနည်းချက်များကြောင့် ဖြစ်သည်။ မစ္စက်သက်ချာ အနားယူပြီးနောက် ပါတီခေါင်းဆောင်ဖြစ်လာသော ဂျွန်မေဂျာသည် ဝန်ကြီးချုပ် ဖြစ်ခဲ့သေးသည်။ သူ့နောက်လူများ ဖြစ်သော ဝီလျံဟိဂ်၊ အိန်း ဒန်ကန် စမစ်နှင့် မိုက်ကယ်ဟောင်းဝပ်တို့သည် ရွက်ကြမ်းရေကျို အဆင့်သာ ရှိခဲ့ကြသည်။ ထူးချွန် ပြောင်မြောက်သော ခေါင်းဆောင်များဟု မဆိုနိုင်ခဲ့ချေ။

မစ္စက်သက်ချာသည် ဝန်ကြီးချုပ် အဖြစ်မှကော ပါတီခေါင်းဆောင် အဖြစ်ကပါ နုတ်ထွက်ခဲ့သော်လည်း ဆက်လက်၍ ဩဇာကြီး နေသေးသည်မှာ သူမနောက် တက်ရောက်ခဲ့သော အာဏာရချိန်နှင့် အာဏာမဲ့ချိန် တို့ရှိပါတီ ခေါင်းဆောင်များ၏ အားနည်းချက် များကြောင့် ဖြစ်သည်

## ဂေါ်ဘာချော့ဗ်တို့ ပွဲထုတ်ခဲ့သူ

မစ္စက်သက်ချာနှင့် အပြန်အလှန် လေးစား ချစ်ကြည်မှု အရှိဆုံး ပုဂ္ဂိုလ်မှာ အမေရိကန်သမ္မတ ရော်နယ်ရေဂင် ဖြစ်သည်။ ရေဂင်က မစ္စက် သက်ချာသည် မစ်ခေးလ် ဂေါ်ဘာချော့ဗ် အပေါ် မိမိ၏ အမြင် ပြောင်းလဲလာအောင် ဖျောင်းဖျခဲ့သူ ဖြစ်ကြောင်း။ ဂေါ်ဘာချော့ဗ်သည် ဆိုဗီယက် ပြည်ထောင်စုကြီးကို ပြုပြင် ပြောင်းလဲရေး လုပ် လိုပြီ လွတ်လပ်ခွင့်များပေးရန် ဆန္ဒအမှန် ရှိသူ

http://myanmarebooksfree.blogspot.com

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



ဖြစ်ပါသည်ဟု မစ္စက်သက်ချာက မိမိအား ပြောကြောင်း ရေဂင်က ပြောခဲ့သည်။

အရှေ့နှင့်အနောက် တင်းမာမှုလျော့ကာ နှင်းခဲများ ပျော်ကျခဲ့သဖြင့် စစ်အေးပြီးဆုံးသွားခြင်းဖြစ်သည်ဟု မစ္စက်သက်ချာက ယုံကြည်သည်။

မစ္စက်သက်ချာ၏ အခြေခံမူကြီးကို အသိအမှတ်ပြုသည့် အနေဖြင့် မစ္စက်နန်စီရေဂင်က ရော်နယ်ရေဂင် လွတ်လပ်ရေးဆုကို ၁၉၉၈ တွင် လေဒီ သက်ချာအား အပ်နှင်းခဲ့သည်။ ထိုအချိန်တွင် ရေဂင်ကြီးသည် အယ်ဇိုင်းမား ဖြစ်နေကာ ကျန်းမာရေး မကောင်းတော့၍ ဆုပေးပွဲသို့ မတက်ရောက်နိုင်တော့ပေ။

## ကျွန်ုပ်တို့ခေတ်၏ သူရဲကောင်း နံပါတ် ၅

၂၀၀၆ ခုတွင် နယူးစတိတ်မင်းသတင်းစာက "ကျွန်ုပ်တို့ခေတ်၏ သူရဲကောင်းများ" (Heroes of our time) ဟူ၍ စာရင်းပြုစုရာ မစ္စက်သက်ချာသည် ထိုစာရင်းတွင် နံပါတ်စဉ် ၅ ၌ ဖော်ပြခြင်းခံရသည်။ ထို့ပြင် အချုပ်အချယ်မဲ့ လွတ်လပ်ရေးဝါဒီများက ထုတ်ဝေသည့် Reason မဂ္ဂဇင်းကလည်း မစ္စက်သက်ချာအား "လွတ်လပ်ရေးသူရဲကောင်း" (Hero of Freedom) ဟူ၍ သတ်မှတ်ကြေညာခဲ့သည်။

ဇူလိုင် ၂၀၀၂ တွင် ပြဇာတ် ပရိုဂျူဆာ တစ်ယောက် ဖြစ်သော ပေါလ် ကယ်လီဟာ ဆိုသူက မာဘယ်ကျောက်သားဖြင့် ထုလုပ်ထားသော မစ္စက်သက်ချာ ရုပ်တုကြီးကို ခေါင်းဖြတ်ပစ်ခဲ့မှု ဖြစ်ပွားသည်။ သူသည် ခရစ်ကက်ရိုက်သည့် ဘက်တံကို ဘောင်းဘီအိတ်ထဲထည့်ယူလာကာ လန်ဒန်မြို့ အလယ်ပိုင်း ဂီးလ်ဟော အနုပညာလက်ရာပြခန်း၌ ပြသထားသော သက်ချာ ရုပ်တုကို ရိုက်ပုတ်သည်။ ရုပ်တုခေါင်းကို ဖြုတ်ထွက်အောင်လုပ်သော်လည်း မရသဖြင့် နောက်ဆုံး သံချောင်းကြီး တစ်ချောင်းဖြင့် ရိုက်တော့မှ ခေါင်းပြတ် ကျသွားသည်။ ရုပ်တုမှာ ၈ ပေ မြင့်သည်။ ကုန်ကျစရိတ် ပေါင် ၁၅၀၀၀၀ ရှိခဲ့သည်။ ကယ်လီဟာအား ဖမ်းဆီး တရားစွဲဆိုရာ ထောင်ဒဏ် သုံးလ ကျသွားသည်။

ဖေဖော်ဝါရီ ၂၀၀၇ တွင် မစ္စက်သက်ချာ၏ ကြေးရုပ်တစ်ခုကို အောက်လွှတ်တော်အဆောက်အအုံ၌ စိုက်ထူထားရှိသည်။ သက်ရှိထင်ရှား ရှိနေချိန်တွင် လွှတ်တော်၌ ရုပ်တုထားရှိကာ ဂုဏ်ပြုခြင်း ခံရသော ပထမဆုံး ဝန်ကြီးချုပ်ဟောင်း ဖြစ်လာသည်။ သူမ၏ နိုင်ငံရေးဘိုးရိုးဖြစ်သူ ဝင်စတန်

http://myanmarebooksfree.blogspot.com

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



ချာချီလ်နှင့် မျက်နှာချင်းဆိုင် နေရာချခြင်း ခံရသည်။ ပန်းပုဆရာ အန်တိုနီဒူဖို့၏ လက်ရာဖြစ်သည်။ သူမ၏ ပုံမှာ ညာလက်ကို ရှေ့သို့ ဆန့်တန်းကာ အောက်လွှတ်တော်အား မိန့်ခွန်း ပြောနေဟန် ဖြစ်သည်။ ထိုပုံကိုကြည့်ပြီး စိတ်လှုပ်ရှား ပီတိ ဖြစ်မိပါသည်ဟု မစ္စက်သက်ချာက ပြောသည်။

ဖေဖော်ဝါရီ ၂၀၀၇ တွင် မစ္စက်သက်ချာ၏ ကြေးရုပ်တစ်ခုကို အောက်လွှတ်တော် အဆောက်အအုံ၌ စိုက်ထူထားရှိသည်။ သက်ရှိထင်ရှား ရှိနေချိန်တွင် လွှတ်တော်၌ ရုပ်တုထားရှိကာ ဂုဏ်ပြုခြင်း ခံရသော ပထမဆုံး ဝန်ကြီးချုပ်ဟောင်း ဖြစ်လာသည်

မတ် ၂၀၀၇ တွင် မစ္စက်သက်ချာ၏ ဘဝ တစ်စိတ် တစ်ပိုင်းကို ရုပ်ရှင်ရိုက်တော့မည် ဟူသော သတင်း ထွက်ပေါ်လာသည်။ အော်စကာ ဆုရ The Queen ဇာတ်ကားကို ရိုက်ကူးခဲ့သော ရုပ်စုက ရိုက်မည် ဖြစ်ပြီး ဖော့ကလန် စစ်ပွဲ ဖြစ်ပွားချိန်အထိ မစ္စက်သက်ချာ လျှောက်ခဲ့သော ဘဝခရီးကို သရုပ်ဖော်မည်ဖြစ်သည်။ ထိုသတင်းကို Variety မဂ္ဂဇင်း က ဖော်ပြခြင်းဖြစ်သည်။ ထိုဇာတ် နောက်ပိုင်း မည်သည့် နောက်ဆက်တွဲသတင်းမှ ထွက်မလာသေးချေ။

ဩဂုတ် ၂၀၀၇ တွင် "ဖင်ချလေသို့ လျှောက်လှမ်း ခဲ့သော ခရီးရှည်" ဟူသော ခေါင်းစဉ် ဖြင့် မစ္စက်သက်ချာ၏အသက် ၂၀ ကျော်အရွယ် မှ အသက် ၃၅-၃၆ နှစ်အရွယ်အထိ ဖြစ်စဉ်များကို ဘီဘီစီက ရုပ်ရှင်ရိုက်မည်ဟု ကြေညာသည်။ ၂၀၀၇ နွေရာသီတွင် ထိုရုပ်ရှင်ရိုက်ကူးပြီးစီး၍ ၂၀၀၈ ခု နွေဦးရာသီတွင် ဘီဘီစီ ၄ က ထုတ်လွှင့်ခဲ့သည်။

## ဘယ်လိုအဆုံးသတ်မလဲ

အော်တိုဘာ ၂၀၀၇ တွင် မစ္စက် သက်ချာ သေဆုံးပြီးပြီးချင်း အခြေအနေကို ဇာတ်ဆိုင်တည်ကာ Maggie's End ဟူသော ပြဇာတ် ကပြသည်။ သက်ချာသေပြီဆိုကာ

http://myanmarebooksfree.blogspot.com

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984



လမ်းပေါ်တွင် ပျော်ပွဲသဘင် ဆင်ယင် ကျင်းပရာမှာရှိသလို နယူးယောက်သားများက နိုင်ငံတော်ရှုပ်ပန်းအကြား ကျင်းပရန် မြင်ကွင်းပုံတို့ကို တင်ဆက်ထားသည်။

ဝင်စ် မစ္စက်သက်ချာ မကွယ်လွန်သေးပါ။ ကွယ်လွန်လျှင်လည်း စိတ်ကူးယဉ်ပြဇာတ်ထဲကလို လမ်းပေါ်တွင် ပျော်ပွဲဆင်တောက်အောင်တော့ မပြုနိုင်ပါ။

“ခေါင်းဆောင်များသည် မှားကောင်းမှားနိုင်သည်။ သို့သော် စေတနာ အမှားကို ပြည်သူတို့က ခွင့်လွှတ်ကြပါသည်”ဟု ကွန်ဆာဗေးတစ်ခေါင်းဆောင် မစ္စက်သက်ချာအား ကြည်ညိုလေးစားသော လေဘာခေါင်းဆောင် တိုနီဘလဲက ပြောကြားခဲ့ဖူးပါသတည်း။

မောင်ဝံသ ■

ဗြိတိန်နိုင်ငံ ဝန်ကြီးချုပ်ဟောင်း မာဂရက်သက်ချာသည် အသက် ၈၃ နှစ်အရွယ် ၂၀၀၉ခု ဇွန်လတွင် ချော်လဲပြီး လက်ကျိုးသွားသဖြင့် ဆေးရုံတွင် ရက်သတ္တပတ်တော်မျှ ဆေးကုသမှုခံခဲ့ရသည်၊ မစ္စက်သက်ချာ၏ ကျန်းမာရေးအခြေအနေကြောင့် လူအများနှင့် စကားပြောခြင်းမပြုလုပ်ဘဲ အနားယူရန် ဆရာဝန်က အကြံပေးထားရာ ၂၀၀၂ ခုမှစ၍ လူထုရှေ့မှောက် မိန့်ခွန်းပြောခြင်းများကို ရပ်နားထားခဲ့သည်။ ကွန်ဆာဗေးတစ်ပါတီကိုမူ ဆွေးနွေးပွဲများတွင်မူ ပါဝင်ခဲ့သည်။ ၁၉၇၉ခုနှစ် ဗြိတိန်နိုင်ငံ အထွေထွေ ရွေးကောက်ပွဲတွင် မစ္စက်သက်ချာဦးဆောင်သော ကွန်ဆာဗေးတစ်ပါတီ အနိုင်ရခဲ့သည့် နှစ် ၃၀ ပြည့် အထိမ်းအမှတ် အခမ်းအနားကို ၂၀၀၉ ဇွန်လတွင် ကာလ်တန်တာလ်၌ ကျင်းပခဲ့သည်။

http://myanmarebooksfree.blogspot.com

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984

## မောင်ဝံသ ရေးသားထုတ်ဝေပြီးစာအုပ်များ


၁။ ကမ်းဆင်းရှား (အတ္ထုပ္ပတ္တိ) ၁၉၇၃၊ ၁၉၇၃၊ ၁၉၇၄
၂။ နိုင်ရှေပါယန် (အတ္ထုပ္ပတ္တိ) ၁၉၇၃၊ ၁၉၇၆၊ ၂၀၀၂
၃။ နမ်ဆင် (အတ္ထုပ္ပတ္တိ) ၁၉၇၄
၄။ အာယန်းဒေး (သို့) နီလိုပြည်မှကြယ် (အတ္ထုပ္ပတ္တိ) ၁၉၇၅
၅။ အိုကျစ်သမ္မတဆဲဇက် (အတ္ထုပ္ပတ္တိ) ၁၉၇၅၊ ၁၉၇၇
၆။ သမ္မတကောင်ဒါ၏ ဘဝခရီး (အတ္ထုပ္ပတ္တိ) ၁၉၇၆၊ ၂၀၀၄
၇။ မာရှယ်တီတိုး (အတ္ထုပ္ပတ္တိ) ၁၉၇၇၊ ၁၉၈၀၊ ၂၀၀၇
၈။ မြန်မာချစ်သော မောင်ဘက်တန် (အတ္ထုပ္ပတ္တိ) ၁၉၇၈၊ ၂၀၀၃၊ ၂၀၀၇
၉။ ခရုရှက် (အတ္ထုပ္ပတ္တိ) ၁၉၇၉
၁၀။ ကမ်းဆင်းရှား၏ တိမ်မြုပ်တော်နှစ်များ ၁၉၈၀၊ ၂၀၀၃
၁၁။ မိုးမြင့်မြေမြင့် (ဘာသာပြန်) ၁၉၈၀၊ ၂၀၀၂
၁၂။ ခေတ်ပြိုင်ကမ္ဘာ့ရေးရာအဘိဓာန် ၁၉၈၂
၁၃။ ကမ်းဆင်းရှား၏ ကလေးဘောင်းကနင်းနှစ်များ ၁၉၈၃၊ ၂၀၀၃
၁၄။ ဗတီစဲလ်နှင့် မြန်မာပြည်ဝင်မျက်နှာ ၁၉၈၄၊ ၂၀၀၃
၁၅။ ရှေ့နေကြီးပယ်ရီမေဆင်နှင့် ခွေးအူသံအမှု ၁၉၇၉၊ ၂၀၀၃
၁၆။ ရှေ့နေကြီးပယ်ရီမေဆင်နှင့် ခုနစ်လွှာမြို့အမှု ၁၉၈၀၊ ၂၀၀၄
၁၇။ ရှေ့နေကြီးပယ်ရီမေဆင်နှင့် တောလေလမအမှု ၁၉၈၀၊ ၂၀၀၅
၁၈။ ရှေ့နေကြီးပယ်ရီမေဆင်နှင့် လျှို့ဝှက်သောစာရေးဆရာမအမှု ၁၉၈၀၊ ၂၀၀၄
၁၉။ ရှေ့နေကြီးပယ်ရီမေဆင်နှင့် မသနုတ်ကိုင်သောကလေးအမှု ၁၉၈၀
၂၀။ ရှေ့နေကြီးပယ်ရီမေဆင်နှင့် ကျွန်ုပ်ပါသတ်သည်းအမှု ၁၉၈၁၊ ၂၀၀၃
၂၁။ ရှေ့နေကြီးပယ်ရီမေဆင်နှင့် ဘဲရုပ်ထိုးကောင်လေးအမှု ၁၉၈၁
၂၂။ ရှေ့နေကြီးပယ်ရီမေဆင်နှင့် မြေရာပျောက်သက်သေအမှု ၁၉၈၁၊ ၂၀၀၄
၂၃။ ရှေ့နေကြီးပယ်ရီမေဆင်နှင့် ကရေချသည်မအမှု ၁၉၈၂
၂၄။ ရှေ့နေကြီးပယ်ရီမေဆင်နှင့် ဆေးလိပ်သည်မလေးအမှု ၁၉၈၂
၂၅။ ရှေ့နေကြီးပယ်ရီမေဆင်နှင့် အစေခိုးမျက်နှာအမှု ၁၉၈၃၊ ၂၀၀၄
၂၆။ ရှေ့နေကြီးပယ်ရီမေဆင်နှင့် လက်နှိပ်စက်စာရေးမအမှု ၁၉၈၃
၂၇။ ရှေ့နေကြီးပယ်ရီမေဆင်နှင့် နှမ်းခြမ်းကွဲသီချင်းကြီးအမှု ၁၉၈၃၊ ၂၀၀၅
၂၈။ ရှေ့နေကြီးပယ်ရီမေဆင်နှင့် အမွေခံသမီးအမှု ၁၉၈၄၊ ၂၀၀၆
၂၉။ ရှေ့နေကြီးပယ်ရီမေဆင်နှင့် အိုင်ဘိုး လူသတ်မှု ၁၉၉၂၊ ၂၀၀၄
၃၀။ ရှေ့နေကြီးပယ်ရီမေဆင်နှင့် လင်ကွာမလေးအမှု ၁၉၉၃၊ ၂၀၀၆
၃၁။ အမှောင်ထုကာသီဝိဓဏ်သဘာသနာရေးမျှော်မှန်းချက်များ ၁၉၉၃
၃၂။ ကြယ်များဆီသို့ (အာကာသသမိုင်းပုံပြင်ဆောင်းပါးများ) ၂၀၀၂
၃၃။ ဒုတိယအဆွေ (အတွေးအမြင်ဆောင်းပါးများ) ၂၀၀၃


http://myanmarebooksfree.blogspot.com

https://www.facebook.com/pages/မြန်မာ-စာအုပ်များ/532587203419984


၃၄။ ကမ္ဘာ့ ထိပ်တန်းနိုင်ငံများ၏ နိုင်ငံရေး စီးပွားရေး မြင်ကွင်းကျယ် ၂၀၀၃
၃၅။ ဂလိုဘယ်လိုက်ဇေးရှင်း သဲထဲရှုပ်ရှပ် ၂၀၀၃
၃၆။ နိုင်ငံတကာအတွေး နိုင်ငံတကာအမြင် ၂၀၀၃
၃၇။ သတင်းစာပညာ သဘောတရားနှင့် လက်တွေ့ ၂၀၀၅
၃၈။ မှတ်စုမှတ်သုတ ၂၀၀၅
၃၉။ မှတ်စုမှတ်သုတ-၂ ၂၀၀၆
၄၀။ ဗုဒ္ဓဘာသာ ဆိုရှယ်လစ်ဒေါက်တီ ဆီမီနာမောင်နှင့် မှတ်စုမှတ်တမ်းရေးရာ ၂၀၀၅
၄၁။ နိုင်ငံကြီးသွား စီးပွားရေးလုပ်မည်ဆိုလျှင် ၂၀၀၆
၄၂။ အတွေ့အကြုံအသိစာနယ် ၂၀၀၇
၄၃။ သူတို့ဆီက တန်ဖိုးများ ၂၀၀၇
၄၄။ ဂလိုဘယ်လိုက်ဇေးရှင်း ဒုတိယလှိုင်း ၂၀၀၇
၄၅။ မည်သို့သောလူမျိုးဖြစ်ရမည်နည်း ၂၀၀၇
၄၆။ ဝေါ်ရှင်တ မိုးနီးသို့ ၂၀၀၇
၄၇။ အမေရိကန်နှင့် ယင်း၏ကမ္ဘာ့ ယုံကြည်မှုပြန်လည်တည်ဆောက်ခြင်း ၂၀၀၈
၄၈။ သတင်းရှိတာ ၂၀၀၈
၄၉။ ကမ္ဘာ့စီးပွားရေးစတော်ငွေပေါ်က ပုံရိပ်များ ၂၀၀၀
၅၀။ မိတ်ဆွေတို့ပွားစေ ၂၀၀၉
၅၁။ မှတ်စုမှတ်သုတ-၃ ၂၀၀၉
၅၂။ အရင်းရှင်စနစ်၏အနာဂတ်နှင့် ကမ္ဘာ့ရေးရာ ၂၀၀၉
၅၃။ ပါဝါပေးမှုနှင့် ကျားလေးလကောင် ၂၀၀၉
၅၄။ နိုင်ငံကြီးသားများရဲ့ ခေတ်ထိတက် ၂၀၀၉

၅၅။ မာဂရက် သက်ချာ (နိုင်ငံရေးအတ္ထုပ္ပတ္တိ) ၂၀၀၀


http://myanmarebooksfree.blogspot.com